ပန်းဝေဝေ စာပေ

ကလေးတို့အတွက်

ရုပ်ပြ

# ငါးရာ့ငါးဆယ်နိပါတ်တော်

## စကားပြေဇာတ်ဝတ္ထုများ

အတွဲ-၁၂

နန္ဒာမိုးကြယ် ပြုစုသည်



ပန်းဝေဝေစာပေ

အမှတ်-၄၄၊ ဦးရွှေဗွန်းလမ်း၊ ရေကျော်
ပုဇွန်တောင်မြို့နယ်။
ဖုန်း-၀၉ ၄၃၀ ၉၇၉၆၁

ပြည်လုံးကျွတ်ဖြန့်ချိရေး

**မြတ်ပန်းရဂုံစာပေ**

အမှတ် ၁၉၄၊ ၂၉ လမ်း(အထက်)
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း၊ ၀၉၅၁၃၉၄၅၀၊ ၀၉၅၁၅၅၇၄၃

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီး သူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သောပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန် ခိုင်မာအောင် တည်ဆောက်ရေး
- ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြား စီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် ၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက် ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကလေးတို့အတွက်

ပုံပြ

# ငါးရာ့ငါးဆယ်နိပါတ်တော်

# စကားပြေ ဇာတ်ဝတ္ထုများ

## နန္ဒာမိုးကြယ်

ပြုစုသည်

(အတွဲ-၁၂)

## ပုံနှိပ်မှတ်တမ်း

**စာမူခွင့်ပြုချက်အမှတ်** - ၆၀၀၉၂၄၁၀၁၁

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်** - ၆၀၀၉၃၆၁၂၀၁

**အုပ်ရေ** - ၅၀၀

**တန်ဖိုး** - ၃၀၀ ကျပ်

**ပထမအကြိမ်** - ၂၀၁၂ခုနှစ်၊ ဇန်နဝါရီလ

**အဖုံးဒီဇိုင်း** - သန့်ဇော်သစ်

**အတွင်းဖလင်** - A-7 Group (Asia Plaza)

**ထုတ်ဝေသူ** - ဒေါ်ခင်မာချို (ပန်းဝေဝေစာပေ)
၃၆၁၊ ဗိုလ်အောင်ကျော်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်** - ဦးအောင်မြင့်သိန်း (မြ-၀၆၀၃၆၄)
အင်ကြင်းမြိုင်ပုံနှိပ်တိုက်
အမှတ်-၁၄၇၊ ဆိပ်ကမ်းသာလမ်း၊
ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။

**စာအုပ်ချုပ်** - ပန်းဝေဝေ

**ဖြန့်ချိရေး** - မြတ်ပန်းရဂုံ
အမှတ် ၁၉၄၊ ၂၉လမ်း(အထက်)
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၉၅၁၃၉၄၅၀၊ ၀၉၅၁၅၅၇၄၃

၂၉၄.၃

နန္ဒာမိုးကြယ်

ငါးရာငါးဆယ်နိပါတ်တော်ကားပြ ဇာတ်ဝတ္ထုတော်များ (အတွဲ-၁၂)/
နန္ဒာမိုးကြယ် ။ =ရန်ကုန်။ ပန်းဝေဝေစာပေ၊ ၂၀၁၁။
၂၁၆=စာ ၊ ၁၀.၅ × ၁၆.၅ စင်တီ။
(၁) ငါးရာငါးဆယ်နိပါတ်တော်ကားပြ ဇာတ်ဝတ္ထုတော်များ(အတွဲ-၁၂)

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|

## ပုစိမန္ဒဝဂ်

၃၁၄။ **လောဟကုမ္ဘီဇာတ်** ၁

(ကာမေသုမိစ္ဆာစာရကံကြောင့် လောဟကုမ္ဘီငရဲတွင် ဒု-သ-န-သော မျှသာ ဆိုနိုင်သည့် သူဌေးသား လေးဦးအကြောင်း

၃၁၅။ **သဗ္ဗမံသလာဘီဇာတ်** ၁၄

(မုဆိုး၊ အစ်ကို၊ အဘဟုခေါ်၍ အမဲသား တောင်း ကြရာ စကားအလိုက် ထိုက်သင့်သလောက်သာ ရကြပြီး အဆွေပါ တောင်းသူများအနက်မှ 'အဆွေ'ဟု ခေါ်သူသာ အမဲသားအားလုံးရသည့် အကြောင်း

၃၁၆။ **သသဇာတ်** ၂၀

(အလှူခံ ပုဏ္ဏားအား ဖျံ၊ မြေခွေး၊ မျောက်တို့ ဒါန ကိုယ်စီ ပေးလှူကြသဖြင့် ယုန်ပညာရှိ၌ လှူစရာမရှိ ဖြစ်လေသောအခါ မီးပုံတွင်း ခုန်ဆင်းလျက် ပေးလှူသော အကြောင်း)

၃၁၇။ **မတာရောဒနဇာတ်** ၃၀
(အစ်ကို သေဆုံးရာ ဆွေမျိုးအားလုံး ငိုကြွေးကြကုန်လျက် ညီတစ်ဦးတည်းသာ လောကဓံကို သိ၍ မငိုဘဲ နေသည့် အကြောင်း)

၃၁၈။ **ကဏဝေရဇာတ်** ၃၆
(ခိုးသူကြီးကို ချစ်ကြိုက်မိသဖြင့် ကုလားဖလပ်ချုံတွင် ခိုးသူကြီး၏ အနှိပ်စက်ကိုခံရသော ပြည့်တန်ဆာမ အကြောင်း)

၃၁၉။ **တတ္တိရဇာတ်** ၄၇
(မိမိ၏ အသံအတွက်ကြောင့် ဆွေမျိုးဖြစ်သော ခါငှက်များ မုဆိုးလက်၌ သေကြေပျက်စီးရသဖြင့် မိမိ၌ ဒုစရိုက်မှု ဖြစ်–မဖြစ် ရသေ့အား လျှောက်ထားသော ခါတိန်ညင်အကြောင်း)

၃၂၀။ **သုစ္စဇဇာတ်** ၅၃
(တကယ်ပေးရသည် မဟုတ်ဘဲ၊ ဟန်ဆောင်နှုတ်ဖြင့် ပေးရခြင်းကိုပင် ပေးနိုင်ခဲသော သူကြွယ်အကြောင်း)

## ကုဋိဒူသကဝဂ်

၃၂၁။ **ကုဋိဒူသကဇာတ်** ၆၄
(အရှင်မဟာကဿပ၏ ကျောင်းငယ်ကို မီးရှို့ဖျက်ဆီးသော ရဟန်း၏ အတိတ်ကာလ မျောက်ဖြစ်စဉ်က ငှက်သိုက်ကို ဖျက်ဆီးခဲ့သည့် အကြောင်း)

၃၂၂။ **ဒုဒ္ဒုဘဇာတ်** ၇၁
(ထန်းရွက်ပေါ်သို့ ဥသျှစ်သီး ကြွေကျရာ မြေပြိုပြီဟု ထင်၍ ပြေးသော ယုန်ငယ်၏ နောက်လိုက်ပြေးကြသည့် အဆင်အခြင်မဲ့ တိရစ္ဆာန်များ အကြောင်း)

၃၂၃။ **ဗြဟ္မဒတ္တဇာတ်** ၇၈
(ငှင်းအပေါ် လွန်စွာကြည်ညိုသည့် ဗြဟ္မဒတ်မင်းကြီးအား ထီးဖိနပ်တို့ အလိုရှိပါလျက် ၁၂-နှစ်ကျော်ကြာမြင့်မှသာ တောင်းဖြစ်သော ရသေ့အကြောင်း)

၃၂၄။ **စမ္မသာဋကဇာတ်** ၈၆
(ဝှေ့ခတ်ရန်အတွက် နောက်ဆုတ်သော သိုးအား အရိုအသေပြုသည် ထင်မှတ်၍ သိုးကို ချီးကျူးနေစဉ် သိုး၏ ဝှေ့ခတ်မှုကြောင့် အသက်ဆုံးရသည့် စမ္မသာဋက ပရိဗိုဇ်အကြောင်း)

၃၂၅။ **ဂေါဓရာဇဇာတ်** ၉၁
(မိမိအား နေ့စဉ်ရှိခိုးပူဇော်လေ့ရှိသော ဖွတ်မင်း၏ အသားကို စားလိုသဖြင့် ရိုက်နှက်ရန် အကွက်ချောင်းနေခဲ့သည့် ရသေ့ပျက်အကြောင်း)

၃၂၆။ **ကက္ကာရုဇာတ်** ၉၇
(ကိုယ်ကျင့်သီလမရှိဘဲ၊ စိတ်ထားမမြင့်မြတ်ဘဲ နတ်သား ၄ ပါးထံမှ ကက္ကာရုနတ်ပန်းကို မှသားဆိုလျက် တောင်းယူပန်ဆင်သဖြင့် ဆင်းရဲဒုက္ခကြီးစွာ ခံစားရသော ပုရောဟိတ် ပုဏ္ဏားအကြောင်း)

၃၂၇။ **ကာကဝတီဇာတ်** ၁၀၆

(ဗြဟ္မဒတ်မင်းထံမှ ဂဠုန်မင်းထံ ရောက်သွားသော ကာကဝတီ မိဖုရားသည် စောင်းသမားနှင့် ဖောက်ပြန်သည့်အကြောင်း)

၃၂၈။ **အနနုသောစိယဇာတ်** ၁၁၁

(မောင်နှံနှစ်ပါး အတူတကွ ရသေ့ရဟန်းပြုလျက် တောထွက်ကြရာမှ ရသေ့မ သေလွန်သော်လည်း အနည်းမျှ ဝမ်းနည်းပူဆွေးခြင်းမျှပင် မရှိသည့် ရသေ့အကြောင်း)

၃၂၉။ **ကာဠဗာဟုဇာတ်** ၁၂၁

(နှစ်လိုဖွယ် ပြုမူသဖြင့် နန်းတော်၌ ကောင်းစွာ နေရသော ကျေးသားညီနောင်နှင့် နှစ်လိုဖွယ် မပြုသဖြင့် မကြာခင် မှာပင် နှင်ထုတ်ခံရသော ကာဠဗာဟု မျောက်ညိုအကြောင်း)

၃၃၀။ **သီလဝီမံသဇာတ်** ၁၂၇

(သီလကို စုံစမ်းလို၍ ရွှေပန်းထိမ်သည်အိမ်မှ ဆက်၍ ဆက်ကာ အသပြာတို့ကို ခိုးယူသည့် ပုရောဟိတ် ပုဏ္ဏားအကြောင်း)

## ကောကိလဝဂ်

၃၃၁။ **ကောကိလဇာတ်** ၁၃၃

(အချိန်အခါမသင့်မိ အသံပြုမိသဖြင့် ကျီးသိုက်တွင်းမှ ထိုးဆိတ်သတ်ဖြတ်ခံရသော ဥဩငှက်ငယ်ကို သာဓကေ

ပြ၍ စကားများသော မင်းကြီးအား ဆိုဆုံးမသည့်
အကြောင်း)

၃၃၂။ **ရထလဋ္ဌိဇာတ်** ၁၃၈

(ပုရောဟိတ်သည် လှည်းသမားကို နှင်တံဖြင့်
ရိုက်နှက်ရာ ရထားကို ခတ်မိပြီး မိမိနဖူးကို ပြန်လည်
ခတ်မိပါလျက် မင်းထံ လှည်းသမားအား တရား
စွဲဆိုရာ မဆင်မခြင် တစ်ဖက်သတ် အပြစ်ပေးသော
မင်း အကြောင်း)

၃၃၃။ **ပက္ကဂေါဓဇာတ်** ၁၄၄

(မုဆိုးပေးသော ဖွတ်ကင်ကို မင်းသမီး ရေသွားခပ်
နေခိုက် အမြီးသာချန်၍ အကုန်အစင် စားသောက်ပြီး
ထွက်ပြေးသွားသော ဖွတ်ကင်အား လိုက်ဖမ်းရာ
အမြီးသာ ရလိုက်သည်ဟု ပြောသော
မင်းကြီးအကြောင်း)

၃၃၄။ **ရာဇောဝါဒဇာတ်** ၁၅၃

(မင်းစိုးရာဇာတို့ တရားနှင့်အညီ အုပ်ချုပ်သည့်အခါ
သစ်သီး၊ သစ်ဥတို့ ဩဇာအာဟာရ ပြည့်ဝပြီး၊ တရားနှင့်
မညီ အုပ်ချုပ်သည့်အခါ ဩဇာမပြည့်ဝပုံကို ပညောင်သီး
မှည့်ဖြင့် လက်တွေ့သာဓက ပြသော ရသေ့အကြောင်း)

၃၃၅။ **ဇမ္ဗုကဇာတ်** ၁၆၀

(ခြင်္သေ့၏ စားကြွင်းကိုစား၍ ခြင်္သေ့မာန်တက်ကာ
ခြင်္သေ့တု-တုမိသဖြင့် ဆင်၏ခြေအောက်၌ အသက်
ပျောက်ရသော ဇမ္ဗုကမြေခွေးမိုက် အကြောင်း)

၃၃၆။ **ဗြဟာဆတ္တဇာတ်** ၁၆၆
(ဗာရာဏသီမင်း၏ ဥယျာဉ်တော်သို့ ရသေ့
အသွင်ဖြင့် လာ၍ ဖခင်ကောသလမင်း၏ ဥစ္စာတို့ကို
တူးဖော် ယူငင်ပြီး ထွက်ပြေးသော ဆတ္တမင်းသား
အကြောင်း)
၃၃၇။ **ပီဌဇာတ်** ၁၇၃
(မိမျိုးဖမျိုးတို့၏ အလေ့အကျင့်ဖြင့် ရသေ့ရဟန်း
တို့အား လှူဒါန်းပူဇော်သော သူဌေးအကြောင်း)
၃၃၈။ **ထုသဇာတ်** ၁၇၉
(ဒိသာပါမောက္ခကြီး သင်ပေးလိုက်သည့် ဂါထာလေး
ဂါထာကြောင့် သားတော် အသက်အန္တရာယ်ပြုမည့်
ဘေးမှ ကင်းလွတ်ခဲ့ရသော ဗာရာဏသီ မင်းအကြောင်း)
၃၃၉။ **ဗာဝေရုဇာတ်** ၁၉၀
(ငှက်မရှိသော ဗာဝေရုတိုင်းပြည်၌ ဦးစွာရောက်သော
ကျေးငှက်သည် ဥဒေါင်းငှက် ရောက်မလာမီ
လာဘ်လာဘ ပေါများ၍ ဥဒေါင်းငှက်
ရောက်လာသည့်အခါ လာဘ်လာဘ ဆုတ်ယုတ်သည့်
အကြောင်း)
၃၄၀။ **ဝိသယှဇာတ်** ၁၉၆
(အလှူပေးလွန်း၍ ဆင်းရဲသဖြင့် သိကြားမင်း
လာရောက် တားမြစ်ခြင်းကိုခံရသော ဝိသယှသူဌေးကြီး
အကြောင်း)

၄၈၁။ **တက္ကာရိယဇာတ်** ၂၀၅
(ကုဏာလဇာတ်နှင့် ထပ်တူနီးပါးမျှ တူညီ၏)
**(အတွဲ – ၁၂ ပြီး၏)**

❑ ❑ ❑

# ၃၁၄။ လောဟကုမ္ဘီဇာတ်



## ပုစိမန္ဒဝဂ်

## [၃၁၄]

# လောဟကုမ္ဘီဇာတ်

လူ၊ နတ်၊ ဗြဟ္မာတို့ ဦးထိပ်ထက်ပန်၊ ကြည်ညိုသဒ္ဓါလျှံရလေသော ဂေါတမဘုရားရှင်သည် သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် ကောသလမင်းကြီးသည် ညဉ့်အခါ၌ စက်တော်ခေါ်၍ မပျော်နိုင်ဘဲ ငရဲသားလေးဦးတို့၏အသံကို ကြားနေရသည်ဟူ၏။

ပထမငရဲသားကား 'ဒု' အက္ခရာ၊ ဒုတိယ ငရဲသားကား 'သ' အက္ခရာ၊ တတိယငရဲသားကား 'န' အက္ခရာ၊ စတုတ္ထငရဲသားကား 'သော' ဟူသော အက္ခရာတို့ကို ရွတ်ဆိုပြီး ငရဲအိုးထဲသို့ ပြန်လည်နစ်မြုပ်သွားကြလေ၏။ ထိုငရဲသား လေးယောက်တို့ကား ရှေးအခါက သာဝတ္ထိပြည်၌ သူဌေးသားများ

ဖြစ်ကြကုန်၏။ ၎င်းတို့လေးဦးသားသည် သူဌေးဟူသော ဂုဏ်ပုဒ်ဖြင့် ကာမပိုင် မိန်းမများကို ပြစ်မှားကျူးလွန်ကြသည့်အတွက် ကာမေသုမိစ္ဆာစာရ မကောင်းမှုကံကြောင့် သေလွန်သည်ရှိသော် လောဟကုမ္ဘီ ငရဲအိုး၌ အနှစ်ခြောက်သောင်း ကာလပတ်လုံး ကျရောက်ကြရလေ၏။ အထက်သို့ တက်၍ ငရဲအိုး မျက်နှာဝကို မြင်လျှင် ကျယ်လောင်စွာသော အသံဖြင့် ကိုယ်စီ တစ်လုံးစီ 'ဒု'၊ 'သ'၊ 'န'၊ 'သော' စသည်ကို ရွတ်ဆိုကာ ပြန်လည်မြုပ်ဆင်းသွားကြကုန်၏။

မင်းကြီးလည်း ထိုငရဲသားတို့၏ ကျယ်လောင်လှစွာသော အသံကို ကြားရလေသော် သေဘေးမှ ကြောက်လန့်သဖြင့် စက်တော်မခေါ်ဝံ့တော့ဘဲ သလွန်၌ ထိုင်လျက်သာ မိုးစင်စင်လင်းရလေတော့၏။ နံနက်မိုးသောက် ရောက်သည်ရှိသော် ပုဏ္ဏားတို့သည် မင်းကြီးထံ အခစားဝင်၍–

"အရှင်မင်းကြီး ...ချမ်းသာစွာ အိပ်စက်ရပါ၏လော..."

ဟူ၍ မေးလျှောက်ကြကုန်၏။ ထိုအခါ မင်းကြီးက–

"ပုဏ္ဏားတို့...ငါ့အဖို့ အဘယ်မှာလျှင် ချမ်းသာစွာ အိပ်စက်ရပါမည်နည်း။ လွန်ခဲ့သောညဉ့်၌ ငါသည် ကြောက်မက်ဖွယ်ရာ အသံကြီးလေးခွန်းကို ကြားခဲ့ရပါ၏"

ဟုဆိုကာ အကြောင်းစုံကို ပြောကြားလေလျှင် ပုဏ္ဏားတို့သည် လက်ဖျားခါကြကုန်၏။ ထိုအခါ မင်းကြီးလည်း ပုဏ္ဏားတို့အား–

"ပုဏ္ဏားတို့…ငါကြားခဲ့ရသော အသံတို့ကား ကုစား၍ ရကောင်းပါသလော။ ကုစား၍ မရကောင်းပါသလော" ဟု မေးလေ၏။

"အရှင်မင်းကြီး…အရှင်မင်းကြီး ကြားခဲ့ရသော အသံတို့ကား ကုစား၍ မရကောင်း။ သို့ရာတွင် အကျွန်ုပ်တို့ကား ဗေဒင်ကျမ်းတို့ကို ကောင်းစွာတတ်မြောက်ထားကြပါချေ၏။ ထိုပညာရပ်တို့ကို အသုံးချရပေမည်"

"ပုဏ္ဏားတို့…သို့ဆိုပါလျှင် မည်သို့မည်ပုံ ကုစားရပါမည်နည်း"

"အရှင်မင်းကြီး…ကုစားပုံ ကုစားနည်း အမျိုးမျိုးရှိပါ၏။ ထိုနည်းလမ်းများအနက် 'သဗ္ဗစတုက္က' ယဇ်ပူဇော်ရသော နည်းဖြင့် ကုစားပါမည်။ ထိုသို့ကုစားရန် ဆင်လေးကောင်၊ မြင်းလေးကောင်၊ နွားလေးကောင်၊ လူလေးယောက်၊ နံ့စုတ်ငှက်လေးကောင် စသဖြင့် လေးကောင်စီ၊ လေးကောင်စီဖြစ်သော သတ္တဝါတို့ထံမှ အသားအသွေးတို့ကို ယဇ်ပူဇော်လျက် အရှင်မင်းကြီးအား အေးချမ်းမှုရှိအောင် ပြုပါမည်"

"ကောင်းပေပြီ…ပုဏ္ဏားတို့။ သင်တို့ ယဇ်ပူဇော်နိုင်ရန် အလိုရှိသည်တို့ကို ရစေရပါမည်။ ယဇ်ပူဇော် ပြီးမြောက်သွားပါက သင်တို့အနေနှင့် လိုရာဆုကို တောင်းခံလော့"

သို့ဖြင့် ပုဏ္ဏားတို့လည်း မင်းကြီးထံမှ ခွင့်ပြုချက် ရသည်ရှိသော် မြို့တော်၏ ထောင့်လေးထောင့်၌ ယဇ်ပူဇော်ရန် တွင်း

ထူးခြင်း၊ ယဇ်တိုင်စိုက်ခြင်း၊ လေးကောင် လေးကောင်သော သတ္တဝါတို့ကို ယူဆောင်ကာ ယဇ်တိုင်၌ ချည်နှောင်ခြင်း၊ စသော အစီအရင်တို့ကို ပြုလုပ်ကြလေ၏။ မင်းကြီးလည်း ကြောက်ရွံ့သဖြင့် စိတ်ညစ်ညူးနေသလောက် ပုဏ္ဏားတို့မှာလည်း စားရကံကြုံ၍ မှတ်ဆိတ်ပျားစွဲပြီ မှတ်ယူကာ 'မကြာခင် အမဲသား၊ ငါးတို့ စားရအံ့၊ မင်းကြီးထံမှ ငွေကြေးလာဘ်လာဘများ ရလတ္တံ့' ဟူ၍ ပီတိဖြစ်နေကြ၏။ မင်းကြီးထံသို့လည်း လိုအပ်သော ပစ္စည်းများ တောင်းခံရန် အခေါက်ခေါက်အခါခါ သွားရောက်လေ၏။

မလ္လိကာ မိဖုရားကြီးသည် နန်းတွင်း၌ ခြေရှုပ်နေကြသော၊ ပြုံးရယ်လျက် မင်းကြီးထံ အခေါက်ခေါက်အခါခါ လာနေကြသော ပုဏ္ဏားတို့ကိုမြင်လျှင် အကြောင်းထူးရှိရမည်ဟု မှတ်ယူလျက် မင်းကြီးထံ အကျိုးအကြောင်း မေးမြန်းလေတော့၏။ ဤတွင်–

"မိဖုရားကြီး...ဤကိစ္စကို သင်သိ၍ သင့်အတွက် အဘယ်မှာလျှင် အကျိုးရှိပါမည်နည်း။ သင်ကား ငါ့အဘယ်မျှလောက် စိတ်ဆင်းရဲနေရသည်ကို မသိ။ စည်းစိမ်ဥစ္စာတို့ ယစ်၍သာ နေတော့သည်"

ဟူ၍ ပြောဆိုလေ၏။ ထိုအခါ မလ္လိကာ မိဖုရားကြီးက

"အရှင်မင်းကြီး...အရှင်မင်းကြီးနှင့် အကျွန်ုပ်မှာ သူစိမ်းတစ်ရံဆံ မဟုတ်ပါ။ ဆင်းရဲအတူ ချမ်းသာအမျှ ဖြစ်ပါ၏။ သည့်အတွက် အရှင်မင်းကြီး တွေ့ကြုံနေရသော ဒုက္ခတို့အား ပြောဆိုပါလော့"

ဟူ၍ အဖန်ဖန် လျှောက်ကြားလေ၏။ မင်းကြီးလည်း မတတ်သာသည့်အဆုံး၌ မိမိတွေ့ကြုံ ခံစားနေရသည်တို့ကို မိဖုရားကြီးအား ပြောပြလေတော့၏။ ထိုအခါ မိဖုရားကြီးက–

"အရှင်မင်းကြီး...အဘယ့်ကြောင့် အကုသိုလ်အမှုကို ပြုရလေသနည်း" လောကသုံးပါးတွင် အမြတ်ဆုံးဖြစ်သော လောက၌ မသိသောအရာ မရှိသော ဘုရားရှင်ထံ ချဉ်းကပ် လျက် လျှောက်ထားသင့်သည် မဟုတ်လော"

ဟူ၍ လျှောက်ထားကာ ဘုရားရှင်ထံမှောက်သို့ ခေါ်ဆောင် သွားခဲ့လေ၏။ ဘုရားရှင်ထံမှောက် ရောက်၍ အကြောင်းစုံကို လျှောက်ထားသည်ရှိသော် ဘုရားရှင်က–

"အရှင်မင်းကြီး...ဤအသံကြီးတို့ကို ကြားရသည့် အတွက် တစ်စုံတစ်ခုသော ဘေးအန္တရာယ် မကျရောက်နိုင်။ ဤအသံကြီးတိုကား ဆင်းရဲခြင်းဒဏ်ကို ခံစားနေရသည့် ငရဲသူသတ္တဝါတို့ ဟစ်ကြွေးကြသော အသံများသာ ဖြစ်ကြ ၏။ သင်မင်းကြီးသာလျှင် ဤအသံတို့ကို ကြားရသည် မဟုတ်။ ရှေးအခါက မင်းတို့သည်လည်း ကြားဖူးသည်သာ ဖြစ်၏။ သတ္တဝါတို့ကိုသတ်၍ ယဇ်ပူဇော်မည့်ဆဲဆဲတွင် ပညာရှိတို့သည် အသံကို အကြောင်းပြုကာ သတ္တဝါတို့ကို သေမည့်ဘေး၊ ယဇ်ပူဇော်မည့် ဘေးမှ လွတ်စေခဲ့လေပြီ"

ဟူ၍ မိန့်တော်မူကာ အောက်ပါ အတိတ်ဇာတ်ကို ဆောင် တော်မူလေသတည်း။

* * *

ရှေးလွန်လေပြီးသော ကာလ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ကာသိရွာ၌ မထင်ရှားသော ပုဏ္ဏားလုလင်တစ်ဦး ရှိလေ၏။ ထိုပုဏ္ဏားလုလင် သည် ကာမဂုဏ်တို့အပေါ်၌ စက်ဆုပ်ရွံရှာခြင်းဖြစ်လျက် ဥစ္စာ စည်းစိမ်တို့ကို စွန့်လွှတ်ကာ ရသေ့ရဟန်းပြုလျက် ဟိမဝန္တာ အရပ်သို့ ဝင်လေ၏။ ထို့နောက် အဘိညာဉ် သမာပတ်ကို ဖြစ်စေကာ ဈာန်ကစားလျက် နေလေ၏။

တစ်နေ့သ၌ ဗာရာဏသီမင်းသည် ညဉ့်အခါ၌ ငရဲသား လေးယောက်တို့ ဟစ်အော်သော 'ဒု-သ-န-သော'ဟူသည့် အသံကြီးလေးခွန်းကို ကြောက်လန့်သဖြင့် ပုဏ္ဏားတို့ကို မေးလေ ၏။ ပုဏ္ဏားတို့လည်း-

"အရှင်မင်းကြီး...ဤအသံတို့ကြောင့် သုံးပါးသော အန္တရာယ်တို့တွင် တစ်ပါးပါးသော အန္တရာယ် ဖြစ်လိမ့် မည်။

ထိုအန္တရာယ်တို့ ပပျောက်ရန် 'သဗ္ဗစတုက္က' ယဇ်ပူ ဇော်ခြင်းဖြင့် ပူဇော်မှ ကင်းလွတ်လိမ့်မည်"

ဟူ၍ လျှောက်တင်လေ၏။ မင်းကြီးလည်း ပုဏ္ဏားတို့ အကြံပြုသည်ကို သဘောတူညီလေရာ ပုဏ္ဏားတို့သည် ယဇ်တွင်း တူးခြင်း၊ ယဇ်တိုင်စိုက်ခြင်း၊ စသည်တို့ကို စီရင်ကြကုန်၏။ လေးကောင်၊ လေးကောင်သော သတ္တဝါတို့ကို ဆောင်ယူကာ ယဇ်တိုင်တွင် ချည်နှောင်လျက် ယဇ်ပူဇော်ရန် အသင့်စီမံထားကြ ကုန်၏။

ထိုအခါ ဟိမဝန္တာ၌ရှိသော ရသေ့သည် မေတ္တာဘာဝနာကို ရှေ့ထား၍ ဒိဗ္ဗစက္ခုအသိဉာဏ်ဖြင့် လောကကို ကြည့်ရှုလေသော အခါ ယဇ်ပူဇော်ခံရတော့မည့် သတ္တဝါတို့ကို တွေ့မြင်ရလေ၏။ ဤတွင် ရသေ့လည်း

"အဆိုပါနေရာသို့ ငါသွားရောက်သင့်၏။ ငါ ရောက်ရှိသွားပါက သတ္တဝါတို့ အသက်ချမ်းသာရာ ရပေလိမ့်မည်"

ဟူ၍ ကြံစည်ကာ ကောင်းကင်ခရီးဖြင့် ကြွလေ၏။ ဗာရာဏသီပြည်သို့ ရောက်သည်ရှိသော် ဥယျာဉ်တော်အတွင်းသို့ ဝင်လျက် မင်္ဂလာကျောက်ဖျာထက်ပေါ်၌ သီတင်းသုံးလေ၏။

ထိုအချိန်တွင် ပုရောဟိတ်၏ တပည့်ကြီးဖြစ်သော ပုဏ္ဏားသည် ဆရာပုရောဟိတ်ထံ ချဉ်းကပ်၍ မေးလေ၏။

"ဆရာ...အကျွန်ုပ်တို့ ဗေဒင်ကျမ်းတို့၌ သူတစ်ပါး အသက်ကို သတ်၍ ချမ်းသာခြင်းအမှုအား ပြုလုပ်ခြင်း မည်သည်မရှိ ဆိုခြင်းမှာ မှန်သည် မဟုတ်ပါလော"

"တပည့်...သင်ကား မင်း၏ဥစ္စာကို စောင့်၏။ အမဲသားငါးတို့ကို စားရလတ္တံ့။ ဥစ္စာကိုလည်း ရလတ္တံ့။ ဆိတ်ဆိတ်သာနေပါလော့ ငါ့တပည့်"

ဆရာ ပုရောဟိတ်၏ စကားကို ကြားရလေသော တပည့်ပုဏ္ဏားလည်း စိတ်ပျက်သွားမိ၏။ တပည့်ပုဏ္ဏားသည် သတ္တဝါတို့ဖြင့် ယဇ်ပူဇော်ခြင်းအမှုကို မပြုလိုရကား ဥယျာဉ်တော်သို့ ထွက်လာခဲ့လေ၏။ ဥယျာဉ်တော်သို့ ရောက်လေသော် ကျောက်

ဖျာထက်၌ တင့်တယ်လှစွာ စမ္ပယ်သီတင်းသုံးနေသည့် ရသေ့ကို မြင်လျှင် ရှိသေစွာရှိခိုးကာ ပဋိသန္ထာရစကားကို ဆိုလေ၏။ ရသေ့လည်း ပုဏ္ဏားလုလင်အား...

"လုလင်...သင်တို့၏ မင်းကြီးသည် တရားသဖြင့် မင်းပြုပါ၏လော"

ဟု မေးလေ၏။ လုလင်လည်း...

"အရှင်ရသေ့...အကျွန်ုပ်တို့၏ မင်းကြီးသည် တရားသဖြင့် မင်းပြုပါ၏။ သို့ရာတွင် ညဉ့်အခါ ဟစ်အော်သော အသံကြီးလေးခွန်းကို ကြား၍ တုန်လှုပ်ချောက်ချား ကြောက်အားပိုသွားခဲ့ပါ၏။ ထိုအဖြစ်နှင့် ပတ်သက်၍ ပုရောဟိတ် ပုဏ္ဏားတို့ကို မေးသည်ရှိသော် ပုရောဟိတ် ပုဏ္ဏားတို့က အန္တရာယ်ရှိကြောင်း အန္တရာယ်မှ ကင်းလွတ်စေရန်အတွက် 'သဗ္ဗစတုက္က' ယဇ်ပူဇော်မှသာ ချမ်းသာရာရနိုင်ကြောင်း ပြောဆိုသဖြင့် မင်းကြီးလည်း ယဇ်ပူဇော်ရန် ခွင့်ပြုခဲ့ပါ၏။ သည့်အတွက် ပုဏ္ဏားတို့သည် သတ္တဝါတို့ကို ဖမ်းဆီးကာ ယဇ်ပူဇော်ရန် ချည်တိုင်၌ ချည်နှောင်ထားကြပါ၏။

အရှင်ရသေ့...အရှင်ရသေ့သည် အသံကြီးလေးခွန်း၏ အဓိပ္ပာယ်အမှန်ကို သိတော်မူပါလျှင် မင်းကြီးအား ပြောဆိုဆုံးမ၍ သတ္တဝါတို့ သေဘေးမှ ကင်းလွတ်ရလေအောင် ပြုတော်မူပါလော့..."

ဟု လျှောက်ထားလေ၏။ ရသေ့လည်း...

"လုလင်...မင်းကြီးသည် ငါ့အား သိမည်မဟုတ်ပေ။ ငါလည်း မင်းကြီးအား မသိ။ သို့ရာတွင် မင်းကြီး ကြားရ

သည်ဆိုသော အသံကြီးလေးခွန်း၏ အဓိပ္ပာယ်အမှန်ကို ကား သိပါ၏။ အကယ်၍ ငါ့အား မင်းကြီး လာရောက် မေးမြန်းပါမူ ယုံမှားသံသယ မရှိရလေအောင် ငါဖြေကြား ဆုံးမတော်မူပါမည်"

ဟု ပြောဆိုလေသည်။ လုလင်လည်း...

"အရှင်ရသေ့... သို့ဆိုပါက အကျွန်ုပ်သည် အရှင် ရသေ့ထံ မင်းကြီး ရောက်ရှိလာအောင် စွမ်းဆောင်တော် မူပါမည်။ အရှင်ရသေ့သည် မင်းကြီးရောက်လာသည့် တိုင် အောင် ခေတ္တခဏမျှ ဆိုင်းငံ့တော်မူပါလော့..."

ဟူ၍ တောင်းပန်လျှောက်ထားကာ မင်းကြီးထံ သွားရောက် ၍ အကြောင်းစုံကို လျှောက်ကြားလေ၏။ ထို့နောက် မင်းကြီး အား ခေါ်ဆောင်လျက် ရှင်ရသေ့ထံ သွားလေ၏။ ရောက်သည် ရှိသော် မင်းကြီးက-

"အရှင်ရသေ့...တပည့်တော် ကြားရသော အသံကြီး လေးခွန်း၏ အဓိပ္ပာယ်အမှန်ကို သိသည်မှာ ဧကန် ဟုတ်ပါ သလော"

ဟု မေးမြန်းလေ၏။

"အရှင်မင်းကြီး...ငါသည် မင်းကြီးကြားရသော အသံ ကြီးလေးခွန်း၏ အဓိပ္ပာယ်အမှန်ကို သိပါ၏"

"အရှင်ရသေ့...သို့ဆိုပါက ရှင်းလင်းမိန့်ကြားတော် မူပါလော့..."

"ကောင်းပေပြီ မင်းကြီး...မင်းကြီး ကြားရသည်ဆို သော အသံကြီးလေးခွန်းတို့မှာ ငရဲသားတို့ဟစ်အော်သော

အသံကြီးများပင် ဖြစ်ပေ၏။ ထိုငရဲသားတို့သည် ရှေးဘဝ၌ သူတစ်ပါးတို့၏ ကာမပိုင် ဇနီးမယား၊ မိန်းမတို့အား ပြစ်မှားကျူးလွန်ခြင်းတည်း ဟူသော ကာမေသုမိစ္ဆာစာရ အကုသိုလ်ကံကြောင့် သေလွန်သောအခါ ဟာရာဇာသိပြည် အနီး လေးလုံးသော လောဟကုမ္ဘီ ငရဲအိုးကြီးတို့၌ ဖြစ်ကြကုန်၏။

ထိုငရဲအိုးကြီး၌ ကျိုက်ကျိုက်ဆူသော ဆားငန်ရည်ဖြင့် အမြုပ်များ ပွက်လောထနေ၏။ ထိုငရဲအိုးကြီးအတွင်းသို့ အနှစ်ခြောက်သောင်း ကာလပတ်လုံး အောက်ဆုံးထိ နစ်ဆင်းသွားရကာ အနှစ်ခြောက်သောင်း လွန်မြောက်မှ အပေါ်သို့ တက်လာရ၏။ ငရဲအိုး၏ မျက်နှာပြင်ကို မြင်ကြရလေသောအခါ တစ်ယောက်လျှင် တစ်ဂါထာစီ လေးဂါထာ အပြည့်အစုံ ဆိုချင်ကြသော်လည်း မဆိုနိုင်ကြဘဲ အစတစ်လုံးစီဖြစ်သော 'ဒု–သ–န–သော' ဟူသည့် အက္ခရာ လေးလုံးကိုသာ ဆိုနိုင်ကြပြီး ငရဲအိုးအောက်သို့ နစ်မြုပ်သွားကြရပြန်၏။

အရှင်မင်းကြီး... ထိုအက္ခရာ လေးလုံးတို့တွင် 'ဒု' အက္ခရာ အစပါသော ဂါထာ၏ အဓိပ္ပာယ်မှာ...

'အချင်းတို့...ငါတို့ကား ယုတ်မာသော အသက်မွေးခြင်းဖြင့် အသက်မွေးမိခဲ့ကြကုန်ပြီ။ စည်းစိမ်ဥစ္စာတို့ ပြည့်စုံပါလျက် အလှူဒါန မပြုမိခဲ့ကြကုန်။ မိမိတို့ မှီခိုအားထားရာကို မပြုမိခဲ့ကြကုန်'

ဟူ၍ ဖြစ်၏။ 'သ' အက္ခရာ အစပါသော ဂါထာ၏ အဓိပ္ပာယ်ကား...

"အချင်းတို့...ငရဲ၌ ခံရကုန်သော ငါတို့အား အလုံးစုံသော အခြင်းအရာတို့ဖြင့် အနှစ်ခြောက်သောင်း ပြည့်ခဲ့ပေပြီ။ ဘယ်သောအခါမှ ငရဲအိုးမှ လွတ်ကင်းပါမည်နည်း"

ဟူ၍ ဖြစ်၏။ 'န' အက္ခရာ အစပါသော ဂါထာ၏ အဓိပ္ပာယ်ကား...

"အချင်းတို့...ငါသည်လည်းကောင်း၊ သင်တို့သည်လည်းကောင်း ရှေးအခါ၌ များစွာသော မကောင်းမှုတို့ကို ပြုအပ်ကုန်ပြီ။ ငရဲ၏အဆုံးသည် မရှိ။ ဆုံးသည်မထင်။ ငရဲသည် အဘယ်မှာလျှင် ဆုံးမည်နည်း"

ဟူ၍ ဖြစ်၏။ 'သော' အက္ခရာ အစ၌ပါသော ဂါထာ၏ အဓိပ္ပာယ်ကား...

"အချင်းတို့... ငါသည် ဤငရဲမှ လွတ်မြောက်ကာ လူပြန်၍ ဖြစ်ခဲ့ပါလျှင် သူတော်ကောင်းတို့၏ အဆုံးအမ၌ တည်၍ အကျင့်သီလနှင့် ပြည့်စုံစေကာ များစွာသော ကုသိုလ်ကောင်းမှုကို ပြုလုပ်တော့မည်"

ဟူ၍ ဖြစ်ပေသည် မင်းကြီး..."

ဤသို့ ရှင်ရသေ့လည်း ဗာရာဏသီမင်းကြီးအား ငရဲသားလေးယောက်တို့ ဟစ်အော်သော အက္ခရာလေးလုံးတို့ကို တစ်လုံးစီ ခွဲခြားကာ အပြည့်အစုံ လေးဂါထာ၏ အနက်အဓိပ္ပာယ်တို့ကို ဟောကြားတော်မူပြီးသော်...

"အရှင်မင်းကြီး...အဆိုပါ ငရဲသား လေးယောက်တို့မှာ အကုသိုလ်ကံအလျောက် ငရဲ၌ ခံကြရကုန်၏။ ထိုသူတို့ အသံကို ကြားခြင်းကြောင့် သင်မင်းကြီးအပေါ်၌ တစ်စုံတစ်ခုသော ဘေးအန္တရာယ်မျှ မဖြစ်နိုင်၊ တုန်လှုပ်ထိတ်လန့်ခြင်း မဖြစ်ပါနှင့်"

ဟူ၍ အဆုံးအမ ဩဝါဒပေးလေ၏။

ထိုအခါ မင်းကြီးသည် အမြင်မှန် အသိတရားရကာ ယဇ်ပူဇော်ရန် ဖမ်းဆီးထားသော သတ္တဝါတို့အား လွှတ်စေ၏။ ထို့နောက် တစ်မြို့လုံး စည်လည်စေပြီး ယဇ်တွင်းယဇ်တိုင်တို့ကို ဖျက်ဆီးစေ၏။ ရသေ့လည်း သတ္တဝါတို့ကို အသက်ဘေးမှ ကယ်တင်ခဲ့ပြီး ချမ်းသာခြင်းကို ဖြစ်စေလျက် ဟိမဝန္တာအရပ်သို့ ပြန်းကြွခဲ့လေ၏။

ဤသို့လျှင် ဗုဒ္ဓဘုရားရှင်လည်း အတိတ်၊ ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူပြီးနောက်–

"ရဟန်းတို့...

ထိုအခါက ပုရောဟိတ် ပုဏ္ဏားကြီး၏တပည့် လုလင်သည် ယခုအခါ သာရိပုတ္တရာ ဖြစ်လာ၏။ ရသေ့သည်ကား ယခုအခါ ငါဘုရားရှင် ဖြစ်လာ၏"

ဟု မိန့်ဆိုကာ ဇာတ်ကို ပေါင်းတော်မူလေသတည်း။

❐ ❐ ❐

# ၃၁၅။ သဗ္ဗဓံသလာဘဇာတ်



[၃၁၅]

# သဗ္ဗမံသလာဘဇာတ်

လူ၊ နတ်၊ ဗြဟ္မာတို့၏ သယမ္ဘူမှန်ကင်း၊ အထွတ်သနင်း ဖြစ်တော်မူသော မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည်မှန်၊ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးစဉ်က ဖြစ်၏။ ထိုကာလတွင် အချို့သော ရဟန်းတို့သည် ရောဂါဝေဒနာကြောင့် ဝမ်းနုတ်ဆေးကို သောက်ရလေ၏။ ထိုသူနာရဟန်းတို့သည် အမဲအရသာဆွမ်းကို အလိုရှိကုန်၏။ သို့ရာတွင် ဆွမ်းခံဝတ်ဖြင့် အမဲအရသာဆွမ်းကို မရရှိကြကုန်။

သို့ဖြစ်၍ ရှင်သာရိပုတ္တရာအား လျှောက်ထားသည်ရှိသော် ရှင်သာရိပုတ္တရာလည်း ထိုရဟန်းတို့ကို ဦးဆောင်လျက် ဆွမ်းခံထွက်လေ၏။ ဤတွင် သပိတ်ပြည့်မျှ အမဲအရသာ ဆွမ်းတို့ကို ရရှိကြလေ၏။ ထိုအခါ အမဲအရသာဆွမ်းကို အလိုရှိကြကုန်သော သူနာရဟန်းတို့ကို လှူဒါန်းကြလေ၏။ ဤတွင် သူနာရဟန်း

တို့လည်း ရှင်သာရိပုတ္တရာ၏ အစွမ်းကြောင့် အလိုရှိသော အမဲအရသာဆွမ်းကို ဘုဉ်းပေးရသဖြင့် ကျန်းမာလာကြကုန်၏။

တစ်နေ့သ၌ ရဟန်းအပေါင်းတို့သည် တရားသဘင်၌ စုဝေးမိကြသည့်အခိုက် ရှင်သာရိပုတ္တရာအား အမှီပြုလျက် အမဲအရသာဆွမ်းကို သူနာရဟန်းတို့ ဘုဉ်းပေးရသည့် အကြောင်း၊ ကျန်းမာလာသည့် အကြောင်းတို့ကို ပြောဆိုနေကြလေ၏။ ထိုအချိန်တွင် ဘုရားရှင် ကြွတော်မူလာပြီး ရဟန်းတို့ ပြောဆိုနေကြသည့် အကြောင်းခြင်းရာကို သိတော်မူသည်ရှိသော်...

"ရဟန်းတို့...သာရိပုတ္တရာသည် ယခုအခါ၌သာလျှင် အမဲကို ရသည်မဟုတ်။ ရှေးအခါ၌လည်း ရခဲ့ဖူးပေ၏"

ဟု မိန့်ဆိုကာ အတိတ်ဇာတ်ကို ဆောင်တော်မူလေသတည်း။

* * *

ရှေး...လွန်လေပြီးသော ကာလ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံသည်ရှိသော် ထိုဗာရာဏသီ၌ သူဌေးသားလေးယောက် ရှိလေ၏။

တစ်နေ့သ၌ မုဆိုးတစ်ယောက်သည် များစွာသော အမဲတို့ကို ရလာသည်ရှိသော် ရောင်းချရန်အတွက် လှည်းပေါ်တွင် အပြည့်တည်ဆောင်ကာ ဗာရာဏသီမြို့အတွင်းသို့ ဝင်လာခဲ့လေ၏။ ထိုအချိန်တွင် သူဌေးသား လေးယောက်တို့သည် မြို့အပြင်သို့ ထွက်ကာ တစ်ဦးနှင့်တစ်ဦး ရောက်တတ်ရာရာ စကားဝိုင်းဖွဲ့ နေလေ၏။ ထိုအချိန်တွင် အမဲတို့ တင်ဆောင်လာသော လှည်းကိုတွေ့လေရာ တစ်ဦးသော သူဌေးသားက...

"ငါသည် အဆိုပါမုဆိုးထံမှ အမဲသား ရအောင် တောင်းမည်"

ဟုဆိုကာ လှည်းကို တားလိုက်၏။ ထို့နောက် မုဆိုးအား

"ဟယ်...မုဆိုး၊ ငါ့အား အမဲသားပေးလော့"

ဟူ၍ တောင်းဆိုလေ၏။ ဤတွင် မုဆိုးက–

"အဆွေ သင်ကား တောင်းယူသူ ဖြစ်ပါလျက် သင်၏ လေသံမှာ အထက်စီးက ဖြစ်ပြီး အပြောအဆို ကြမ်းတမ်းလှ၏။ သင်၏စကားကား အမြွေးနှင့်တူ၏။ သည့်အတွက် သင့်အား ငါသည် အမြွေးကိုသာ ပေးအံ့"

ဟုဆိုကာ အသား၊ အသွေးမရှိသော အမဲအမြွေးကိုသာ ပေးလေ၏။ ထိုသူဌေးသားလည်း ရလာသော အမြွေးတို့ကို ယူ၍ ပြန်လာ၏။ ကျန်သူဌေးသား သုံးယောက်က ၎င်းအား မည်ကဲ့သို့ တောင်းလာသည်ကို မေးလေသော်...

"ဟယ်...မုဆိုး၊ ငါ့အား အမဲသား ပေးလော့... ဟုဆိုကာ တောင်းလာခဲ့၏"

ဟူ၍ ဖြေလေ၏။ ဤတွင် သူဌေးသား သုံးယောက်အနက် တစ်ယောက်သော သူဌေးသားက ၎င်းလည်း တောင်းဦးမည်ဟု ဆိုကာ မုဆိုးထံ သွားလေ၏။ ရောက်လေသည်ရှိသော်...

"အစ်ကိုကြီး...ငါ့အား အမဲသား ပေးပါလော့"

ဟူ၍ တောင်းခံလေ၏။ မုဆိုးလည်း...

"အဆွေ...လောက၌ လူတို့သည် ကိုယ်အင်္ဂါကို အစွဲပြု၍ 'အစ်ကို'ဟု ခေါ်ကြကုန်၏။ သင်၏စကားမှာ ကိုယ်

ခန္ဓာနှင့် တူ၏။ သို့ဖြစ်၍ သင့်အား ကိုယ်ခန္ဓာမှ အသားတို့ကို ပေးမည်”

ဟုဆိုကာ အမဲကိုယ်ခန္ဓာ အသားတို့ကို ပေးလေ၏။ ၎င်းလည်း ရလာသော အမဲသားတို့ကို ယူပြီး ပြန်လာခဲ့ရာ သူဌေးသား နှစ်ယောက်က အကျိုးအကြောင်း မေး၏။ ၎င်းကလည်း သူတောင်းခံလာခဲ့ပုံကို ပြောပြ၏။ ဤသို့ ကျန်သူဌေးသား နှစ်ယောက်အနက် တစ်ဦးက သူလည်း တောင်းခံဦးမည်ဟု ဆိုကာ မုဆိုးထံ သွားလေ၏။ ရောက်သည်ရှိသော်...

“အဘ... အကျွန်ုပ်အား အမဲသားပေးပါ”

ဟူ၍ တောင်းခံလေ၏။ ထိုအခါ မုဆိုးလည်း–

“အဆွေ...‘အဘ’ဟူသော စကားကို ဆိုသော သားသည် အဘ၏ နှလုံးသားကို တုန်လှုပ်စေ၏။ သင်၏ စကားသည် နှလုံးသားနှင့်တူ၏။ သို့ဖြစ်၍ သင့်အား နှလုံးသားကို ပေးပါမည်”

ဟုဆိုကာ အမဲနှလုံးသားကို ပေးလေ၏။ ၎င်းလည်း အမဲနှလုံးသားကို ယူ၍ ပြန်လာသည်ရှိသော် နောက်ဆုံး ကျန်ရစ်သော သူဌေးသားက အကျိုးအကြောင်း မေးမြန်းလေ၏။ အကြောင်းစုံကို သိရလျှင် နောက်ဆုံးကျန်ရစ်သော သူဌေးသားက ငါလည်း တောင်းခံဦးမည်ဟု ဆိုကာ မုဆိုးထံ သွားလေ၏။ ရောက်လျှင်...

“အဆွေခင်ပွန်း... အကျွန်ုပ်အား အမဲသား ပေးပါလော့...”

ဟူ၍ တောင်းခံလေ၏။ ဤတွင် မုဆိုးလည်း...

"အဆွေ... ရှာပင် ဖြစ်သော်လည်း အဆွေခင်ပွန်း ကင်းမဲ့သော ရှာကား တောနှင့်တူ၏။ သင်၏စကားသည် ကိုယ်အလုံးစုံနှင့် တူ၏။ သို့ဖြစ်၍ သင့်အား ငါ့၌ ပါလာ သည့် အမဲအကုန်လုံးကို ပေးပါမည်"

ဟုဆိုကာ အမဲအကုန်လုံးကို ပေးလေ၏။ သူဌေးသား လည်း မုဆိုးအား လှည်းယာဉ်ကို အိမ်သို့ မောင်းစေ၍ မုဆိုးအား ပေးကမ်းပူဇော်လေ၏။ ထို့နောက် မုဆိုး၏ သားမယားတို့ကို ခေါ်စေကာ မုဆိုးအလုပ်ကို စွန့်စေပြီး ဥစ္စာစည်းစိမ်တို့ကို ပေးကာ ၎င်းနှင့်နေစေ၏။ ကုသိုလ်ကောင်းမှုတို့လုပ်ကာ အသက်ထက်ဆုံး သင့်တင့်ညီညွတ်စွာ နေထိုင်ကြလေ၏။

ဤသို့လျှင် ဗုဒ္ဓဘုရားရှင်လည်း အတိတ်၊ ပစ္စုပ္ပန်၊ နှစ်တန် သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူလျက်–

"ရဟန်းတို့...

ထိုစဉ်အခါက မုဆိုးသည် ယခုအခါ သာရိပုတ္တရာ ဖြစ်လာ၏။ ထိုစဉ်အခါက အမဲအလုံးစုံကို ရသော သူဌေး သားကား ယခုအခါ ငါဘုရားရှင် ဖြစ်လာ၏"

ဟု မိန့်ဆိုလျက် ဇာတ်ကို ပေါင်းတော်မူလေသတည်း။

❒ ❒ ❒

# ၃၁၆။ သ သ ဇာတ်



[၃၁၆]

## သသဇာတ်

လူ၊ နတ်၊ ဗြဟ္မာတို့ မှီခိုကိုးကွယ်ရာ တရားမင်း ဖြစ်တော်မူသော ဗုဒ္ဓဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ စမ္မာယ်သီတင်းသုံးတော်မူစဉ် ဘုရားရှင်အပေါ် လွန်စွာကြည်ညိုသည့် သူကြွယ်တစ်ဦး ရှိလေ၏။

ထိုသူကြွယ်သည် အလုံးစုံသော ပရိက္ခရာတို့ကို စီစဉ်ပြီးလျှင် ဘုရားရှင်အမှူးရှိသော သံဃာတော် ငါးရာတို့အား ပင့်ဖိတ်လျက် ခုနစ်ရက်ပတ်လုံး မွန်မြတ်၍ အရသာရှိသော ဆွမ်းခဲဘွယ်ဘောဇဉ်တို့ကို ကပ်လှူ၏။ ခုနစ်ရက်ပြည့်မြောက်သော နေ့ဝယ် ဘုရားရှင်အမှူးရှိသော သံဃာတော်ငါးရာတို့အား အလုံးစုံသော ပရိက္ခရာတို့ကို လှူဒါန်းလေ၏။ မြတ်စွာဘုရားရှင်လည်း အနုမောဒနာ ပြုသည်ရှိသော်–

"သီတင်းသည်…နှစ်သက်ဝမ်းမြောက်ပါလော့။ လှူဒါန်းခြင်း မည်သည်ကား ရှေးပညာရှိ သူတော်ကောင်းတို့ အဆက်ဆက် ကျင့်သုံးလာခဲ့သည့် အမှုအကျင့်ကောင်း ဖြစ်ပေ၏။ ရှေးပညာရှိတို့သည် ၎င်းတို့ထံ ရောက်ရှိလာသည့် အလှူခံတို့အား အသက်ကိုစွန့်၍ပင် မိမိ၏အသားကို လှူဒါန်းခဲ့ဖူး၏"

ဟု မိန့်ဆိုကာ အတိတ်ဇာတ်ကို ဆောင်တော်မူလေသတည်း။

* * *

ရှေး…လွန်လေပြီးသော ကာလ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း စိုးစံသည်ရှိသော် တောအုပ်တစ်ခုတွင် ယုန်မင်း နေထိုင်လေ၏။ ယုန်မင်းနေထိုင်သော တောမှာ တစ်ဖက်တွင် တောင်ရှိ၏။ နောက်တစ်ဖက်တွင် မြစ်ရှိ၏။ ကျန်တစ်ဖက်တွင်ကား ပစ္စန္တရာဇ်ရွာ ရှိလေ၏။

အဆိုပါ ယုန်မင်း၏ မျောက်၊ မြေခွေး၊ ဖျံ…စသော အဆွေခင်ပွန်းတို့ ရှိလေ၏။

ယုန်မင်းအပါအဝင် ထိုလေးဦးတို့သည် အတူတကွ ညီညွတ်စွာနေကြလျက် မိမိတို့ ကျင်လည်ကျက်စားရာ အရပ်၌ နေကြပြီး ညချမ်းအခါသို့ ရောက်လေတိုင်း စည်းဝေးတိုင်ပင်ကြစမြဲ ဖြစ်၏။ ယုန်မင်းသည် အဆွေခင်ပွန်းတို့အား အလှူအတန်းပြုရန်၊ သီလကို စောင့်ထိန်းရင်း ဥပုသ်ကို ဆောက်တည်ရန် တရားဟောပြော ဆုံးမလေ၏။ အဆွေခင်ပွန်း သုံးဦးဖြစ်

သော မျောက်၊ မြေခွေး၊ ဖျံတို့ကလည်း ယုန်မင်း၏ ဆုံးမမှုကို နာခံကာ မိမိတို့ဂူ၌ နေထိုင်ကြကုန်၏။

တစ်နေ့သ၌ ယုန်မင်းသည် အစည်းအဝေး ပြုလုပ်စဉ် လကို ရှုမြင်လိုက်၏။ ထို့နောက်–

"အဆွေတို့...မနက်ဖြန်ကား ဥပုသ်နေ့ ဖြစ်၏။ သို့ဖြစ်၍ ဥပုသ်သီတင်းသီလကို စောင့်ထိန်းကြကုန်လော့။ ဥပုသ်သီလ၌ တည်၍ ပေးလှူအပ်သော အလှူသည် အကျိုးကျေးဇူး ကြီးမားလှပေ၏။ သို့အတွက် ရောက်လာသော အလှူခံတို့အား မိမိတို့စားအပ်သော အစာအာဟာရမှာ တတ်အားသမျှ လှူဒါန်းကြကုန်လော့..."

ဟူ၍ ဆုံးမသြဝါဒ ပေးလေ၏။ အဆွေခင်ပွန်း သုံးဦးတို့ကလည်း ဝန်ခံကတိပြုလျက် မိမိတို့နေရာသို့ ပြန်သွားကြကုန်၏။

နောက်တစ်နေ့နံနက် မိုးသောက်သည်ရှိသော် ဖျံသည် အစာရှာဖွေရန်အတွက် ဂင်္ဂါမြစ်ကမ်းနားသို့ သွား၏။ ထိုစဉ် ရွာသားတစ်ယောက်သည် ငါးကြင်းခုနစ်ကောင်ကို နွယ်ဖြင့်သီလျက် ဂင်္ဂါမြစ်ကမ်းနား၌ သဲကိုယက်ကာထည့်ပြီး သဲတို့ကို ဖုံးလေ၏။ ထို့နောက် ထပ်မံ၍ ငါးဖမ်းရန် ဂင်္ဂါမြစ်သို့ သွားလေ၏။ ဖျံသည် ငါးနံ့ရသဖြင့် သဲကို ယက်သောအခါ ငါးကြင်းခုနစ်ကောင်ကို မြင်၍ ဖော်ထုတ်ကာ...

"ပိုင်ရှင်ရှိသလော... ပိုင်ရှင်ရှိသလော..."

ဟူ၍ သုံးကြိမ်သုံးခါ အော်ဟစ်လေ၏။ တုံ့ပြန်မှု မရှိသည့်အခါ ပိုင်ရှင်မဲ့ဟု ယူဆ၍ ငါးအတွဲကို ကိုက်ချီကာ မိမိနေရာ

သို့ ပြန်လေ၏။ ထို့နောက် အချိန်တန်မှ စားမည်ဟု အောက်မေ့ကာ မိမိ၏သီလကို ဆင်ခြင်လျက် ဝပ်နေလေ၏။

မြေခွေးသည်လည်း ၎င်းနေရာအရပ်မှ ထွက်၍ အစာရှာဖွေသောအခါ လယ်စောင့်တစ်ယောက်၏ တဲ၌ အမဲတံစို့နှစ်ခု၊ ဖွတ်ကင်တစ်ခု၊ နို့ခမ်းအိုးတစ်လုံးကို မြင်လျှင်–

"ပိုင်ရှင်ရှိသလော... ပိုင်ရှင်ရှိသလော..."

ဟူ၍ သုံးသုံးခါ အော်ဟစ်လေ၏။ တုံ့ပြန်မှု မရှိသည့်အခါ ပိုင်ရှင်မဲ့ဟု ယူဆ၍ နို့ခမ်းအိုး၌ ချည်ထားသော ကြိုးကွင်းကို လည်ပင်း၌စွပ်၏။ အမဲတံစို့၊ ဖွတ်ကင်တံစို့တို့ကို ကိုက်ချီကာ မိမိနေရာသို့ ပြန်ပြီး အချိန်တန်မှ စားမည်ဟု အောက်မေ့ကာ မိမိ၏သီလကို ဆင်ခြင်လျက် ဝပ်နေလေ၏။

မျောက်သည်လည်း နေရာမှထွက်၍ အစာရှာရန် တောအုပ်သို့ ဝင်လေသော် သရက်သီးခိုင်တို့ကို တွေ့မြင်လျှင် ဆွတ်ယူလေ၏။ ထို့နောက် မိမိနေရာသို့ ပြန်သွားပြီး အချိန်တန်မှ စားမည်ဟု အောက်မေ့ကာ သီလကို ဆင်ခြင်လျက် ဝပ်နေလေ၏။

ယုန်မင်းကား အချိန်တန်မှသာ နေရာမှထွက်ပြီး စားတော့မည်ဟု သီလကို ဆင်ခြင်လျက် နေရာချုံ၌ဝပ်၍–

"ငါ့ထံသို့ လာကြသော အလှူခံတို့ကား မြက်တို့ကို စားနိုင်ကြမဟုတ်။ နှမ်း၊ ဆန် စသည်တို့လည်း ငါ၌ မရှိ။ အကယ်၍ ငါ့ထံသို့ အလှူလာခံကြပါမူ ငါသည် ငါ၏ အသားကိုသာ လှူဒါန်းတော့မည်"

ဟူ၍ ကြံစည်လေ၏။ ထိုအခါ ယုန်မင်း၏ သီလတန်ခိုးတော်ကြောင့် သိကြားမင်း၏ ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာသည် ပူလောင်၍ လာလေ၏။ သိကြားမင်းလည်း အကြောင်းရင်းမှန်ကို ဆင်ခြင်ကြည့်လိုက်သည်ရှိသော် သီလစောင့်သော ယုန်မင်းကို မြင်ရလေတော့၏။ ထိုအခါ ယုန်မင်းကို စုံစမ်းမည်ဟု ကြံစည်လျက် ပုဏ္ဏားအသွင် ဖန်ဆင်းလိုက်လေ၏။ ဦးစွာ ဖျံရှိရာသို့ သွားလေ၏။

"အဆွေပုဏ္ဏား ...မည်သည့်အတွက် လာ၍ ရပ်လေသနည်း"

"အဆွေဖျံ...ငါသည် တစ်စုံတစ်ခုသော အာဟာရကို ရလျှင် ဥပုသ်စောင့်၍ နေမည်ဟူ၍ ရပ်ခြင်းဖြစ်ပါ၏"

"အို... ပုဏ္ဏား၊ အကျွန်ုပ်၏ ငါးကြင်းခုနစ်ကောင် ရှိပါ၏။ ဤငါးကြင်း ခုနစ်ကောင်ကို သင့်အတွက် အာဟာရ အလို့ငှာ လှူဒါန်းပါမည်။ ဤငါးကြင်းတို့ကို စားသောက်၍ တောထဲ၌ ဥပုသ်ဆောက်တည်ပါလော့"

ဖျံလည်း ထိုသို့ပြောဆိုပြီး ငါးကြင်းခုနစ်ကောင်အား လှူဒါန်းလိုက်လေ၏။ ထိုအခါ ပုဏ္ဏားလည်း ...

"အဆွေဖျံ... စောပါသေး၏။ နောက် အလိုရှိမှသာ ယူပါမည်"

ဟူ၍ ပြောဆိုပြီးလျှင် မြေခွေးထံသို့ သွား၍ ရပ်ပြန်၏။ မြေခွေးလည်း မေးမြန်း၍ အကြောင်းစုံ သိလေသော်...

"အို... ပုဏ္ဏား၊ အကျွန်ုပ်၌ လယ်စောင့်၏ တဲမှ ရလာခဲ့သော အမဲတံစို့နှစ်ခု၊ ဖွတ်ကင်တစ်ခုနှင့် နို့ဓမ် အိုး

တစ်လုံး ရှိပါ၏။ ဤဥစ္စာတို့ကို လှူဒါန်းပါမည်။ ဝလင်စွာ စားသုံး၍ တောထဲ၌ ဥပုပ်ဆောက်တည်ပါလော့"

ဟူ၍ ပြောဆိုကာ အမဲတုံးတို့၊ ဖွတ်ကင်နှင့် နို့ဓမ်းအိုးတို့ကို လှူဒါန်းလိုက်လေ၏။ ပုဏ္ဏားလည်း...

"အဆွေမြေခွေး...စောပါသေး၏။ နောက် အလိုရှိမှသာ ယူပါမည်"

ဟူ၍ ပြောဆိုပြီးလျှင် မျောက်ထံသို့ သွား၍ ရပ်ပြန်၏။ မျောက်လည်း မေးမြန်း၍ အကြောင်းစုံ သိလေသော်–

"အဆွေ...ပုဏ္ဏား၊ အကျွန်ုပ်၌ သရက်သီးမှည့်၊ ချမ်းအေးသော ဂင်္ဂါရေ၊ မွေ့လျော်ဖွယ်ကောင်းသော အရိပ်တို့ ရှိပါ၏။ ဤအလုံးစုံတို့အား လှူဒါန်းပါမည်။ ဤအလုံးစုံတို့ကို စားသောက်၍ သုံးဆောင်၍ တောထဲ၌ ဥပုသ်စောင့်ပါလော့..."

ဟူ၍ ပြောဆိုကာ အလုံးစုံတို့ကို လှူဒါန်းလေ၏။ ပုဏ္ဏားလည်း...

"အဆွေ...မျောက်၊ စောပါသေး၏။ နောက် အလိုရှိမှသာ ယူပါမည်"

ဟု ပြောဆိုကာ ယုန်မင်းထံ သွားရပ်လေ၏။

"အဆွေ... ပုဏ္ဏား၊ ဘယ်အတွက်ကြောင့် လာရသနည်း"

ဟူ၍ မေးလေသော် အကြောင်းစုံ သိလေသည်တွင်–

"အဆွေ... ပုဏ္ဏား၊ အကျွန်ုပ်ထံ လာခြင်းကား ကောင်းသောလာခြင်း ဖြစ်ပေ၏။ ယနေ့ အကျွန်ုပ်သည်

မလှူဖူးသော အလှူကို လှူပါမည်။ သင်ပုဏ္ဏားသည် သီလရှိပေ၏။ သူတစ်ပါးအသက်ကို သတ်ဖြတ်မည့် ပါဏာတိပါတကံကို ကျူးလွန်လိမ့်မည် မဟုတ်။

အဆွေ...ပုဏ္ဏား၊ ယခုပင် သွား၍ အထူးထူးသော ထင်းတို့ဖြင့် မီးဖိုရစ်ပါလော့။ မီးကျီးမီးခဲ အစုတို့ ရလာလျှင် ထိုမီးကျီမီးခဲစုအတွင်းသို့ ခုန်ဆင်းပါမည်။ အကျွန်ုပ်၏ အသားတို့ ကျက်သည်ဆိုလျှင် အသားတို့ကို ဝလင်စွာ စားသုံး၍ တောထဲ၌ ဥပုသ်စောင့်ပါလော့။

အို...ပုဏ္ဏား၊ အကျွန်ုပ်၌ နှမ်း၊ ပဲနောက်၊ ဆန်တို့ မရှိပါ။ သည့်အတွက် အကျွန်ုပ်၏ အသားကို လှူခြင်း ဖြစ်ပါ၏”

ဟု ဆိုလေ၏။ သိကြားမင်းလည်း ယုန်မင်း၏စကားကို ကြားလျှင် မိမိ၏ တန်ခိုးအာနုဘော်ဖြင့် မီးကျီမီးခဲစများ ဖန် ဆင်းပြီးနောက် ပြီးစီးပြီဖြစ်ကြောင်း ယုန်မင်းအား ပြောဆိုလေ ၏။ ယုန်မင်းလည်း ဥပုသ်စောင့်ရာ မြေစာမြက် အိပ်ရာမှ ထ၍ မီးကျီးစုရှိရာသို့ သွားပြီးလျှင် အမွေးကြား၌ ပိုးငယ်တို့ ရှိပါမူ မသေကုန်ကြစေဟု နှလုံးသွင်းလျက် သုံးကြိမ်သုံးခါတိတိ ကိုယ်ကို လှုပ်ခါပြီးလျှင် ကြာကန်၌ ဟင်္သာမင်း သက်ဆင်းသကဲ့ သို့ ဝမ်းမြောက်ဝမ်းသာစိတ်ဖြင့် မီးကျီမီးခဲစများအတွင်းသို့ ခုန် ဆင်းလေ၏။ ထိုအခါ မီးကျီးမီးခဲတို့သည် ယုန်မင်း၏ကိုယ်၌ အမွေးအမျှင်မျှကိုလည်း ပူလောင်စေခြင်းငှာ မတတ်နိုင်။ ဆီးနှင်း၊ တိုက်အတွင်း ဝင်ရသည့်အလား အေးမြနေပေ၏။ ထိုအခါ ယုန်မင်းလည်း–

"အဆွေ...ပုဏ္ဏား၊ သင်မွေးသော မိုးသည် အလွန်အေးလှ၏။ အမွေးအမျှင်မျှကိုလည်း ပူလောင်စေခြင်းငှာ မတတ်နိုင်။ မည်သို့သော အကြောင်းရှိပါသနည်း"
ဟူ၍ မေးလေ၏။ ထိုအခါ ပုဏ္ဏားက...

"အဆွေ...ယုန်မင်း၊ ငါကား ပုဏ္ဏားမဟုတ်။ သိကြားမင်း ဖြစ်၏။ သင်၏သီလကို စမ်းသပ်လို၍ သင့်ထံသို့ ရောက်လာခဲ့ခြင်း ဖြစ်ပေ၏။"
ဟု ဆိုလေ၏။ ယုန်မင်းလည်း...

"အို...သိကြားမင်း၊ သင်ကို အသာထားဘိဦး။ တစ်လောကလုံး အကျွန်ုပ်ကို အလှူဖြင့် စုံစမ်းမူ၊ မလှူလိုသော အဖြစ်ကို တွေ့ရမည်မဟုတ်"
ဟု မွန်မြတ်သော စကားကို ဆိုလေ၏။ သိကြားမင်းလည်း–

"အဆွေ...ယုန်မင်း၊ သင်၏ ဂုဏ်ကျေးဇူးသည် ကမ္ဘာပတ်လုံး ထင်ရှားစွာ ဖြစ်စေရမည်"
ဟုဆိုကာ တောင်ကိုညှစ်၍ အဆီကိုယူပြီးလျှင် လဝန်း၌ ယုန်အရုပ်ကို ရေးလေ၏။ ထို့နောက် မိမိနေရာသို့ ပြန်လေ၏။

ယုန်မင်းနှင့်တကွ ဖျံ၊ မြေခွေး၊ မျောက်စသည့် အဆွေခင်ပွန်းတို့လည်း ညီညွတ်စည်းလုံးစွာဖြင့် ဝမ်းမြောက်ဝမ်းသာ သီလကို စောင့်ထိန်းလျက် ဥပုသ်ကို ဆောက်တည်လေ၏။ ကံအားလျော်စွာပင် အသက်ထက်ဆုံး နေပြီးသည့်နောက် သုဂတိဘုံသို့ လားကြရလေ၏။

ဤသို့လျှင် ဗုဒ္ဓဘုရားရှင်လည်း အတိတ်, ပစ္စုပ္ပန်နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓ ဆက်စပ်တော်မူပြီးနောက်–

"ရဟန်းတို့...

ထိုစဉ်အခါက ဖျံသည် အာနန္ဒာ။

မြေခွေးသည် မောဂ္ဂလာန်။


မျောက်သည် သာရိပုတ္တရာ။

သိကြားမင်းသည် အနုရုဒ္ဓတို့ ဖြစ်လာကြပြီး၊ ယုန်မင်းသည်ကား ငါဘုရားရှင် ဖြစ်လာ၏"

ဟူ၍ မိန့်ဆိုကာ ဇာတ်ကို ပေါင်းတော်မူလေသတည်း။

❐ ❐ ❐

# ၃၁၇။ မတရောဒနဇာတ်



# [၃၁၇]

# မတာရောဒနဇာတ်

လူ၊ နတ်၊ ဗြဟ္မာတို့အပေါ် တရားရေအေး၊ အမြိုက်ဆေးကို တိုက်ကျွေးကာ ဆင်းရဲခြင်းတို့ ကင်းပြတ်ရာ နိဗ္ဗာန်စခန်းသို့ လမ်းညွှန်တော်မူသည့် ဗုဒ္ဓဘုရားရှင်သည် သာဝတ္ထိပြည်မွန်၊ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးစဉ်က ဖြစ်လေ၏။

ထိုသာဝတ္ထိပြည်၌ပင် သာမန်သူကြွယ် တစ်ယောက်သည် အစ်ကိုဖြစ်သူ ဆုံးပါးသွားသည့်အတွက် စိတ်သောကတို့ ဖိစီးကာ ရေလည်းမချိုး၊ ထမင်းလည်းမစား၊ အမွှေးနံ့သာလည်း မလိမ်းကျံဘဲ နံနက်စောစော ရောက်လျှင်ပင် သုသာန်သို့သွားကာ အစ်ကို၏ မြေပုံနဘေး၌ ငိုကြွေးလေ့ရှိ၏။

ဘုရားရှင်သည် မိုးသောက်ထအခါ၌ လောကအလုံးစုံကို ကြည့်ရှုတော်မူလေသော် ထိုသူကြွယ်၏ သောတာပန်တည်မည့် အဖြစ်ကို တင်ကြိုသိမြင်တော်မူလေ၏။ ဤတွင် နောက်လိုက်

ရဟန်းတစ်ပါးကို ခေါ်တော်မူပြီး သူကြွယ်၏အိမ်သို့ ကြွတော်မူလေ၏။ ခင်းထားအပ်သော နေရာ၌ နေတော်မူစဉ် သူကြွယ်လည်း ဘုရားရှင်အား ရှိခိုးလျက်နေလေ၏။ ထိုအခါ ဘုရားရှင်က--

"ဒကာသူကြွယ်... စိုးရိမ်ပူဆွေးနေပါသလော"

ဟု မေးလေ၏။ သူကြွယ်ကလည်း...

"အရှင်ဘုရား... အစ်ကိုဖြစ်သူ သေလွန်သည့်အတွက် စိုးရိမ်ပူဆွေးရသည်မှ ယခုထိတိုင် ဖြစ်ပါ၏"

ဟူ၍ လျှောက်တင်လေ၏။ ထိုအခါ ဘုရားရှင်လည်း...

"ဒကာသူကြွယ်... ခပ်သိမ်းသော သင်္ခါရတရားတို့သည် အမြဲမရှိကြပါကုန်။ ပျက်စီးခြင်းသဘော ရှိပေ၏။ သည့်အတွက် ပျက်စီးခြင်းတို့အပေါ်၌ မစိုးရိမ်အပ်ပေ။ ရှေးပညာရှိတို့သည် အစ်ကို သေလွန်သော်လည်း မစိုးရိမ်ကြကုန်"

ဟု မိန့်ဆိုကာ အတိတ်ဇာတ်ကို ဆောင်တော်မူလေသတည်း။

* * *

ရှေး... လွန်လေပြီးသောကာလ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း စိုးစံစဉ်က အဆိုပါ တိုင်းပြည်၌ပင် သူဌေးသူကြွယ် ညီအစ်ကိုနှစ်ယောက် ရှိကြ၏။ မိဘတို့ တိမ်းပါးသွားသည်ရှိသော် အစ်ကိုဖြစ်သူသည် စည်းစိမ်ဥစ္စာတို့ကို စီမံအုပ်ချုပ်ရ၏။ ညီသူကြွယ်က အစ်ကိုဖြစ်သူထံ မှီခိုရ၏။

တစ်နေ့သော် အစ်ကိုသူကြွယ်သည် မမျှော်လင့်ဘဲ ကွယ်လွန်သွားလေ၏။ ထိုအခါ ဆွေမျိုးသားချင်းများ၊ မိတ်ဆွေသင်္ဂဟများ၊ အပေါင်းအသင်းများ ရောက်ရှိလာကြပြီး ငိုကြွေးကြလေ၏။ ညီသူကြွယ်ကား လုံးဝ မငိုကြွေးပေ။ ထိုအခါ ဆွေမျိုးသားချင်းတို့နှင့် ပတ်ဝန်းကျင် အသိုင်းအဝိုင်းတို့က–

"အချင်းတို့ ... ကြည့်ရှုကြကုန်လော့။ အစ်ကို သေသော်လည်း ဤညီသူကြွယ်ကား လုံးဝ မငိုကြွေး၊ မျက်နှာပင် အနည်းငယ်မျှ မမဲ့။ စိတ်ဓာတ်ခိုင်မာလှချေတကား။ စင်စစ် ၎င်းသည် အစ်ကိုဖြစ်သူ သေသွားသည့်အတွက် အစ်ကို့ဝေစုနှင့် ၎င်း၏ဝေစု အစုနှစ်စုတို့ ပိုင်ဆိုင်ရတော့မည် ဖြစ်သဖြင့် အစ်ကိုဖြစ်သူ သေဆုံးရခြင်းကိုပင် အလိုရှိယောင် ဖြစ်နေတကား ..."

ဟူ၍ အချင်းချင်း တီးတိုးပြောဆိုကာ ကဲ့ရဲ့ကြကုန်၏။ ညီသူကြွယ်လည်း ထိုစကားတို့ကို ကြားရလေလျှင် ...

"အချင်းတို့ ...

သင်တို့သည် လွန်စွာမှ မိုက်မဲလှပေသည်တကား။ လောကဓံတရား ရှစ်ပါးကိုလည်း မသိကြပေ။ သို့ဖြစ်၍ ငါ၏အစ်ကို သေသောအခါ ငိုကြွေးကြကုန်၏။ ငါသည်လည်း တစ်နေ့မဟုတ်တစ်နေ့ မုချသေရလတ္တံ့။ ထို့ကြောင့် ငါကား ငိုကြွေးခြင်းအမှုကို မပြုပေ။

ငါ၏အစ်ကိုကဲ့သို့ပင် သင်တို့လည်း တစ်နေ့မဟုတ် တစ်နေ့ မုချသေရလတ္တံ့။ ထိုသို့ နှလုံးသွင်းဆင်ခြင်လျက်

ငိုကြွေးခြင်းအမှုကို မပြုကြပါလေနှင့်။ ခပ်သိမ်းသော သင်္ခါ တို့မည်သည် အမြဲမရှိကြကုန်။ ဖြစ်ပြီးလျှင် ပျက်တတ်စမြဲ သာ ဖြစ်၏။ တည်တန့်သော သင်္ခါရတရားတို့ မည်သည် မရှိ။ သင်တို့အနေနှင့် မိုက်မဲ၍ ငိုကြွေးကြခြင်းသာ ဖြစ် ၏။ ငိုကြွေးခြင်းဖြင့် အဘယ်မှာ အကျိုးရှိပါမည်နည်း။ ထို့ကြောင့် ငါသည် မငိုကြွေး...။

အချင်းတို့... သင်တို့ကား သေလွန်တိုင်း သေလွန် တိုင်း ငိုကြွေးကြကုန်၏။ သေလတ္တံ့ဖြစ်သော သူကိုမူ မငိုကြွေးကြကုန်။ ခန္ဓာကိုယ်အား ရရှိပြီးသူ မှန်သမျှတို့မှာ တစ်နေ့မဟုတ် တစ်နေ့တွင် သေလွန်ကြစမြဲ ဖြစ်ပေ၏။ စည်းစိမ်ချမ်းသာနှင့် ပြည့်စုံကုန်သော နတ်, လူ, နဂါး, သား, ငှက်တို့သည် မိမိတို့ကိုယ်၌ အစိုးမရကုန်။ ဖြစ်ရာ အရပ်၌ မွေ့လျော်ကာ သေလွန်ကြစမြဲပင် ဖြစ်၏။

ထိုသဘောကိုသိ၍ ငါသည် အကျိုးမဲ့သော ငိုကြွေး ခြင်း ကို မပြု။ မိန်းမကြူးသူ၊ ကြွေအန်ကြူးသူ၊ သောက် စားကြူးသူ၊ သူတော်ကောင်း အကျင့်ကို မကျင့်သူ၊ အသင့် အတင့် နှလုံးမသွင်းတတ်သူ၊ လောကဓံတရား ရှစ်ပါးတို့၌ မလိမ္မာသော သူမိုက်တို့သည် အစ်ကိုသေလွန်ရာ မငိုကြွေး သော ငါ့အား အပြစ်တင် ကဲ့ရဲ့စကား ဆိုကြ၏။ ပညာရှိ ကို သူမိုက်ဟု ထင်ကြ၏"

ဟူ၍ ကဲ့ရဲ့သူတို့အား တရားနှင့် စပ်လျဉ်းသော စကားတို့ ကို ဟောကြားဆုံးမလေ၏။ ခပ်သိမ်းသော သူတို့လည်း ညီ

သူကြွယ်၏ စကားကို ကြားနာရသဖြင့် စိုးရိမ်သောကများ လွင့်စင်သွားကြကုန်၏။

ဘုရားရှင်လည်း ဒေသနာကို ဆောင်တော်မူပြီး သစ္စာကို ပြသည်အဆုံး၌ သူကြွယ်လည်း သောတာပတ္တိဖိုလ်၌ တည်လေ၏။

ဤသို့လျှင် ဗုဒ္ဓဘုရားရှင်သည် အတိတ်, ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူလျက်–

"ရဟန်းတို့...ထိုအခါက သောကမရှိအောင် ပြုသော ပညာရှိသူကြွယ်သည် ယခုအခါ ငါဘုရားရှင် ဖြစ်လာ၏" ဟု မိန့်ဆိုလျက် ဇာတ်ကို ပေါင်းတော်မူလေသတည်း။

❒ ❒ ❒

# ၃၁၈။ ကဏဝေရဇာတ်



[၁၁၈]

# ကဏာဝေရဇာတ်

လူ၊ နတ်၊ ဗြဟ္မာတို့၏ ဆရာအရှင် ဖြစ်တော်မူသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးစဉ်က ဖြစ်၏။ ထိုကာလဝယ် ရဟန်းတော်သည် မယားဟောင်း၏ ဖြားယောင်းသွေးဆောင်မှုကြောင့် သာသနာတော်၌ ငြီးငွေ့ပျင်းရိလျက် ရှိလေ၏။

ထိုအခါ သီတင်းသုံးဖော် ရဟန်းတို့သည် အဆိုပါရဟန်းအား ဘုရားရှင် ရှေ့တော်မှောက်သို့ ခေါ်ဆောင်သွားပြီး အကျိုးအကြောင်းကို လျှောက်ထားလေ၏။ ထိုအခါ ဘုရားရှင်လည်း ထိုရဟန်းအား ဝန်ခံစေတော်မူပြီးသည့်နောက်–

"ချစ်သား... သင်သည် အဘယ်ကြောင့် မိန်းမ အတွက်နှင့် သာသနာတော်၌ ငြီးငွေ့ပျင်းရိရလေသနည်း။

သင်သည် ယခုမှသာမဟုတ်၊ ရှေးအခါကလည်း ဤမိန်းမကို အမှီပြု၍ သန်လျက်ဖြင့် ဦးခေါင်းကို အဖြတ်ခံရဖူးပေပြီ”

ဟု မိန့်ဆိုကာ အတိတ်ဇာတ်ကို ဆောင်တော်မူလေသတည်း။

*　*　*

ရှေး... လွန်လေပြီးသောကာလ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ကာသိကာရွာရှိ သူကြွယ်တစ်ဦး၌ သားငယ်တစ်ယောက် ရှိလေသည်။ ထိုသားငယ်သည် စောရနက္ခတ်နှင့်ယှဉ်၍ ဖွားသည့်အတွက် အရွယ်ရောက်သည်ရှိသော် ခိုးတတ်ဝှက်တတ်လာ၏။ ထို့နောက် သူခိုးအလုပ်ဖြင့်ပင် အသက်မွေးဝမ်းကျောင်း ပြုလေ၏။ သူခိုးလေးမှ သူခိုးကြီး ဖြစ်လာသည်နှင့်အမျှ ဆင်ပြောင်တမျှ အင်အားကြီးလေ၏။ ၎င်းကို မည်သူမျှ မဖမ်းဆီးနိုင်ကြပေ။

တစ်နေ့သ၌ ထိုသူခိုးကြီးသည် သူဌေးတစ်ဦး၏ အိမ်မှ များလှစွာသော ဥစ္စာပစ္စည်းတို့ကို ခိုးယူလေ၏။ ထိုအခါ မြို့သူမြို့သားတို့သည် မင်းကြီးအား တိုင်ကြားကြကုန်၏။ မင်းကြီးလည်း သူခိုးကြီးအား ဖမ်းဆီးရန် မြို့စောင့်ကို တာဝန်ပေးလေ၏။ မြို့စောင့်လည်း ရပ်ကွက်အသီးသီး၌ ကင်းပုန်းများချလျက် အင်အားပေါင်းစုကာ ဖမ်းသည်ရှိသော သူခိုးကြီးလည်း ဥစ္စာပစ္စည်းနှင့်တကွ ဖမ်းဆီးမိလေတော့၏။ ထိုအခါ မြို့စောင့်သည် မင်းကြီးထံ ဆက်သလေ၏။ ထိုအခါ မင်းကြီးက...

"ဤသူခိုးကြီးကား သန်လျက်ဖြင့် ခေါင်းဖြတ်သတ်စေ..."

ဟူ၍ အမိန့်ပေးလေ၏။ မြို့စောင့်လည်း သူခိုးကြီးအား လက်ပြန်ကြိုးတုပ်လျက် လည်၌ ကုလားဇလပ် ပန်းကုံးတို့ကို ဆွဲစေကာ ဦးခေါင်းအား အုတ်မှုန့်တို့ကို ဖြူးလေ၏။ မြို့တွင်းရှိ လမ်းဆုံတိုင်း၊ လမ်းဆုံတိုင်း ကြိမ်လုံးဖြင့် တရွှမ်းရွှမ်း ရိုက်နှက်ကာ ကြမ်းတမ်းစူးရှသော စည်ကို တီးခတ်စေ၏။ တစ်မြို့လုံးလည်း သူခိုးကြီးကို ဖမ်းမိပြီ ဖြစ်ကြောင်း သတင်းကြားရသဖြင့် အုတ်အုတ်ကျက်ကျက် ဖြစ်နေကြလေ၏။ မြို့စောင့်လည်း သူခိုးကြီးကို သုတ်သင်ကွပ်မျက်ရန် သုသာန်ရှိရာသို့ ဦးတည်သွားနေလေ၏။

ထိုမြင်ကွင်းကို ပြာသာဒ်ထက်မှ တွေ့မြင်လိုက်ရသူကား 'သာမာ'အမည်ရှိ ပြည့်တန်ဆာမ ဖြစ်လေ၏။ သာမာသည် ပြည့်တန်ဆာမ ဖြစ်သော်လည်း နှယ်နှယ်ရရ မဟုတ်ပေ။ အသပြာတစ်ထောင်ရှိမှသာ သွားလာရသော ပြည့်တန်ဆာမဖြစ်ပြီး မင်းကြီးနှင့်လည်း အကျွမ်းတဝင်ရှိ၏။ အခြံအရံ ကျွန်မ ငါးရာရှိ၏။

သာမာသည် သူခိုးကြီးကို မြင်ရလျှင် တပ်မက်စိတ်တို့ ဖြစ်ပေါ်လာ၏။ သူခိုးကြီး၏ ထွားကျိုင်းသန်မာလှစွာသော ကိုယ်ကာယကိုကြည့်လျက် လင်တော်ချင်စိတ်များ တဖွားဖွား ပေါ်လာ၏။ ထို့နောက် ဥပါယ်တံမျဉ်ဖြင့် အနှောင်အဖွဲ့မှ လွတ်ကင်းအောင် ကြံဆောင်မည်ဟု ပိုင်းဖြတ်ကာ ၎င်း၏အခြံအရံ အမှုလုပ် မိန်းမတစ်ယောက်ကို ခေါ်လိုက်၏။

"ရှင်မ...မြို့စောင့်အား ပြောချေလော့။ အဆိုပါ ခိုးသူကြီးကား သာမာ၏ မောင်ဖြစ်၏။ သာမာမှတစ်ပါး ကိုးကွယ်ရာမရှိ။ သင်တို့အနေဖြင့် ဤအသပြာတစ်ထောင်ကို ယူ၍ ဤသူခိုးကြီးကို လွှတ်ပါဟု ပြောချေ..."

ဟု ဆိုကာ စေလွှတ်လိုက်လေ၏။ ထိုမိန်းမလည်း သာမာခိုင်းစေသည့်အတိုင်းပင် အသပြာတစ်ထောင်ကို ယူ၍ မြို့စောင့်ထံသွားကာ အကျိုးအကြောင်းကို ပြောဆိုလေ၏။ မြို့စောင့်လည်း ...

"သူငယ်မ...ဤသူခိုးကြီးကား နာမည်ကျော်သူခိုးကြီးဖြစ်၏။ ဤနည်းဖြင့် ငါမလွှတ်နိုင်။ လူစားရမည် ဆိုပါက ဤသူခိုးကြီးအား လွှတ်နိုင်ပါလိမ့်မည်။"

ဟု ပြောဆိုလေ၏။ အမှုလုပ်မိန်းမလည်း သာမာ့ထံ ပြန်လာကာ အကျိုးအကြောင်းကို ရှင်းပြလေ၏။ ထိုစဉ်ကာလ၌ သူဌေးသား တစ်ယောက်သည် သာမာအပေါ် စွဲလမ်းတပ်မက်သဖြင့် နေ့စဉ်နေ့တိုင်း အသပြာတစ်ထောင် တစ်ထောင်ပေးကာ ပျော်ပါးလေ၏။ ဤနေ့တွင်လည်း ပျော်ပါးရန်အတွက် အသပြာတစ်ထောင်ယူကာ သာမာ့ထံ လာခဲ့လေ၏။ ဤတွင် သာမာလည်း အသပြာတစ်ထောင်အား ယူငင်၍ ပေါင်ပေါ်၌ တင်ထားကာ ငိုကြွေးလေ၏။

"အရှင်သူဌေးသား... သာမာ့အား အကူအညီပေးပါ..."

"သာမာ...သင်လိုသော အကူအညီကို ပြောပါ။ ငါကူညီပါမည်"

"အရှင်သူဌေးသား...ခပ်လှမ်းလှမ်း၌ တွေ့နေရသော မြင်ကွင်းကို ကြည့်ပါလော့။ မြို့စောင့် ဖမ်းဆီးခြင်း ခံနေရသော သူခိုးကြီးမှာ သာမာ၏မောင် ဖြစ်ပါသည်။ ၎င်းသည် သာမာ့ထံ မလာဝံ့ပါ။ သည့်အတွက် မြို့စောင့်ထံ စေလွှတ်သောအခါ အသပြာတစ်ထောင်ရမှ လွှတ်မည်ဟု ပြောပါသည်။ သည့်အတွက် အသပြာတစ်ထောင်အား မြို့စောင့်လက်တွင်းသို့ သွားပေးစေလိုပါသည်"

ထိုသို့ မူယာမာယာဖြင့် ပြောလေသော် သူဌေးသားလည်း အမှန်တကယ် ထင်မှတ်၍ အသပြာတစ်ထောင်ကို ယူကာ မြို့စောင့်ထံ သွားရောက်ပေးအပ်လေ၏။ မြို့စောင့်လည်း လူစားလာလဲသည်ဟု မှတ်ယူပြီး အသပြာတစ်ထောင်ကို ယူ၏။ သူဌေးသားကို ဖမ်းဆီးကာ သူခိုးကြီးအား သာမာ့ထံ ပို့စေ၏။ မြို့စောင့်သည် လူစားလဲထားသော ရာဇဝတ်သားအား အနှောင်အဖွဲ့တို့ဖြင့် သုသာန်သို့ ယူဆောင်ကာ အချိန်ကျသည်ရှိသော် ဦးခေါင်းကို သန်လျက်ဖြင့် ပိုင်းဖြတ်လျက် ကိုယ်ကို တံကျင်လျှိုပြီး မြို့တွင်းသို့ ပြန်ဝင်သွားလေ၏။

ထိုအချိန်မှစ၍ သာမာလည်း သူတစ်ပါးထံမှ အသပြာကိုလည်း မယူ၊ လက်လည်းမခံတော့ဘဲ သူခိုးကြီးနှင့်သာ လောကစည်းစိမ်ကို အားပါးတရ ခံစားလေတော့၏။ တစ်နေ့သ၌ သူခိုးကြီးလည်း အခြေအနေကို ဆင်ခြင်သုံးသပ်မိလေ၏။

"ဤ...သာမာဆိုသည့် ပြည့်တန်ဆာမကား စင်စစ်အားဖြင့် မိန်းမယုတ်သာ ဖြစ်ချေ၏။ ငါ့ထက် စွဲမက်နှစ်

သက်ဖွယ်ကောင်းသော ယောက်ျားကို တွေ့ပါက ငါ့ကို သတ်စေပြီး ထိုယောက်ျားနှင့် ပေါင်းဖော်မွေ့လျော်ပေဦး မည်။ မိန်းမယုတ်တို့၏ သဘောကား အဆွေခင်ပွန်းတို့ အပေါ်၌ ကျူးလွန်ပြစ်မှားရန် ဝန်မလေးတတ်ကြချေ။ ငါ သည် ဤမိန်းမယုတ်ထံ၌ မနေဘဲ အမြန်ဆုံး ဖဲခွာသွား သင့်၏။ သို့ရာတွင် လက်ချည်းသက်သက် ဖဲခွာ၍ မဖြစ် သေး။ ဤမိန်းမယုတ်ထံမှ လက်ဝတ်တန်ဆာတို့ကို အရ ယူပြီးမှ သွားမည်"

ထိုသို့ ကြံစည်နေရင်းမှ တစ်နေ့သော် သာမာအား ကယု ကယင် ကျီစယ်ပြီး–

"နှမ...ငါသည်ကား ဆောင်း၌ အအုပ်ခံထားရသည့် ကြက်ကဲ့သို့ ဤအိမ်တွင်းမှာချည်း နေရသည်မှာ ကြာလေ သော် ပျင်းရိငြီးငွေ့လာပေ၏။ စိတ်ထဲမှာလည်း ကျဉ်းကြပ် လှ၏။ သို့ဖြစ်၍ စိတ်ပြေလက်ပျောက် ဖြစ်ရလေအောင် ဥယျာဉ်သို့ သွား၍ ကစားကြပါစို့..."

ဟု စကားခေါ်လေ၏။ သာမာလည်း အဟုတ်ထင်မှတ်၍ ကောင်းပြီဟု ပြောဆိုကာ စားသောက်ဖွယ်တို့ကို စုံလင်စွာ စီမံ၏။ ဝတ်ကောင်းစားလှနှင့်တကွ အဖိုးတန် လက်ဝတ်တန် ဆာတို့ကို ဝတ်ဆင်လျက် လင်တော်မောင် သူခိုးကြီးနှင့်အတူ ယာဉ်စီးကာ ဥယျာဉ်သို့ ထွက်ခဲ့ကြလေ၏။ ဥယျာဉ်သို့ ရောက် လေသော် သာမာနှင့် ယှဉ်တွဲကာ လျှောက်ရင်း လူသူကင်းပြတ် သည့် နေရာအရောက်–

"ဤအချိန်ကား ကိုယ်လွတ်ရုန်း ပြေးထွက်ရန် အချိန်အခါ ကောင်းပေတည်း..."

ဟုဆိုကာ သာမာအား ကိလေသာဖြင့် မွေ့လျော်မည့် အသွင်ဆောင်ကာ ကုလားဇလပ် ချုံတွင်းသို့ဝင်စေ၏။ သာမာလည်း လောကီစည်းစိမ် ခံစားရသည့်အပေါ် အမြဲပင် အလိုရှိသူဖြစ်ရလေကား ချုံတွင်းသို့ဝင်လေ၏။ ဤတွင် သူခိုးကြီးသည် သာမာအား လည်ဖက်သည့်အသွင်ဖြင့် မိန်းမောအောင် ပြုလေရာ သာမာလည်း မေ့လဲကျသွားလေ၏။ ဤတွင် သူခိုးကြီးသည် အဆင်တန်ဆာ အလုံးစုံကို ချွတ်ယူကာ အပေါ်ရုံပုဆိုးဖြင့် ထုပ်ပိုး၏။ ထို့နောက် အရိပ်အခြေကို အကဲခတ်ရင်း ဥယျာဉ်အတွင်းမှ ထွက်ခွာသွားလေတော့၏။

သာမာလည်း အတန်ကြာသော် မေ့နေရာမှ သတိရလာ၏။ ထို့နောက် ကုလားဇလပ် ချုံတွင်းမှထွက်၍ အလုပ်အကျွေးတို့ထံသွား၍ လင်တော်မောင် သူခိုးကြီး၏အကြောင်းကို မေး၏။ မသိကြောင်း ကြားရလျှင်...

"ငါ၏လင်ကား...ငါသေသွားပြီဟု ထင်မှတ်လျက် ငါ့ကိုစွန့်ခွာသွားသည် ဖြစ်လိမ့်မည်"

ဟူ၍ နှလုံးမသာမယာ ဖြစ်ကာ အိမ်သို့ ပြန်လာလေ၏။ လင်တော်မောင် သူခိုးကြီးအပေါ် တန်းတန်းစွဲ ဖြစ်လေရကား လင်ကို မမြင်ရသဖြင့် တန်ဆာဆင်ထားသော အိပ်ရာ၌လည်း မအိပ်၊ နှစ်သက်ဖွယ် အဝတ်တို့ကိုလည်း မဝတ်။ ကောင်းစွာစီမံချက်ပြုတ်ထားသော အစားအစာတို့ကိုလည်း မစား၊ ပန်း

လည်းမပန်၊ နံ့သာလည်း မလိမ်း။ တစ်စုံတစ်ခုသော ဥပါယ်တံမျဉ်ဖြင့် ချစ်လင်ကိုရှာ၍ ခေါ်စေမည်ဟု ကြံစည်ကာ ကခြေသည်မတို့ကို ခေါ်၏။ ထို့နောက် သီချင်းတစ်ပုဒ် သီကုံးစေ၏။ ထို့နောက်–

"ကခြေသည်တို့...သင်တို့ ရောက်လေရာရာ မြို့ရွာနိဂုံး၌ ပွဲသဘင်ခံသည်ရှိသော ရှေးဦးစွာ ဤစပ်ဆိုထားသော သီချင်းကို ဆိုပါကုန်။ ပရိသတ်ထဲ၌ ငါ၏ချစ်လင် ရှိနေပါက ၎င်းသည် သင်တို့နှင့် စကားပြောလိမ့်မည်။ ထိုအခါ အနာရောဂါကင်းသည့်အကြောင်း ပြောဆိုပြီးလျှင် ၎င်းအား ငါ့ထံသို့ ခေါ်ဆောင်လာခဲ့ကြပါကုန်။ အကယ်၍ တစ်ပါတည်း မလိုက်လာပါက သတင်းစကား မှာထားလိုက်ကြပါ"

ဟု ပြောဆိုမှာကြားကာ ငွေကြေးရိက္ခာတို့ အပြည့်အစုံပေးလိုက်လေ၏။ ကခြေသည်တို့လည်း ဗာရာဏသီမှထွက်ကာ ထိုထိုသော အရပ်တို့၌ ပွဲသဘင်ခံကြ၏။ ကပြကြရာ ပွဲသဘင်၌ ရှေးဦးစွာပင် သာမာစပ်ဆိုသော သီချင်းကို သီဆိုကြ၏။ သို့ဖြင့် ပစ္စန္တရစ်သို့ ရောက်ရှိသွားလေ၏။ ထိုပစ္စန္တရစ်ရှိ ပွဲသဘင်၌ ပရိသတ်အတွင်းဝယ် သူခိုးကြီးလည်း ရှိနေ၏။ ပွဲသဘင်ခံသည်ရှိသော ရှေးဦးစွာ သီဆိုနေကြသည့်အတိုင်း သာမာရေးစပ်သည့် သီချင်းဖြင့် စတင်ဖွင့်လေ၏။

"အချင်းတို့...ဝသန္တအခါဝယ် နီမြန်းသော ကုလားဇလပ်ချုံ၌ လည်အဖက်ခံရသော သာမာသည် ထိုလည်ဖက်

သော ချစ်လင်အား ကျန်းမာပကတိ ရှိနေပါကြောင်း ပြော
ကြားလိုက်ပါ၏"

သီချင်းဆိုသည်ရှိသော် သူခိုးကြီးလည်း ကခြေသည်မတို့နှင့် တွေ့ဆုံလေ၏။

"အချင်း... ကခြေသည်မ၊ သာမာမည်သော မိန်းမ
သည် သေခဲ့ပြီး ဖြစ်ပါ၏။ သို့ရာတွင် ထိုသာမာသည်
ငါ့ကို အနာရောဂါကင်းကြောင်း ပြောကြားလိုက်၏ ဟူ
သော စကားကိုမူ ငါမယုံကြည်နိုင်ပေ။ လေသည် တောင်
နှင့်မြေ အလုံးစုံကို ဆောင်ယူ၍ သွားသည်ဆိုသော စကား
ကဲ့သို့ဖြစ်၍ ငါမယုံကြည်နိုင်ပါ"

ထိုသို့ ဆိုသည်ရှိသော် ကခြေသည်မတို့ကလည်း...

"အရှင်... သာမာမည်သော မိန်းမသည် မသေပါ။
ထိုသာမာသည် အခြားလင်ကိုလည်း အလိုမရှိပါ။ အသပြာ
တစ်ထောင်ဖြင့် ဝယ်ယူထားရသော လင်တစ်ယောက်ကို
သာ အလိုရှိပါ၏"

ဟူ၍ သူခိုးကြီးအား ပြန်ပြောဆိုလေ၏။ သူခိုးကြီးလည်း ကခြေသည်၏ စကားကိုကြားလျှင် သာမာ အသက်ရှင်သည် ဖြစ်စေ၊ သေသည်ဖြစ်စေ အလိုမရှိတော့ပြီဟု ဆုံးဖြတ်၍...

"အချင်း... ကခြေသည်၊ သာမာသည် မပေါင်းဖော်
ဖူးသေးသော ငါ့အား ကြာမြင့်စွာ ပေါင်းဖော်ဖူးသော သူဌေး
သားနှင့် လဲလှယ်၍ ယူဘိ၏။ မမြဲသော ငါ့ကို မြဲသော
လင်နှင့် လဲလှယ်၍ ယူဘိ၏။ ငါနှင့်လည်း တစ်ပါးသော

လင်ကို လဲလှယ်၍ မယူဘူး မဆိုနိုင်။ သည့်အတွက် ငါ
သည် သာမာနှင့် သာ၍ ဝေးသော အရပ်သို့ သွားပါတော့
အံ့"

ဟု ဆိုလျက် မည်သူမျှ မတားဆီးနိုင်စဉ်မှာပင် လျင်မြန်လှသော အဟုန်ဖြင့် ထွက်ပြေးသွားလေတော့၏။ ကခြေသည်တို့လည်း ဗာရာဏသီပြည်သို့ ပြန်လည်ရောက်ရှိလေသော် သာမာထံသို့ ဝင်၍ အဖြစ်အပျက် အလုံးစုံကို ပြောပြလေရာ သာမာလည်း စိတ်နှလုံး မရွှင်မလန်း ဖြစ်ရလေတော့၏။

ထိုသို့ မြတ်စွာဘုရားရှင်သည် ဒေသနာကိုဆောင်၍ သစ္စာကို ပြသည်၏ အဆုံး၌ သာသနာတော်တွင် ငြီးငွေ့ပျင်းရိနေသော ရဟန်းလည်း သောတာပတ္တိဖိုလ်သို့ ဆိုက်လေတော့၏။

ဤသို့လျှင် ဗုဒ္ဓဘုရားရှင်လည်း အတိတ်, ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူ၍

"ရဟန်းတို့...

ထိုအခါက သူဌေးသားသည် ယခုအခါ သာသနာ
တော်၌ ငြီးငွေ့သောရဟန်း၊

သာမာသည် မယားဟောင်း၊

သူခိုးကြီးကား ငါဘုရားရှင် ဖြစ်လာ၏"

ဟု မိန့်ဆိုကာ ဇာတ်ကို ပေါင်းတော်မူလေသတည်း။

❒ ❒ ❒

# ၃၁၉။ တိတ္တိရဇာတ်



# [၃၁၉]

# တက္ကိရဇာတ်

လူ၊ နတ်၊ ဗြဟ္မာတို့၏ အထွတ်ဥသျှောင် ဖြစ်တော်မူသော ဘုရားရှင်သည် ကောသမ္ဗီပြည်ကို အမှီပြု၍ ဆီးတောကျောင်း၌ သီတင်းသုံးစဉ်က ဖြစ်၏။ ရာဟုလာသည် ကိုယ်ကျင့်သိက္ခာကို စောင့်ထိန်း၏။ မကောင်းမှု ပြုလုပ်ရန်ကို ရှောင်ရှားတတ်၏။ ဆိုဆုံးမမှုအပေါ်တွင် နာခံတတ်၏။

ရဟန်းတို့လည်း တရားသဘင်၌ စုဝေးမိကြသည့်အခိုက် ရှင်ရာဟုလာ၌ ရှိသည့် ကောင်းမြတ်သော ဂုဏ်ပုဒ်တို့ကို ထုတ်နုတ်ပြောကြားနေစဉ် ဘုရားရှင် ကြွတော်မူလာပြီး အကြောင်းစုံ သိလေသည်ရှိသော်...

"ရဟန်းတို့...

ရာဟုလာသည် ယခုအခါ၌သာလျှင် ဆိုဆုံးမမှု အပေါ်တွင် နာခံတတ်သည် မဟုတ်သေး။ ရှေးကလည်း ဆိုဆုံးမမှုအပေါ်တွင် နာခံတတ်သူ ဖြစ်ခဲ့ဖူး၏"

ဟူ၍ မိန့်ဆိုကာ အတိတ်ဇာတ်ကို ဆောင်တော်မူလေသတည်း။

* * *

ရှေး... လွန်လေပြီးသောကာလ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ပုဏ္ဏားလုလင် တစ်ဦးသည် တက္ကသိုလ်ပြည်၌ အတတ်ပညာ အလုံးစုံတို့ကို သင်ယူခဲ့၏။ ထို့နောက် လောကီရေးရာတို့အပေါ်တွင် စက်ဆုပ်မိသည့်အလျောက် ရသေ့ရဟန်းပြုကာ ဟိမဝန္တာတောသို့ ဝင်လေ၏။ ပြီးလျှင် အဘိညာဉ် သမာပတ်ကို ဖြစ်စေလျက် ဈာန်နှင့် မွေ့ပျော်နေလေ၏။

တစ်နေ့သ၌ ရှင်ရသေ့သည် ချဉ်စားမှီဝဲရန် အလို့ငှာ ပစ္စန္တရစ်သို့ ဝင်လေ၏။ ရွာသူရွာသားအပေါင်းလည်း ရှင်ရသေ့ကို မြင်လေသော် ကြည်ညိုစိတ် ရှိသည်ဖြစ်၍ တောကျောင်းကလေး ဆောက်လုပ်ကာ ပစ္စည်းလေးပါးတို့ဖြင့် လုပ်ကျွေးကြကုန်၏။

တစ်နေ့သော် ရွာရှိ ငှက်မုဆိုးတစ်ယောက်သည် ခါတိန်ညင် တစ်ကောင်ကိုယူ၍ ကောင်းစွာသင်ကြားပြီးလျှင် လှောင်ချိုင့် အတွင်း၌ မွေးမြူထားလေသည်။ ထိုမုဆိုးလည်း တောသို့သွားသည့်အခါ ခါတိန်ညင်ကို တည်ကြက်လုပ်လျက် ခါတွန်သံ ကြားလေတိုင်း လာကြကုန်သော ခါငှက်တို့အား ဖမ်းယူသတ်ဖြတ် ရောင်းချလျက် အသက်မွေးလေ၏။ ထိုအခါ ခါငှက်က...

"ငါ၏တွန်သံကြောင့် ငါ၏ဆွေမျိုးတို့ ပျက်စီးကြရ၏။ ဤမကောင်းမှုကား...ငါ၏ မကောင်းမှု ဖြစ်ပေ၏"

ထိုသို့ ကြံစည်မိသည့်အလျောက် တောသို့ရောက်သည့်ရှိသော် မတွန်ဘဲ နေလေ၏။ မုဆိုးလျှင် မတွန်သောအခါ ဝါးခြမ်းပြားဖြင့် ဦးခေါင်းကို ရိုက်နှက်၏၊ မခံမရပ်နိုင်အောင် နာကျင်လေသော် ခါတိန်ညင်လည်း ပြန်၍တွန်ရပြန်လေသည်။ သို့ဖြင့် ငှက်မုဆိုးလည်း စီးပွားလမ်းဖြောင့်နေလေ၏။ ဤတွင် ခါတိန်ညင်သည် စဉ်းစားပြန်လေ၏။

"ငါကား...ဆွေမျိုးအပေါင်းတို့ သေစေကုန်သတည်း ဟူသော စိတ်စေတနာ မရှိခဲ့။ ငါ့ကိုမှီသဖြင့် မုဆိုးလည်း သူတစ်ပါးအသက်ကို သတ်ဖြတ်သည့် ပါဏာတိပါတကံကို ရနေ၏။ ငါသာ မတွန်ခဲ့ပါမူ ခါတို့ မလာကြကုန်။ ငါတွန်၍သာ လာကြကုန်၏။ လာတိုင်းလာတိုင်းသော ခါတို့ကို ဤမုဆိုးသည် သတ်၏။

ဤအရာ၌ ငါ့အား မကောင်းမှုကံ ရှိလေသလော၊ မရှိလေသလော..."

ထိုသို့ ကြံစည်ရာမှ ယုံမှားသံသယ ရှိသဖြင့် ထိုယုံမှားသံသယကို အဘယ်သူ ပယ်ဖျောက်နိုင်ပါအံ့နည်း ဟူ၍ ပညာရှိသူတော်ကောင်းကို ရှာဖွေလေ၏။

တစ်နေ့သ၌ ငှက်မုဆိုးသည် ခါများစွာတို့ကို ဖမ်းဆီးယူငင်ပြီးလျှင် ရေသောက်မည်ဟူ၍ ရသေ့ကျောင်းသို့ ဝင်၏။ ထိုအခါ ခါတိန်ညင်ကို ရသေ့ထံ အပ်နှံလျက် ရေကို တစ်ဝသောက်ပြီးသည့်နောက် သဲပြင်၌ လဲလျောင်းကာ အိပ်ပျော်သွားလေ၏။ ထိုအခါ ခါတိန်ညင်လည်း မုဆိုးအိပ်ပျော်နေသည်ကို သိ၍

ငါ၏ ယုံမှားသံသယကို ရသေ့အား မေးမည်။ သိလျှင် ငါ့အား ဖြေကြားပေးပေလိမ့်မည် ဟူ၍ ကြံစည်ကာ လှောင်ချိုင့်တွင်းမှာ နေ၍–

"အရှင်ရသေ့...အကျွန်ုပ်သည် ဤငှက်မုဆိုးကို မှီ၍ ချမ်းသာစွာ အသက်မွေးရပါ၏။ စားဖို့ အစာကိုလည်း ရပါ၏။ သို့သော်လည်း ဘေးရန်အတွင်း၌သာ နေရပါ၏။ အကျွန်ုပ်၏ လားရာဂတိကား အဘယ်သို့ ဖြစ်နိုင်ပါမည် နည်း"

ဟူ၍ မေးလျှောက်လေ၏။ ရသေ့လည်း ခါတိန်ညင်၏ စကားကိုကြားလျှင်–

"အို... ခါငှက်၊ မကောင်းမှု ပြုလုပ်ဖို့ရန် သင်၏ စိတ်စေတနာသည် အကယ်၍ မညွတ်ပါမူ တစ်စုံတစ်ရာ လုံ့လမပြုကောင်းသော သင့်အဖို့ မကောင်းမှုတို့ မလိမ်းကျံ နိုင်ပေ"

ဟူ၍ ဖြေကြားလေ၏။ ခါလည်း ထိုစကားကို ကြားရ လျှင်–

"အရှင်ရသေ့၊ အကျွန်ုပ်၏ တွန်သံကြောင့် ခါအဆွေ အမျိုးတို့ လာကြပါ၏။ ထိုအခါ သေဘေးသို့ ကျရောက် ပါ၏။ အကျွန်ုပ်ကို စွဲ၍လည်း မုဆိုးသည် ပါဏာတိပါတ ကံကို ရနေပါ၏။ ထိုမကောင်းမှုကံ၌ အကျွန်ုပ်၏စိတ်သည် ယုံမှားသံသယ ရှိနေပါ၏"

ဟုဆိုလေသော် ရှင်ရသေ့လည်း...

"အို...ခါငှက်၊ သင်၏စိတ်သာ အဓိက ဖြစ်ပါ၏။ သင်၏စိတ်သည် အဆွေအမျိုးတို့အား သေစေလိုခြင်း မရှိပါက သင့်၌ မကောင်းမှုကံတို့ မရှိ။ မကောင်းမှုတို့ မလိမ်းကျံနိုင်"

ဟူ၍ ဖြေကြားလိုက်လေ၏။ ခါလည်း ပညာရှိရသေ့ကို မှီ၍ ယုံမှားသံသယ ကင်းရလေ၏။ ထိုအခိုက် မုဆိုးလည်း အိပ်ပျော်ရာမှ နိုးလာသည်ရှိသော် ရသေ့ကို ရှိခိုးပြီး ခါအပေါင်းနှင့်တကွ ခါတိန်ညင် တည်ထားသော လှောင်ချိုင့်ကို ဆွဲလျက် ရွာတွင်းသို့ ဝင်လေ၏။

ဤသို့လျှင် ဗုဒ္ဓဘုရားရှင်လည်း အတိတ်, ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူလျက်...

"ရဟန်းတို့...

ထိုအခါက ခါငှက်သည် ယခုအခါ ရာဟုလာ ဖြစ်လာပြီး ပညာရှိရသေ့ကား ငါဘုရားရှင် ဖြစ်လာ၏"

ဟု မိန့်ဆိုကာ ဇာတ်ကို ပေါင်းတော်မူလေသတည်း။

❒ ❒ ❒

# ၃၂၀။ သုစ္စဇာတ်



## [၃၂၀]

## သုစ္စဇာတ်

လူ၊ နတ်၊ ဗြဟ္မာတို့၏ အထွတ်မှန်ကင်း တရားမင်း ဖြစ်တော်မူ ဘုရားရှင်သည် သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်း တော်၌ သီတင်းသုံးစဉ်အခါက ဖြစ်၏။

သူကြွယ်တစ်ယောက်သည် မယားဖြစ်သူနှင့် ရွာငယ်တစ်ရွာ သို့ ကြွေးမြီအတောင်း သွားလေ၏။ အပြန်တွင် လမ်းခရီး အကြား၌ တောင်တစ်တောင်ကို မြင်လျှင် မယားဖြစ်သူက လင်ဖြစ်သူအား...

"အရှင်...ယခု မြင်နေရသော တောင်သည် ရွှေအတိ ပြီးသော တောင်ဖြစ်ပါက အကျွန်ုပ်အား အနည်းငယ် ပေးပါမည်လော"

ဟု မေးလေ၏။ ထိုအခါ သူကြွယ်က–

"ရှင်မ...သင်ဘယ်သို့ ပြောလိုက်လေသနည်း။ ငါ သည် သင့်အား တစ်စုံတစ်ခုကိုမျှ မပေးနိုင်"

ဟု ပြောဆိုလေ၏။ ထိုအခါ မယားသည် ဤယောကျ်ား ကား ဤတောင်သည် ရွှေဖြစ်သော်လည်း ငါ့အား တစ်စုံတစ်ခု ကိုမျှ မပေးနိုင်ဟု ပြောရကာ်၏ဟူ၍ စိတ်နှလုံး မသာမယာ ဖြစ်လေ၏။ ထိုလင်မယား နှစ်ယောက်တို့သည် ဇေတဝန် ကျောင်းတော်အနီးသို့ ရောက်လျှင် ရေသောက်မည်ဟူ၍ ခေတ္တ ဝင်ကာ ရေသောက်ကြကုန်၏။ မြတ်စွာဘုရားရှင်လည်း ထို သူကြွယ် လင်မယားတို့ သောတာပတ္တိဖိုလ်တည်မည့် ဥပနိဿယ ကို မြင်၍ လာလတ္တံ့သော လမ်းကိုသာ ရှုမျှော်လျက် နေတော် မူ၏။ သူကြွယ်လင်မယားတို့လည်း ရေသောက်ပြီးလျှင် ဘုရား ရှင်ထံ ဆည်းကပ်ကာ ရှိခိုးပူဇော်ကြကုန်၏။

ဘုရားရှင်လည်း သူကြွယ်လင်မယားအား ပဋိသန္ထာရစကား ဆိုပြီးလျှင်–

"ဒါယကာတို့...မည်သည့်အရပ်သို့ သွားကြသနည်း"

ဟု မေးတော်မူလျှင်...

"အရှင်ဘုရား...ကြွေးမြီတောင်းရန် ရွာငယ်တစ်ရွာ သို့ သွားကြပါ၏"

ဟူ၍ ဖြေလေ၏။ ထိုအခါ ဘုရားရှင်က–

"အို...ဒါယိကာမ၊ သင်၏လင်သည် သင်၏ အကျိုး စီးပွားကို အလိုရှိပါသလော။ သင့်အား ကျေးဇူးပြုပါ၏ လော..."

ဟူ၍ မေးလေ၏။ ထိုအခါ သူကြွယ်၏မယားက–

"အရှင်ဘုရား... တပည့်တော်မသည် ဤလင် ယောကျ်ားအား လွန်စွာ ချစ်မြတ်နိုးပါ၏။ သို့ရာတွင်

ဤလင်ယောကျ်ားသည် တပည့်တော်မအပေါ်၌ ချစ်ခင်မြတ်နိုးမှု မရှိပါ။ ယနေ့ ခရီးသွားရာတွင် တောင်တစ်တောင်ကို မြင်ခဲ့ပါ၏။ 'ထိုတောင်သည် ရွှေတောင်ဖြစ်ပါက တပည့်တော်မအား အနည်းမျှ ပေးပါမည်လော'ဟု မေးရာ၎င်းက တပည့်တော်မအား 'သင်ဘယ်လို ပြောလိုက်သနည်း။ သင့်အား တစ်စုံတစ်ခုကိုမျှ မပေးနိုင်'ဟု ဆိုပါ၏။ ဤယောကျ်ားကား စိတ်နှလုံး ခိုင်မာလှပေ၏"

ဟူ၍ လျှောက်ထားလေ၏။ ထိုအခါ ဘုရားရှင်လည်း...

"အို...ဒါယိကာမ၊ သင်၏ယောကျ်ားသည် ဤကဲ့သို့ ဆိုငြားသော်လည်း သင်၏ ဂုဏ်ကျေးဇူးကို အောက်မေ့သောအခါ အလုံးစုံသော စည်းစိမ်တို့ကို ပေးခဲ့ဖူးလေပြီ"

ဟူ၍ မိန့်ဆိုကာ အတိတ်ဇာတ်ကို ဆောင်တော်မူလေသတည်း။

* * *

လွန်လေပြီးသော ရှေးကာလ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုသည်ရှိသော် မင်းကြီးထံပါး၌ အမှုခပ်သိမ်းကို စီမံဆောင်ရွက်ရသော ပညာရှိ အမတ်တစ်ဦး ရှိလေ၏။

တစ်နေ့သ၌ မင်းကြီးသည် မိမိထံ အခစားဝင်လာသော အိမ်ရှေ့မင်းသားကို မြင်သည်ရှိသော်–

"ဤမင်းသားကား ငါ၏နန်းတွင်း၌ ပြစ်မှားလိမ့်မည်"

ဟူ၍ သံသယဝင်လေ၏။ သည့်အတွက် အိမ်ရှေ့မင်းသား ...

"အမောင်...သင်သည် ငါ့အသက်ရှည်သမျှ ကာလ ပတ်လုံး အရပ်တစ်ပါးသို့ သွား၍နေပါလော့။ ငါသေလွန်မှသာ ပြန်လာ၍ မင်းပြုလော့"

ဟု ပြောဆိုအမိန့်ပေးလေ၏။ အိမ်ရှေ့မင်းလည်း ဖခမည်းတော် မင်းကြီး၏ အာဏာကို မလွန်ဆန်နိုင်သဖြင့် ဖခမည်းတော်ကို ရှိခိုးပြီး မယားနှင့်တကွ ဗာရာဏသီမှ ထွက်ခဲ့လေ၏။ ပစ္စန္တရစ်သို့ သွားပြီးလျှင် တောသို့ဝင်လျက် သစ်ခက်ဇရပ်ကလေး ဆောက်လုပ်ကာ သစ်သီး၊ သစ်မြစ်၊ သစ်ဥတို့ဖြင့် မျှတစွာ နေလေ၏။

ကာလမကြာမီမှာပင် ခမည်းတော်မင်းကြီးလည်း နတ်ရွာစံ ကံတော်ကုန်ခဲ့လေ၏။ အိမ်ရှေ့မင်းလည်း နက္ခတ်ကိုကြည့်၍ ခမည်းတော် ကံတော်ကုန်သည်ကို သိလေသော် မယားကို ခေါ်ပြီးလျှင် ဌာနေသို့ ပြန်လာခဲ့လေ၏။ လမ်းခရီးအကြား၌ တောင်တစ်လုံးကို မြင်လေသော် မယားသည် အိမ်ရှေ့မင်းအား–

"အရှင်...ယခု မြင်တွေ့နေရသော တောင်သည် ရွှေတောင်ဖြစ်ခဲ့ပါက ကျွန်ုပ်အား အနည်းငယ်မျှ ပေးပါမည်လော"

ဟု ပြောဆိုလေ၏။ ထိုအခါ အိမ်ရှေ့မင်းက...

"ရှင်မ...သင်ဘယ်လို ပြောလိုက်လေသနည်း။ ငါသည် သင့်အား တစ်စုံတစ်ခုကိုမျှ မပေးနိုင်"

ဟု ပြောဆိုလေ၏။ ထိုအခါ မယားလည်း ငါကား ဤယောကျ်ားအပေါ် ချစ်ခြင်းကို မဖြတ်နိုင်သောကြောင့် ၎င်းနှင့်

အတူ တောသို့ လိုက်ပါခဲ့၏။ သို့ပါလျက် ဤသို့သော သူစိမ်းဆံလွန်းသော စကားကို ငါ့အားဆိုရက်၏။ ၎င်းသည် အသည်းမာလှချေတကား။ မင်းအဖြစ်ကို ရရှိပါက အဘယ်မှာလျှင် ငါ့အပေါ် ကောင်းသောအမှုကို ပြုလုပ်မည်နည်း”ဟု အောက်မေ့ကာ နှလုံးမသာမယာ ဖြစ်ပေ၏။

အိမ်ရှေ့မင်းလည်း ဗာရာဏသီပြည်သို့ ရောက်ရှိလေသော် မင်းအဖြစ်ကို ရရှိလေ၏။ တောတွင်းသို့ အတူလိုက်ပါခဲ့သော မယားအား မိဖုရားကြီးအရာ၌ ထားခြင်းဟူသော စည်းစိမ်မျှကိုသာ ပေးလေ၏။ ထို့ထက်လွန်၍ ဘာမျှမပေး။ ယုတ်စွအဆုံး မယားရှိသည်ဟူ၍ပင် မအောက်မေ့ချေ။ ထိုအခါ ပညာရှိ အမတ်သည်–

“ဤမိဖုရားကြီးကား မင်းကြီးအပေါ်၌ လွန်စွာမှ ကျေးဇူးများသူ ဖြစ်၏။ အဆင်းရဲခံကာ တောတွင်းသို့ လိုက်ပါခဲ့၏။ သို့ရာတွင် မင်းကြီးကား ဤမိဖုရားကြီးကို ဥပက္ခာပြုလျက် တစ်ပါးသော မိန်းမတို့နှင့်သာ မွေ့လျော်၍ နေဘိ၏။ သို့ဖြစ်၍ မိဖုရားကြီးအား အလုံးစုံသော စည်းစိမ်ရရှိလေအောင် ငါပြုလုပ်မည်”

ဟူ၍ ကြံစည်စိတ်ကူးလေ၏။ သို့ဖြင့် တစ်နေ့သောအခါ ပညာရှိအမတ်သည် မိဖုရားကြီးထံ ချဉ်းကပ်ပြီးလျှင်–

“အရှင်မိဖုရားကြီး၊ အကျွန်ုပ်တို့သည် အရှင်တို့ထံ ခစားပါသော်လည်း ထမင်းဖိုးမျှပင် မရဖူးပါ။ အဘယ်ကြောင့် မေ့လျော့နေရပါသနည်း။ အဘယ်ကြောင့် စိတ်ဓာတ်တင်းမာနေရပါသနည်း”

ဟူ၍ ဥပါယ်တံမျဉ်ဖြင့် မေးလေ၏။ ထိုအခါ မိဖုရားကြီး
က–

"အို... ပညာရှိဖခင်၊ အကျွန်ုပ်၌ စည်းစိမ်ဥစ္စာတို့ မရရှိခဲ့ပါ။ အကယ်၍ ရရှိခဲ့ပါလျှင် အဘယ်မှာလျှင် မပေးဘဲ နေပါမည်နည်း။ ဤမင်းကြီးကား ဥစ္စာစည်းစိမ်တို့ ပေးရန် အသာထား၊ ပစ္စန္တရစ်မှ ပြန်လာရာ လမ်းခရီး၌ တွေ့ခဲ့ရသော တောင်ကိုပင် ရွှေတောင်ဖြစ်ခဲ့ပါက အကျွန်ုပ်အား အနည်းငယ်မျှ ပေးပါမည်လောဟု ဆိုသည့်တိုင် ၎င်းသည် တွန့်တိုစေးနည်းလျက် လုံးဝမပေးနိုင်ဟု ဆိုခဲ့ပါ၏။ သည့်အတွက် အကျွန်ုပ်မှာ မိဖုရားကြီး အရာသာ ရရှိလေသည် မည်သည့်ဥစ္စာပစ္စည်းမျှ မရှိပါ ဖခင်" ဟု ပြောဆိုလေ၏။

"အရှင်မိဖုရား...ထိုသို့ဖြစ်ပါက မင်းကြီးထံ၌ ဤသို့ပင် ပြောဆိုဝံ့ပါသလော..."

"ပြောဆိုဝံ့ပါ၏ ပညာရှိဖခင်..."

"ကောင်းပေပြီ...သို့ဆိုလျှင် အကျွန်ုပ်သည် မင်းကြီးထံသို့ ဦးစွာသွားပါမည်။ အတန်ကြာလျှင် အရှင်မိဖုရားလာခဲ့ပါ။ အကျွန်ုပ်က မေးသည်ရှိသော် ဤအတိုင်းပင် ပြောဆိုပါလော့..."

"ကောင်းပါ၏...ဖခင်"

ဤကဲ့သို့ အချိတ်အဆက် ပြုပြီးသည့်နောက် 'ပညာရှိအမတ်လည်း မင်းကြီးထံသို့ ဦးစွာသွားနှင့်လျက် ခစားနေလေ၏။ အတန်ကြာ၍ မိဖုရားကြီး ရောက်လာသောအခါ–

"အရှင်မိဖုရားကြီး... အကျွန်ုပ်တို့သည် အရှင်တို့ထံမှ ထမင်းဖိုးမျှပင် မရခဲ့ပါ"

ဟူ၍ စကားစလေ၏။ မိဖုရားကြီးလည်း အချိတ်အဆက် ပြုခဲ့သည့်အတိုင်း–

"ပညာရှိဖခင်... လမ်းခရီးအကြား၌ မြင်ရသော တောင်ကိုပင် ရွှေတောင်အမှတ်ဖြင့် အနည်းငယ်မျှ တောင်းခံပါသော်လည်း လုံးဝမပေးသော မင်းကြီးထံမှ မည်သည့် တစ်စုံတစ်ရာကို ရပါမည်နည်း..."

ဟူ၍ မကြောက်မရွံ့ လုံးစေ့ပတ်စေ့ ပြောဆိုလေ၏။

ထိုအခါ မင်းကြီးလည်း မိဖုရားကြီး၏ စကားကို ကြားရသည့် တဒင်္ဂ၌–

"အို... ပညာရှိအမတ်၊ ပညာရှိတို့မည်သည် ပြုလုပ်ပြောဆိုနိုင်သော အမှုကိစ္စတို့ကိုသာလျှင် ပြုလုပ်ပြောဆိုရာ၏။ ပြုလုပ်ပြောဆိုနိုင်ခြင်း မရှိသော အမှုကိစ္စတို့အား ပြုလုပ်ပြောဆိုခြင်း မပြုရာ..."

ဟူ၍ မိန့်လေ၏။ ထိုစကားကို မိဖုရားကြီး ကြားရသည် ရှိသော် မင်းကြီးအား လက်အုပ်ချီလျက်–

"အရှင်မင်းကြီး... အကျွန်ုပ်သည် အရှင်မင်းကြီးအား ရှိခိုးပါ၏။ အရှင်မင်းကြီးသည် သစ္စာ၌ လည်းကောင်း၊ တရား၌လည်းကောင်း တည်လျက်နေပေ၏။ တိုင်းပြည်မှ နှင်ထုတ်လျက် ပျက်စီးခြင်းသို့ ရောက်သော အရှင်မင်းကြီး၏ စိတ်သည် သစ္စာ၌ မွေ့လျော်ပေ၏"

ဟူ၍ မင်းကြီး၏ ဂုဏ်ကျေးဇူးကို ထုတ်ဖော်ပြောဆိုလေ၏။ ထိုအခါ ပညာရှိအမတ်က–

"အရှင်မင်းကြီး... လင်ဆင်းရဲသောအခါ ဆင်းရဲ၍ လင်ချမ်းသာသောအခါ ချမ်းသာသော မယားသည် မယားကောင်း မယားမြတ် ဖြစ်ပါ၏။

အရှင်မင်းကြီး...ဤမိဖုရားကြီးကား အရှင်မင်းကြီးတော၌ ဆင်းရဲစွာ နေရစဉ်က ၎င်းလည်း မင်းကြီးနှင့်အတူ အဆင်းရဲခံခဲ့ပါ၏။ ယခု အရှင်မင်းကြီး ချမ်းသာစွာ ရှိလေရာ ဤမိဖုရားကြီးလည်း ချမ်းသာရလေအောင် ချီးမြှောက်သင့်ပါ၏"

ဟူ၍ လျှောက်ထားလေ၏။ မင်းကြီးလည်း ပညာရှိအမတ် လျှောက်ထားသည့် စကားကြောင့် မိဖုရားကြီး၏ ဂုဏ်ကျေးဇူးကို အောက်မေ့လာကာ မိဖုရားကြီးအား စည်းစိမ်တို့ များစွာ အပ်နှင်းလေ၏။ ပညာရှိအမတ်ကိုလည်း မိဖုရားကြီး၏ ဂုဏ်ကျေးဇူးကို အောက်မေ့စေသည်ဟု ဆိုကာ စည်းစိမ်ဥစ္စာတို့ကို ပေးလေ၏။

ဤဒေသနာတော်ကို ဆောင်တော်မူ၍ သစ္စာကို ပြတော်မူသည့် အဆုံး၌ သူကြွယ်လင်မယားတို့လည်း ကိုယ်စီကိုယ်င သောတာပတ္တိဖိုလ်၌ တည်ကြလေ၏။

ဤသို့လျှင် မြတ်စွာဘုရားရှင်လည်း အတိတ်, ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူပြီးနောက်...

"ရဟန်းတို့..."

ထိုအခါက ဇာရာဏာသီမင်းသည် ယခုအခါ သူကြွယ် ဖြစ်လာ၏။ မိဖုရားကြီးသည် သူကြွယ်၏ဇနီးသည် ဖြစ်လာ၏။

ထိုစဉ်က ပညာရှိအမတ်သည်ကား ငါဘုရားရှင် ဖြစ်လာ၏”

ဟူ၍ မိန့်ဆိုကာ ဇာတ်ကို ပေါင်းတော်မူလေသတည်း။

❐ ❐ ❐

# ၃၂၁။ ကုဋိဒူသကဇာတ်



## ကုဋိဒူသကဝဂ်

[၃၂၁]

# ကုဋိဒူသကဇာတ်

လူ၊ နတ်၊ ဗြဟ္မာတို့၏ ပူဇော်အထူးကို ခံယူတော်မူသော မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးစမ္မယ်နေတော်မူစဉ် အရှင်မဟာကဿပ မထေရ်သည် ရာဇဂြိုဟ်ပြည်ကို အမှီအသဲပြု၍ ကုဋိကျောင်း၌ သီတင်းသုံးနေတော်မူလေ၏။

အဆိုပါ အရှင်မဟာကဿပ မထေရ်၌ အလုပ်အကျွေးပြုကြကုန်သော ရဟန်းငယ်နှစ်ပါး ရှိလေ၏။ ၎င်းရဟန်းငယ်နှစ်ပါးအနက် တစ်ပါးသည် အရှင်မဟာကဿပ မထေရ်အပေါ်၌ ကျေးဇူးများ၏။ ကျန်တစ်ပါးကား ဆိုဆုံးမရခက်ခဲ၏။ ကျေးဇူးများသော ရဟန်းငယ် ပြုလုပ်တိုင်း၊ ပြုလုပ်တိုင်း ဆိုဆုံးမရ ခက်ခဲသော ရဟန်းငယ်သည် ၎င်းကိုယ်တိုင် ပြုလုပ်ထားသယောင် တုပ၍ နေလေ၏။

ကျေးဇူးများသော ရဟန်းငယ်သည် အရှင့်အတွက် မျက်နှာသစ်ရေ တည်ထားပြီးသောအခါ ဆိုဆုံးမရခက်ခဲ့သော ရဟန်းငယ်က ၎င်းပင်ဆောင်ရွက်ထားသယောင်ဖြင့် အရှင့်ထံသွားကာ မျက်နှာသစ်တော်မူရန် လျှောက်ထား၏။ ဤသို့ဖြင့် သောက်ရေ သုံးရေ တည်ရာ၌ လည်းကောင်း၊ တံမြက်လှည်းရာ၌ လည်းကောင်း၊ ဝတ်ကြီးဝတ်ငယ် ပြုသမျှတို့၌ လည်းကောင်း၊ ကျေးဇူးများသော ရဟန်းငယ် ပြုလုပ်ပြီးသောအခါ၌ ၎င်းကပင် မထေရ်မြတ်ထံ ဦးစွာသွား၍ ၎င်းပြုလုပ်ထားသယောင် လျှောက်ထားကာ မျက်နှာယူလျက် ရှိလေ၏။

တစ်နေ့သ၌ ကျေးဇူးများသော ရဟန်းငယ်က–

"ဤရဟန်းငယ်ကား ... ငါပြုလုပ်ထားသမျှကို သူပြုလုပ်ထားသယောင် ပြုလျက် မျက်နှာယူလေ့ ရှိ၏။ ဤအမှုကို ထင်ရှားအောင် ပြုမှဖြစ်မည်"

ဟူ၍ ကြံစည်ကာ ဆိုဆုံးမရခက်ခဲသော ရဟန်းငယ် အိပ်နေစဉ် မီးတင်းကုပ်၌ ချိုးရေတို့ကို နွေးလေ၏။ ထိုရေနွေးကို ရေချိုးအံ့ ပြင်ပ၌ထားကာ တစ်မှုတ်စာမျှသော ရေနွေးကိုချန်၍ ကျန်ရေတို့ကို သွန်မှောက်ခဲ့လေ၏။ မကြာမီ အိပ်စက်နေသော ဆိုဆုံးမရခက်သည့် ရဟန်းငယ် နိုးလာ၏။ ရေနွေးအိုး၌ အငွေ့ထွက်နေသည်ကို မြင်သိရှိသော် ရေနွေးအိုးကို ရေချိုးအုံ၌ ထားသည် ဖြစ်လိမ့်မည်ဟု မှတ်ယူ၍ မျက်နှာရလေအောင် မထေရ်မြတ်ထံ သွား၍ ရေချိုးတော်မူပါရန် လျှောက်ထားလေ၏။

မထေရ်မြတ်လည်း 'ကောင်းပြီ'ဟု ဆိုပြီး ဆိုဆုံးမရခက်ခဲသော ရဟန်းငယ်နှင့်အတူ ရေချိုးရန် လိုက်ပါလာခဲ့၏။ ရေချိုး

အံ့သို့ ရောက်သော် ချိုးရန်ရေကို မမြင်၍ မေးလေ၏။ ထိုအခါ ဆိုဆုံးမရခက်ခဲသော ရဟန် လည်း လျင်မြန်စွာပင် မီးတင်းကုပ်သို့ သွား၏။ ရေနွေးအိုး၌ ရေရှိသည်ဟု မှတ်ထင်လျက် ရေမှုတ်ကို ချ၏။ အိုးတွင် ရေတို့ လုံးဝမရှိချေ။ ထိုအခါမှစ၍ ဆိုဆုံးမရခက်ခဲသော ရဟန်းငယ်အား 'ဉလုက်သဒ္ဒ' ဟူသော အမည်တွင်လေ၏။ ထိုစဉ်မှာပင် ကျေးဇူးများသော ရဟန်းငယ်သည် ပြင်ပမှ ရေနွေးအိုးကို ယူခဲ့၍ မထေရ်မြတ်ကြီးအား ရေချိုးတော်မူပါရန် ဆက်ကပ်လေ၏။ မထေရ်မြတ်ကြီးလည်း ရေချိုးတော်မူစဉ်မှာပင် ဆင်ခြင်လတ်ရှိသော် အကြောင်းရင်းမှန်ကို သိရလေတော့၏။ သို့ဖြစ်၍ ညချမ်းသို့ ရောက်သည့်အခိုက် ဆည်းကပ်ရန်လာသော ဉလုက်သဒ္ဒအား...

"ငါ့ရှင်...ရဟန်းတို့ မည်သည်ကား ကိုယ်ပြုသော အမှုကိုသာ ပြုရာ၏။ ပြောဆိုရာ၏။ ကိုယ်မပြုပါဘဲနှင့် ပြုသယောင် ပြောဆိုလာသည်ရှိသော် မုသာဝါဒကံ ထိုက်၏။ ငါ့ရှင်သည် ယနေ့မှစ၍ ဤကဲ့သို့ မပြုမူပါလေနှင့်"

ဟူ၍ ပြောဆိုဆုံးမလေ၏။ ဤတွင် ဉလုက်သဒ္ဒလည်း မထေရ်မြတ်ကြီးအား အမျက်ထွက်လျက် ရန်ငြိုးဖွဲ့ကာ မထေရ်မြတ်ကြီးနှင့် ဆွမ်းခံမလိုက်တော့ပေ။ ၎င်း တစ်ပါးတည်း ခွဲထွက်လျက် ဆွမ်းခံ၏။ ဦးစွာ မထေရ်မြတ်ကြီးအား ဆွမ်းလောင်းနေကျ အိမ်သို့ဝင်၍ ဆွမ်းခံရာ ဒကာတို့လည်း မထေရ်မြတ်ကြီးကို မမြင်၍ အကျိုးအကြောင်း မေးမြန်းလေ၏။

ဤတွင် နာဖျားမကျန်းဖြစ်၍ ကျောင်း၌ပင် နေခဲ့ကြောင်း၊ မည်သည့် အာဟာရကို အလိုရှိကြောင်း မုသာစကားဆို၍ ထူးကဲ

မွန်မြတ်သော ဆွမ်းအာဟာရတို့ကို ခံယူလေ၏။ အဆိုပါ ဆွမ်းတို့အား မထေရ်မြတ်ကြီးထံ မဆက်ကပ်ဘဲ ၎င်းအလိုရှိသည့်အတိုင်း စားသောက်ပစ်လေ၏။

နောက်တစ်ရက်ရောက်၍ မထေရ်မြတ်ကြီးလည်း အဆိုပါ ဆွမ်းခံအိမ်သို့ ကြွခဲ့ရာ ဒါယကာတို့က မနေ့က အကြောင်းအရာတို့အား ပြန်ပြောင်း လျှောက်ထားကြလေ၏။ အကြောင်းစုံကို သိလေသော် မထေရ်မြတ်ကြီးလည်း ဆိတ်ဆိတ်သာ နေ၍ ကျောင်းသို့ ပြန်ကြွလေ၏။ ညချမ်းအချိန်သို့ ရောက်သည်ရှိသော် ဥလုက်သဒ္ဒကို ခေါ်၍-

"ငါ့ရှင်... သင်ကား မည်သည့်အိမ်ရှိ ဒကာတို့ထံမှ ငါ့အတွက်ဟုဆိုကာ တောင်းရမ်းစားခဲ့လေ၏။ ဝစီဝိညတ်နှုတ်ဖြင့် လိမ်လည်ခြင်းသည် ကောင်းသောအလုပ် မဟုတ်ချေ။ နောက်နောင် ဤကဲ့သို့ မပြုပါလေနှင့်"

ဟူ၍ ဆုံးမလေ၏။ ဤသည်ကိုလည်း ဥလုက်သဒ္ဒသည် နာယူခြင်းမရှိဘဲ အမျက်ထွက်၍ ရန်ငြိုးဖွဲ့ပြန်လေ၏။

နောက်တစ်နေ့၌ မထေရ်မြတ်ကြီး ဆွမ်းခံထွက်သည် ရှိသော် ကျောင်းတွင်ကျန်ရစ်ခဲ့သော ဥလုက်သဒ္ဒသည် လက်ရိုက်တုတ်ကို ကိုင်စွဲလျက် မထေရ်မြတ်ကြီး၏ အသုံးအဆောင်တို့အား ရိုက်ခွဲထုနှက် ဖျက်ဆီးပစ်လေ၏။ ထို့နောက် သစ်ရွက်မိုး ကုဋီကျောင်းကို မီးနှင့်ရှို့ကာ ထွက်ပြေးလေတော့၏။ ထိုရဟန်းငယ်သည် အသက်ရှင်စဉ်ကာလ၌ လူပြိတ္တာဖြစ်ပြီး သေလွန်သည်ရှိသော အဝီစိငရဲ၌ ကျလေ၏။

တစ်နေ့သ၌ ရဟန်းအချို့သည် ရာဇဂြိုဟ်ပြည်မှ ထွက်လာခဲ့ကြသည်။ သာဝတ္ထိပြည် ဇေတဝန်ကျောင်းသို့ ရောက်သည် ရှိသော ဘုရားရှင်အား ကြည်ညိုဦးခိုက် ပူဇော်ကြလေ၏။ ဘုရားရှင်လည်း ရာဇဂြိုဟ်မှ လာခဲ့ကြသော ရဟန်းတို့အား ရှင်မဟာကဿပ အကြောင်းကို မေးမြန်းလေသော် ရဟန်းတို့လည်း မထေရ်မြတ်ကြီး၏ တပည့်မိုက် ဥလုက်သဒ္ဒအကြောင်းကို တင်လျှောက်ကြလေ၏။ ဤတွင် မြတ်စွာဘုရားရှင်က...

"ရဟန်းတို့... ဤရဟန်းငယ်သည် ယခုအခါ၌သာ ကုဋီကို ဖျက်သည် မဟုတ်။ ရှေးအခါကလည်း ဖျက်ခဲ့ဖူးပြီ။ ၎င်းသည် ယခုအခါသာ ဆိုဆုံးမသူအား အမျက်ထွက် ရန်ငြိုးဖွဲ့သည် မဟုတ်။ ရှေးကလည်း အမျက်ထွက် ရန်ငြိုးဖွဲ့ခဲ့ဖူးလေပြီ"

ဟု မိန့်ဆိုကာ အတိတ်ဇာတ်ကို ဆောင်တော်မူလေသတည်း။

* * *

ရှေး... လွန်လေပြီးသောကာလ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံသည်ရှိသော် ဟိမဝန္တာအရပ်၌ နှစ်သက်ဖွယ် ကောင်းလှစွာသော မိုးလုံလေလုံ အသိုက်ဖွဲ့ကာနေသော သိင်္ဂါလငှက် ရှိလေ၏။

တစ်နေ့သ၌ မိုးသက်လေပြင်း ကျရောက်လေရာ မိုးစိုသဖြင့် ခိုက်ခိုက်တုန်လျက်ရှိသော မျောက်တစ်ကောင်သည် အသိုက်တွင်း နားခိုနေသော သိင်္ဂါလငှက်ထံပါးသို့ ရောက်လာ

လေ၏။ သိင်္ဂါလငှက်လည်း ပင်ပန်းဆင်းရဲလှစွာ ချမ်းတုန်နေသော မျောက်ကိုမြင်လျှင်...

"အဆွေမျောက်...သင်၏ ဦးခေါင်းသည် လူတို့၏ ဦးခေါင်းနှင့် တူပေ၏။ လက်တို့၊ ခြေတို့မှာလည်း လူကဲ့သို့ပင် မခြားနား။ လူတွေ၌ အိမ်ရှိပါလျက် သင့်မှာမူ အဘယ်ကြောင့် အိမ်မရှိရလေသနည်း"

ဟူ၍ မေးလေ၏။ ထိုအခါ မျောက်က ဤသို့ ဆိုလေ၏။

"အို...သိင်္ဂါလငှက်၊ ငါ၏ဦးခေါင်းသည် လူတို့၏ ဦးခေါင်းနှင့် တူ၏။ လက်တို့ခြေတို့မှာလည်း လူတို့နှယ် မခြားနား။ သို့ရာတွင် လူတို့၌ မွန်မြတ်သော ပညာရှိကုန်၏။ ငါ့မှာမူ ပညာမရှိပေ"

"အဆွေမျောက်...တည်ကြည်မှုမရှိ၊ ပေါ့ပြက်ပြက်နိုင်၍ အဆွေခင်ပွန်းအပေါ် ပြစ်မှားသူ၊ သီလကင်းမဲ့သူတို့အဖို့ ချမ်းသာခြင်းတို့ မပြည့်စုံနိုင်။ အဆွေမျောက်...သင်သည် အစွမ်းအစကို ထုတ်ပါလော့။ သီလကင်းမဲ့သည့် အဖြစ်ကို လွန်မြောက်ပါစေလော့။ ချမ်းအေးမှုဒဏ်၊ စွတ်စိုမှုဒဏ်တို့မှ ကာကွယ်ရန် အဆောက်အအုံကို ဆောက်လုပ်ပါလော့..."

ထိုသို့ ပြောဆိုဆုံးမ တိုက်တွန်းသည်ရှိသော် မျောက်လည်း–

"ဤငှက်ကား မိုးမစိုသော နေရာတွင် လုံခြုံစွာ နေရ၏။ ၎င်းကို ဤအသိုက်အမြုံမှ ကင်းအောင် ဖမ်းဆီးရမည်"

ဟု ကြုံရွယ်ပြီး ပြေးလာ၏။ အခြေအနေမှန်ကို အကဲခတ်တတ်သော သိင်္ဂါလငှက်လည်း ရုတ်ချည်းပင် အသိုက်မှထွက်ကာ ပျံသန်းလေ၏။ ထိုအခါ မျောက်လည်း အမျက်ဒေါသအပြည့်ဖြင့် အသိုက်အား မှုန့်မှုန့်ညက်ညက် ကျေအောင် ဖျက်ဆီးပစ်လေတော့၏။

ဤသို့လျှင် ဗုဒ္ဓဘုရားရှင်လည်း အတိတ်, ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူလျက်–


"ရဟန်းတို့…

ထိုစဉ်အခါက အသိုက်အမြုံကို ဖျက်သော မျောက်သည် ယခုအခါ ကုဋိကိုဖျက်သော ဥလုက်သဒ္ဒ ရဟန်းငယ်ဖြစ်လာ၏။ သိင်္ဂါလငှက်သည်ကား ငါဘုရားရှင် ဖြစ်လာ၏"

ဟု မိန့်ဆိုကာ ဇာတ်ကို ပေါင်းတော်မူလေသတည်း။

❒ ❒ ❒

# ၃၂၂။ ဒဒ္ဒဘဇာတ်



[၃၂၂]

## ဒုဒ္ဒုဘဇာတ်

လူ၊ နတ်၊ ဗြဟ္မာတို့၏ ပူဇော်အထူးကို ခံယူတော်မူသည့် မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်း၌ သီတင်းသုံး စမ္မယ်တော်မူစဉ် သာသနာတော်မှ အပဖြစ်ကြသော တိတ္ထိတို့သည် ဇေတဝန်ကျောင်းတော် အနီး၌ အခင်းတို့ကို ခင်းလျက် အိပ်စက်ကြကုန်၏။ ၎င်းတို့သည် 'ပဥ္စတပ' မည်လည်း အယူ ငါးမျိုးခံသည့် အကျင့် (နေပူထဲတွင် မီးပုံလေးပုံဖို၍ ၎င်းအလယ်၌ နေကာ ကျင့်သောအကျင့်)တို့ကို ကျင့်ကြကုန်၏။ အထူးထူး အပြားပြားသော မိစ္ဆာအကျင့်တို့ကိုလည်း ကျင့်ကြကုန်၏။

အဆိုပါ တိတ္ထိတို့ မိစ္ဆာအကျင့် ကျင့်သည်ကို မြင်ကြကုန်သော ရဟန်းတို့သည် ဘုရားရှင်အား တင်လျှောက်မေးမြန်းကြကုန်၏။ ထိုအခါ ဘုရားရှင်က–

"ရဟန်းတို့...တိတ္ထိတို့ ကျင့်ကြသည့် မိစ္ဆာအကျင့်၌ အနှစ်သာရဟူ၍ မရှိပြီ။ အကျိုးစီးပွားလည်း မရှိ။ အဖြစ်

သနစ်ကို ဆင်ခြင်သည်ရှိသော် မစင်စွန့်ရာ အရပ်သို့ သွားသော လမ်းခရီးနှင့် တူ၏။ ယုန်ငယ်၏ ဒုဒ္ဒုဘာအသံနှင့် တူ၏”

ဟူ၍ မိန့်ဆိုကာ အတိတ်ဇာတ်ကို ဆောင်တော်မူလေသတည်း။

* * *

ရှေး... လွန်လေပြီးသောကာလ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုသည်ရှိသော် တောအုပ်တစ်ခု၌ ခြင်္သေ့မင်း ရှိလေ၏။ ထိုတောနှင့် မလှမ်းမကမ်းရှိ အနောက်သမုဒ္ဒရာအနီး၌ ဥသျှစ်ပင်နှင့် ရောထွေး၍ ပေါက်နေသော ထန်းတော ရှိလေ၏။ ထိုဥသျှစ်ပင်အနီးရှိ ထန်းပင်ငယ်အောက် ထန်းရွက်အကြားဝယ် ယုန်တစ်ကောင် နေလေ၏ ။ ထိုယုန်ငယ်သည် တစ်နေ့လုံး အစာရှာဖွေ စားသောက်ပြီးလျှင် ထန်းရွက်အောက်၌ ဝပ်၍နေကာ မြေပြိုမှာကို တွေးတောကြောက်ရွံ့နေလေ့ ရှိလေ၏။

တစ်နေ့သ၌ အစာရှာဖွေပြီး နေထိုင်ရာ ထန်းရွက်အောက်ရောက်စဉ် မြေပြိုမှာကိုပင် တွေး၍ ကြောက်ရွံ့နေလေရာ ဥသျှစ်သီးတစ်လုံးသည် ထန်းရွက်ပေါ်သို့ ပြုတ်ကျလေ၏။ ထိုအသံကိုကြားသော် အမှန်တကယ်ပင် မြေပြိုလေပြီဟု မှတ်ထင်ပြီးသကာလ နေရာမှ ခုန်ထွက်ကာ သေငယ်ဇောဖြင့် နောက်သို့ပင်ပြန်လှည့်မကြည့်တော့ဘဲ အားကုန်ပြေးလေတော့၏။ ဤတွင်အခြားယုန်တို့က အကျိုးအကြောင်း မေးမြန်းကြ၏။ ယုန်ငယ်လည်း နောက်သို့ ပြန်လှည့်မကြည့်ဘဲ...

"မြေပြိုပြီ... မြေပြိုပြီ"

ဟူ၍ အော်ဟစ်ကာ ပြေးမြဲပြေးလေ၏။ ထိုအခါ ယုန်အပေါင်းတို့လည်း 'မြေပြိုက သေဖွယ်ရာသာ ရှိတော့သည်'ဟု စွဲမှတ်လျက် ဦးစွာထွက်ပြေးသော ယုန်နောက်သို့ လိုက်၍ ပြေးကြကုန်၏။ ထိုယုန်တို့ ပြေးလေသော် နောက်ယုန်တို့လည်း မစူးစမ်းမဆင်ခြင်ဘဲ ပြေးလိုက်ကြပြန်၏။ ယုန်တို့ပြေးသည်ကို မြင်သော် သမင်တို့လည်း အကျိုးအကြောင်းမေးကာ ပြေးကြပြန်၏။ ထို့နောက် အဆင့်ဆင့်မြင်၍ အဆင့်ဆင့်ပြောကာ ဝက်တို့သည် လည်းကောင်း၊ စိုင်တို့သည် လည်းကောင်း၊ ကျွဲတို့သည် လည်းကောင်း၊ နွားနောက်တို့သည် လည်းကောင်း၊ ကြံ့တို့သည် လည်းကောင်း၊ ကျားတို့သည် လည်းကောင်း၊ ခြင်္သေ့တို့သည် လည်းကောင်း၊ ဆင်တို့သည် လည်းကောင်း ပြေးကြပြန်၏။ ဤသို့ဖြင့် တစ်ယူဇနာမျှ အကျယ်အဝန်း ရှိသော တိရစ္ဆာန်တို့သည် ပြေးကြကုန်၏။

ထိုအခါ ခြင်္သေ့မင်းသည် တိရစ္ဆာန်အပေါင်းတို့ ပြေးကြသည်ကို မြင်၍ မေးလေ၏။ မြေပြိုသည်ဟု ကြားရလေသော်–

"မြေပြိုခြင်းမည်သည် တစ်ရံတစ်ခါမျှ မဖြစ်စဖူး။ စင်စစ် ထိုသတ္တဝါတို့သည် တစ်စုံတစ်ခုသော ထိတ်လန့်သံကို ကြား၍ ဖြစ်ပေအံ့။ ဤနေရာ၌ ငါမတားဆီးပါက အားလုံးပင် သေကြေပျက်စီးကြအံ့။ ငါကယ်တင်မှ ဖြစ်တော့မည်"

ဟု ကြံရွယ်ဆုံးဖြတ်လိုက်ပြီး တောင်ခြေရင်းသို့ လျင်မြန်စွာ ပြေးလွှားကာ သုံးကြိမ်သုံးခါတိတိ ဟောက်သံပြုလေ၏။

သတ္တဝါတို့မှာလည်း ခြင်္သေ့မင်းကို ကြောက်ရွံ့ကြရလေကား နေရာမှာပင် ရပ်တံ့လျက် တစ်စုတစ်ဝေးတည်း နေကြလေ၏။ ခြင်္သေ့မင်းလည်း သတ္တဝါအပေါင်းတို့ထံ သွားရောက်ပြီး...

"အချင်းတို့...အဘယ်ကြောင့် ပြေးကြလေသနည်း"

ဟု မေးလေ၏။ သတ္တဝါတို့ကလည်း...

"အရှင်ခြင်္သေ့မင်း...မြေပြိုသဖြင့် ပြေးကြခြင်း ဖြစ်ပါ၏"

ဟု ဖြေလေ၏။

"အချင်းတို့... မြေပြိုသည်ကို အဘယ်သူ မြင်ခဲ့သနည်း"

ထိုအခါ ဆင်တို့သိကုန်၏။ ခြင်္သေ့တို့ သိကုန်၏။ ကျားတို့ သိကုန်၏။ စသဖြင့် တစ်ဦးကို တစ်ဦး လွှဲချ၍နေကြရာ နောက်ဆုံး၌ အရင်းအမြစ်ကျသော ယုန်ငယ်ထံသို့ ရောက်သွားလေတော့၏။

"အချင်း ယုန်သူငယ်... မြေပြိုသည်မှာ ဟုတ်မှန်သလော..."

"မှန်ပါသည် ခြင်္သေ့မင်း...မြေပြိုသည်ကို အကျွန်ုပ် အမှန်တကယ်ပင် မြင်ခဲ့ပါ၏"

"အဘယ်အရပ်မှာ မြေပြိုသနည်း..."

"အရှင်ခြင်္သေ့မင်း... အကျွန်ုပ်သည် အနောက်သမုဒ္ဒရာအနီး ဥသျှစ်ပင်နှင့် ရောထွေး၍ ပေါက်နေသော ထန်းတောရှိ ထန်းပင်ငယ်တစ်ပင်၏ အရွက်အောက်တွင်

နေခဲ့ရာ ဤမြေကြီးသည် ပြိုခဲ့ပါက အဘယ်သို့ သွားရပါ အံ့နည်း ဟူ၍ တွေးတောကြံစည်နေခိုက် မြေပြိုသံ ကြားရ သည့်အတွက် ထွက်ပြေးခဲ့ခြင်း ဖြစ်ပါသည် အရှင်"

ယုန်ငယ်၏ စကားကို ကြားရလျှင် ခြသေ့်မင်းလည်း တွေး တောစဉ်းစားလေ၏။

"မြေပြိုသည်ဆိုခြင်းမှာ ထန်းရွက်ပေါ်သို့ ဥသျှစ်သီး ကြွေကျခြင်းမှ ပေါ်ထွက်လာသည့် အသံကို ထင်မှတ်ခြင်း ဖြစ်ပေလိမ့်မည်။ ထိုသို့ထင်မှတ်၍ သေချာဂရု မစဉ်းစားဘဲ မြေပြိုပြီ အမှတ်ဖြင့် ထွက်ပြေးခြင်းသာတည်း။ အမှန်ကို ထင်ရှားစေရန် ငါပြုဆောင်ရမည်"

ဟူ၍ဆိုကာ ယုန်ငယ်အား နှစ်သိမ့်၏။ ထို့နောက်–

"အချင်းတို့...ငါသည် ဤယုန်ငယ်ကို ခေါ်ဆောင် ၍ ၎င်းကြားရာ အရပ်သို့ သွားရောက်စူးစမ်းအံ့။ ၎င်းနေရာ ကြားရာအရပ်၌ မြေပြိုသည် မပြိုသည်ကို သိရအောင် ငါကိုယ်တိုင် သွားရောက်ကြည့်ရှု သုံးသပ်ပါအံ့။ သင်တို့ အားလုံး ငါပြန်လာသည်အထိ စောင့်ဆိုင်းနေကြပါလော့"

ဟူ၍ မှာကြားကာ ယုန်ငယ်ကို ကျောပေါ်တင်ပြီး ယုန်ငယ် နေခဲ့သော နေရာသို့ အလျင်အမြန် သွားလေ၏။ ရောက်သည် ရှိသော် ယုန်ငယ်ကို ကျောပေါ်မှ ဆင်းစေလျက်–

"အချင်းယုန်ငယ်...သင်ကြားရာအရပ်ကို ပြလော့"

ဟုဆိုသော် ယုန်ငယ်က မပြဝံ့ကြောင်း ပြောဆို၏။ ခြသေ့် မင်းက မကြောက်ရန် အားပေးစကားဆိုမှသာ ၎င်းရှိနေသည့်

နေရာကို ပြလေ၏။ ခြင်္သေ့မင်းလည်း ယုန်ငယ်၏ စကားကို ကြားလျှင် ဥသျှစ်ပင်ရင်းသို့သွား၍ ထန်းပင်အောက် ယုန်ငယ် အိပ်ရာ အရပ်ကို လည်းကောင်း၊ ထန်းရွက်ပေါ် ကြွေကျသော ဥသျှစ်သီးကို လည်းကောင်း၊ လေ့လာဆန်းစစ်ပြီး မြေမပြိုကြောင်း သဘောပေါက်လိုက်၏။ ထို့နောက် ယုန်ငယ်ကို ကျောပေါ်သို့ တင်လျက် သတ္တဝါအပေါင်းတို့ စောင့်ဆိုင်းရာနေရာသို့ ပြန်သွားပြီး အကြောင်းခြင်းရာအလုံးစုံကို ရှင်းလင်းပြောဆို သတ္တဝါ အပေါင်းတို့ စိတ်သက်သာရာစေ၏။ သတ္တဝါအပေါင်းတို့လည်း ထိုအခါမှပင် စိတ်ချမ်းသာရာရပြီး ခြင်္သေ့မင်းအား ကျေးဇူးတင် စကား ပြောဆို အရှိအသေပြုကာ မိမိတို့နေရာသို့ ပြန်သွားကြ လေ၏။

ဤသို့လျှင် ဗုဒ္ဓဘုရားရှင်လည်း အတိတ်, ပစ္စုပ္ပန် နှစ်တန် သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူလျက်–

"ရဟန်းတို့...

ထိုအခါက ခြင်္သေ့မင်းသည် ယခုအခါ ငါဘုရားရှင် ဖြစ်လာ၏"

ဟူ၍ မိန့်တော်မူလျက် ဇာတ်ကို ပေါင်းတော်မူလေ သတည်း။

❒ ❒ ❒

# ၃၂၃။ ဗြဟ္မဒတ္တဇာတ်



## [၃၂၃]

# ဗြဟ္မဒတ္တဇာတ်

လူ၊ နတ်၊ ဗြဟ္မာတို့၏ ဆရာသခင် သဗ္ဗညုရှင် ဖြစ်တော်မူသော ဗုဒ္ဓမြတ်စွာသည် အာဠဝီပြည်ကိုမှီ၍ အဂ္ဂါဠဝ စေတီတော်၌ သီတင်းသုံးတော်မူစဉ် ရဟန်းတို့သည် ဒကာ ဒကာမတို့ထံ အတောင်းအရမ်း များလျက်ရှိကြောင်း သတင်းထွက်ပေါ်လျက် ရှိ၏။

ထိုအကြောင်းကို မြတ်စွာဘုရားရှင် သိတော်မူလျှင် ထိုရဟန်းတို့ကို ကဲ့ရဲ့တော်မူ၍—

"ရဟန်းတို့... ရှေးပညာရှိတို့သည် ရေမြေကို အစိုးရမင်းထံမှ သစ်ရွက်ထီးနှင့် လှာခြင်းဖိနပ်တို့ကို တောင်းခံပါက အကြည်ညိုပျက်မည်ကို စိုးရွံ့၍ လူအများအလယ်၌ မဆို၊ ဆိတ်ကွယ်ရာ အရပ်၌သာ ဆိုဖူးလေပြီ"

ဟု မိန့်ဆိုကာ အတိတ်ဇာတ်ကို ဆောင်တော်မူလေသတည်း။

* * *

ရှေး… လွန်လေပြီးသောကာလ။

ကပိလတိုင်း၊ ဥတ္တရပဉ္စာလမြို့၌ ဥတ္တရပဉ္စာလမင်း မင်းပြု သည်ရှိသော် နိဂုံးရွာ၌ ပုဏ္ဏားလုလင်သည် တက္ကသိုလ်ပြည်၌ အလုံးစုံသော အတတ်ပညာတို့ကို သင်ကြားပြီး နောက်အဖို့၌ ရသေ့ရဟန်းပြုကာ ဟိမဝန္တာအရပ်၌ သစ်သီးကြီးငယ်ဖြင့် မျှတ လျက် ကြာမြင့်စွာ နေလေ၏။

တစ်နေ့သ၌ ချဉ်ဆားမှီဝဲရန်အလို့ငှာ လူတို့နေထိုင်ရာ အရပ် သို့ လှည့်လည်လာလတ်သည်ရှိသော် ဥတ္တရပဉ္စာလမြို့သို့ ရောက် ခဲ့လေ၏။ ရောက်လျှင် မင်းဥယျာဉ်၌ နေထိုင်တော်မူပြီး နံနက် အခါ၌ မြို့တွင်းသို့ ဆွမ်းခံဝင်ခဲ့လေ၏။ ဆွမ်းခံရင်းမှ မင်းကြီး၏ အိမ်တံခါးသို့ ရောက်လေ၏။ မင်းကြီးသည် ရသေ့၏ ငြိမ်သက် သော ဣန္ဒြေ၌ ကြည်ညို၍ ပြာသာဒ်အပြင်သို့ ပင့်ဆောင်လျက် ဆွမ်းခဲဖွယ်ဘောဇဉ်တို့ကို ကပ်လှူပူဇော်ပြီး ဥယျာဉ်တော်၌ သီ တင်းသုံး နေထိုင်စေ၏။ ရသေ့လည်း နေ့စဉ်နေ့တိုင်း မင်းကြီး ထံ သွားရောက်ကာ ဆွမ်းဘုဉ်းပေးလေ၏။

ထိုအခါ ရသေ့လည်း မိုးကာလလွန်သည်ရှိသော် ဟိမ ဝန္တာအရပ်သို့ သွားလို၍…

> "ငါသည် ဤခရီးသို့ သွားရန်အတွက် ငါ့အဖို့ သစ်
> ရွက်ထီးနှင့် လျှာခြင်းဖိနပ်တစ်ရန်ကို ရခြင်းငှာသင့်၏။
> မင်းကြီးကို တောင်းရလျှင် ကောင်း၏"

ဟု ကြံစည် စိတ်ကူးမိလေ၏။

တစ်နေ့သော် မင်းကြီးသည် ရသေ့သီတင်းသုံးရာ ဥယျာဉ် တော်သို့ ရောက်လာခဲ့လေ၏။ ထိုအခါ ရသေ့လည်း မင်းကြီးထံ

သစ်ရွက်ထီးနှင့် လွှာခြင်းဖိနပ်တစ်ရန် တောင်းခံရန် ကြံစည် စိတ်ကူ လိုက်လေ၏။ သို့ရာတွင်...

"သူတစ်ပါးထံမှ ဤဥစ္စာပစ္စည်းတို့ကို ပေးပါဟူ၍ တောင်းခံသောသူသည် ငိုသည်မည်၏။ ထို့အတူ ဥစ္စာရှင် သည်လည်း 'မရှိ'ဟူသော စကားကို ဆိုပါက ငိုသည်ပင် မည်၏။ ငိုသောငါနှင့် ငိုသော မင်းကြီးတို့ကို လူအများ မမြင်ပါစေလင့်။ ဆိတ်ကွယ်ရာအရပ်၌ ငါတို့နှစ်ဦးစလုံး ငိုကြမည်"

ဟူ၍ ကြံစည်ကာ မင်းကြီးအား ဆိတ်ကွယ်ရာအရပ်၌ နှစ်ဦးသား စကားပြောလို၏ဟု စကားခံလေ၏။ မင်းကြီးလည်း ထိုစကားကိုကြားလျှင် မင်းချင်းအပေါင်းအား အဝေးသို့ ဖဲခွာ စေလေ၏။ မင်းချင်းတို့ ဖဲခွာသွားလေသည် ရှိသော်

"ငါသည် လိုအပ်သော ဥစ္စာပစ္စည်းတို့ကို တောင်းခံ သည် ရှိအံ့။ မင်းကြီးက မပေးနိုင်လျှင် အချစ်ပျက်လတ္တံ့။ ထို့ကြောင့် ငါမတောင်းသည်သာ ကောင်းပါလိမ့်မည်..."

ဟု အတွေးပေါ်လာကာ တောင်းခံရန် စကားမဟတော့ ဘဲ...

"အရှင်မင်းကြီး...သွားပါဦးလော့။ နောက်နေ့မှသာ လျှင် အကျိုးအကြောင်းကို ပြောပြပါမည်"

ဟု ပြောဆိုလေရာ မင်းကြီးလည်း ဥယျာဉ်မှ ပြန်ထွက် သွားလေ၏။ နောက်တစ်နေ့ မင်းကြီး ရောက်လာသောအခါ၌ မနေ့ကအတိုင်း စကားဆိုပြန်၏။ သို့ရာတွင် မတောင်းနိုင်ဘဲ

ရှိပြန်၏။ ဤကဲ့သို့ မတောင်းဖြစ်ဘဲ သိုသိပ်နေခဲ့သည်မှာ ကာလအားဖြင့် ၁၂ နှစ်တိုင် ကြာမြင့်ခဲ့လေ၏။ ထိုအခါ မင်းကြီးလည်း...

"ငါ၏ဆရာ အရှင်ရသေ့သည် ဆိတ်ကွယ်ရာ၌ စကားပြောဆိုမည်ဟု ဆိုပြီး...တကယ်တမ်း ဆိတ်ကွယ်ရာရောက်သည့်အခါတွင်မူ တစ်စုံတစ်ရာမျှ စကားမဆိုဘဲ ပြန်လွှတ်သည်ချည်း ဖြစ်၏။ ထိုသို့ ပြုမူနေခဲ့သည်မှာ ကာလအနည်းငယ်လည်း မဟုတ်။ ၁၂ နှစ် ကာလတိုင်ပင် ကြာမြင့်ခဲ့ချေပြီ။ ရှင်ရသေ့သည် မြတ်သောအကျင့်ကို ကျင့်ရသည်မှာ ငြီးငွေ့သဖြင့် လူထွက်ကာ စည်းစိမ်ခံစားလိုကြောင်း ပြောဆိုခြင်းပင် ဖြစ်လိမ့်မည်။ မင်းကြီးဖြစ်သော ငါ့အား ပြောဆိုရန် မဝံ့သဖြင့် ဆိတ်ဆိတ်နေခြင်းသာ ဖြစ်ဟန်တူ၏။

ယနေ့...ငါသည် ရှင်ရသေ့၏ အလိုဆန္ဒကို ပြည့်စေရန် လုပ်ဆောင်အံ့"

ဟု ကြံစည်မိလေ၏။ ရှင်ရသေ့ထံရောက်၍ ထုံးစံအတိုင်း ဆိတ်ကွယ်ရာ ဖြစ်စေရန် မင်းချင်းတို့ကို ဖဲခွာစေလေ၏။ ရသေ့လည်း ဆိတ်ကွယ်ရာ အဖြစ်သို့ ရောက်လေသော် ရှင်ရသေ့လည်း တစ်စုံတစ်ရာမျှ မပြောမဆိုဘဲ ရှိနေ၏။ ထိုအခါ မင်းကြီးက–

"အရှင်ရသေ့...အရှင်သည် ၁၂ နှစ်တာ ကာလပတ်လုံး ဆိတ်ကွယ်ရာ ရရှိသည့်တိုင်အောင် စကားတစ်စုံတစ်ရာ

မျှ မပြောမဆိုဘဲ နေခဲ့၏။ အရှင်သည် မင်းအဖြစ်ကို အလိုရှိသလော။ သို့တည်းမဟုတ် မည်သည့်အရာကို အလိုရှိပါသနည်း။ အလိုရှိရာ ဝတ္ထုအစုစုကို စိတ်ထဲ၌ မည်သို့မျှ မထားဘဲ တောင်းဆိုတော်မူပါလော။ မိန့်ကြားတော်မူပါလော့..."

ဟူ၍ တင်လျှောက်လေ၏။ ထိုအခါ ရသေ့လည်း မင်းကြီးအား–

"အရှင်မင်းကြီး...ငါတောင်းဆိုသော အရာကို ပေးနိုင်ပါမည်လော"

ဟု မေးတော်မူသော် မင်းကြီးလည်း တောင်းဆိုသမျှ ပေးပါမည် ဟူ၍ ဖြေကြားလေ၏။ ထိုအခါ ရှင်ရသေ့က–

"အရှင်မင်းကြီး... ငါသည် ခရီးသွားရန်အတွက် သစ်ရွက်ထီးနှင့် လှာခြင်းဖိနပ်ကို အလိုရှိပါ၏"

ဟု ဆိုလေရာ မင်းကြီးလည်း အံ့အားတသင့် ဖြစ်သွားရလေ၏။

"အရှင်ရသေ့... ဤမျှလောက်သော ဝတ္ထုအား ၁၂ နှစ်တာ ကာလပတ်လုံး တောင်းဆိုရန် အဘယ်ကြောင့် မဝံ့ရလေသနည်း"

"အရှင်မင်းကြီး... မတောင်းဆိုဝံ့ပါ..."

"အရှင်ရသေ့...မတောင်းဆိုဝံ့သော အကြောင်းရင်းကို သိလိုပါ၏"

"အရှင်မင်းကြီး... တောင်းသောသူအတွက် ရခြင်း, မရခြင်းဟူ၍ ရှိ၏။ ပညာရှိတို့သည် ပေါင်းခြင်းကို ငိုခြင်း

ဟူ၍ ပြောဆိုကုန်၏။ တောင်းသောဥစ္စာကို မပေးဟူ၍ ပယ်မြစ်ခြင်းကိုလည်း အတုငိုခြင်း ဟူ၍ ပြောဆိုကြကုန်၏။ ငိုသော ငါ့ကိုလည်းကောင်း၊ အတုငိုသော မင်းကြီးကိုလည်းကောင်း ပဉ္စာလတိုင်း၌ စည်းဝေးကုန်သော သူတို့ မမြင်ခြင်းငှာ အလိုရှိပါ၏။ သို့အတွက် ငါသည် ဆိတ်ကွယ်ရာကို တောင်းဆိုခြင်း ဖြစ်ပါ၏"

မင်းကြီးလည်း ဆရာရှင်ရသေ့၏ စကားကိုကြားလျှင် လွန်စွာမှ ကြည်ညိုသွားပြီး–

"အရှင်ရသေ့...အရှင်ရသေ့အား နွားလားဥသဘနှင့်တကွ အမွေးနီသော နွားမတစ်ထောင်တို့ကို ပေးလှူပါအံ့။ စင်စစ် အရှင်မြတ်၏ တရားနှင့် ယှဉ်သော စကားတို့ကို ကြားနာ၍ မြတ်သောအကျင့်နှင့် ပြည့်စုံသောသူသည် မြတ်သော အကျင့်နှင့် ပြည့်စုံသူအား အဘယ်မှာလျှင် မလှူဘဲ နေပါအံ့နည်း"

ဟူ၍ လျှောက်ထားလေ၏။ ရသေ့လည်း မင်းကြီး၏ စကားကို ကြားလျှင်–

"အရှင်မင်းကြီး...ငါသည် ကိလေသာကာမ၊ ဝတ္ထုကာမတို့၌ အလိုမရှိပေ။ ငါတောင်းဆိုသော သစ်ရွက်မိုးထီးနှင့် လွှာခြင်းဖိနပ်ကိုသာလျှင် ပေးလှူပါလော့"

ဟူ၍ ပြောဆို အလှူခံလေ၏။ ထို့နောက်–

"အရှင်မင်းကြီး...ကုသိုလ်ကောင်းမှုတို့၌ မမေ့မလျော့ မပေါ့ဆပါနှင့်။ အလှူကို ပေးပါလော့။ ဥပုသ်သီလကို ဆောက်တည်ပါလော့..."

ဟူ၍ ပြောဆိုဆုံးမကာ ဟိမဝန္တာတောသို့ ထွက်ခွာသွားလေ၏။ ထို့နောက် အဘိညာဉ် သမာပတ်တို့ကို ဖြစ်စေလျက် သေလွန်သည်ရှိသော် ဗြဟ္မာ့ပြည်သို့ သွားရလေ၏။

ဤသို့လျှင် ဗုဒ္ဓဘုရားရှင်လည်း အတိတ်ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူပြီးသည့်နောက်–

"ရဟန်းတို့...

ထိုစဉ်အခါက ပဉ္စာလမင်းသည် ယခုအခါ အာနန္ဒာ ဖြစ်လာပြီး ဆရာရသေ့ကား ငါဘုရားရှင် ဖြစ်လာ၏"

ဟု မိန့်ဆိုကာ ဇာတ်ကို ပေါင်းတော်မူလေသတည်း။

❐ ❐ ❐

F-7A

# ၃၂၄။ စမ္မသာဋကဇာတ်



[၃၂၄]

## မမှုသာငှက်ဇာတ်

လူ၊ နတ်၊ ဗြဟ္မာတို့၏ ဆရာသခင် အထွတ်တင် ဖြစ်တော်မူသော မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်းတော်၌ စမွယ်သီတင်းသုံး နေတော်မူစဉ် ပရိဗိုဇ် တစ်ယောက်သည် သားရေအဝတ်ကို ဝတ်ဆင်လေ့ ရှိ၏။

ထိုပရိဗိုဇ်သည် တစ်နေ့သ၌ ၎င်းသီတင်းသုံးရာ အာရာမ်မှ ထွက်၍ သာဝတ္ထိပြည်တွင်းသို့ ဆွမ်းခံကြွလေ၏။ ဤတွင် သိုးတစ်ကောင် ဖုံ့နေရာအရပ်သို့ ရောက်လေ၏။ သိုးသည် ပရိဗိုဇ်ကို မြင်လေသော် ဖုံ့လိုသည့်အတွက် အနောက်သို့ ဆုတ်လေ၏။ ဤတွင် ပရိဗိုဇ်သည်...

"ဤသိုးကား... ငါ့အား ရှိသေသော အမူအရာကို ပြပေ၏"

ဟူ၍ မှတ်ထင်ကာ နောက်သို့မဆုတ်ဘဲ ရပ်မြဲအတိုင်း ရပ်နေလေ၏။ ထိုအခါ သိုးသည် လျင်မြန်သော အဟုန်ဖြင့်

လေးညို့မှ လွှတ်တင်လိုက်သော မြားသဖွယ် တစ်ဟုန်ထိုး ပြေးဝှေ့ရာ သိုး၏ဦးချိုသည် ဓမ္မသာဌကပရိဗိုဇ်၏ ပေါင်ခြံကို ထိကာ လဲကျလေတော့၏။ ထိုသတင်းသည် သံဃာထု အလယ် ၌ ထင်ရှားပျံ့နှံ့လေ၏။ ထိုအကြောင်းကို တရားသဘင်၌ ရဟန်း တို့သည် အချင်းချင်း ပြောဆိုနေကြလေ၏။ ဘုရားရှင်လည်း ထိုအကြောင်းကို သိလေလျှင်...

"ရဟန်းတို့...ဤဓမ္မသာဌက ပရိဗိုဇ်သည် ယခုအခါ ၌သာလျှင် သူတော်ကောင်း မဟုတ်သော သိုးကို ချီးမြှောက် ခြင်း ပြုသည်၍ ပျက်စီးရသည် မဟုတ်။ ရှေးအခါ၌ ပျက်စီးခဲ့ဖူးပေပြီ"

ဟု မိန့်ဆိုကာ အတိတ်ဇာတ်ကို ဆောင်တော်မူလေ သတည်း။

* * *

ရှေး...လွန်လေပြီးသော ကာလ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံသည်ရှိသော် ထို ပြည်၌ပင် ကုန်သည်ပညာရှိတစ်ဦး ရှိလေ၏။

တစ်နေ့သ၌ ဓမ္မသာဌက အမည်ရှိ ပရိဗိုဇ်တစ်ဦးသည် ဗာရာဏသီပြည်သို့ ဆွမ်းခံဝင်သည်ရှိသော် ဝှေ့တတ်သော သိုး တစ်ကောင် အနီးသို့ ရောက်ခဲ့လေ၏။ သိုးသည် ဓမ္မသာဌက အား ဝှေ့ရန်အတွက် နောက်ဆုတ်သည်ကို မြင်လေသော် ဓမ္မ သဌက၏ စိတ်၌−

"ဤသိုး သည် ငါ့အား ပူဇော်နေဘိ၏။ လူတို့အာ သိုးလောက်မျှပင် ဂုဏ်ကျေးဇူးကို မသိ'

ဟူ၍ ရေရွတ်ကာ ထိုသိုးအား လက်အုပ်ချီလိုက်၏။ ထို့နောက် ဖြတ်သွားဖြတ်လာ လူများအား...

"အချင်းတို့...ဤသိုးကား အမျိုးမြတ်လှ၏။ ငါ့ကိုလည်း ပူဇော်နေဘိ၏။ အခြေလေးချောင်းရှိသော ဤသိုးသည် စိတ်သဘောထား ကောင်းလေစွ။ ကျေးဇူးတရားကိုနာ လည်ပေစွ။ သီလရှိပေစွ။ သည့်အတွက် ချစ်ခင်မြတ်နိုးဖွယ် ကောင်းလေစွတကား"

ဟု သိုးအပေါ် ချီးမွမ်းခန်း ဖွင့်နေလေ၏။ ထိုအခါ ပညာရှိကုန်သည် ရောက်လာပြီး–

"အို...ပုဏ္ဏားပရိဗိုဇ်၊ တစ်ခဏချင်း မြင်ကာမျှနှင့် အခြေလေးချောင်း ရှိသော သိုးအား အကျွမ်းတဝင် မပြုသင့်ပါ။ သိုးသည် သင့်အား ပြင်းထန်စွာ ဝှေ့လိုသည့်အတွက် အရှိန်ယူရန် နောက်သို့ဆုတ်သွားခြင်း ဖြစ်၏"

ဟူ၍ တားမြစ်လေ၏။ ထိုခဏမှာပင် သိုးသည် လျင်မြန်သော အဟုန်ဖြင့် ပြေးလာကာ ဓမ္မသာဋက၏ ပေါင်ခြံသို့ဝှေ့လေတော့၏။ ဓမ္မသာဋကလည်း မြေပြင်သို့ လဲကျလျက်ပြင်းထန်စွာ ဝေဒနာကို ခံစားရင်း–

"အချင်းတို့...ငါ၏ ပေါင်ရိုးတို့ကား ကျိုးပေပြီ။ ငါကား ပညာမဲ့သူ၊ မိုက်မဲသူဖြစ်၍ မပူဇော်သင့်သူကို ပူဇော်မိခဲ့၏။ ထိုအကျိုးဆက်ကို ခံစားရလေပြီ"

ဟူ၍ ညည်းတွားရေရွတ်ကာ နေရာမှာပင် အသက်ကုန်လေတော့၏။

ဤသို့လျှင် ဗုဒ္ဓဘုရားရှင်လည်း အတိတ်, ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူ၍–


"ရဟန်းတို့...

ထိုအခါက ဓမ္မသာဋကပရိဗိုဇ်သည် ယခုအခါလည်း ဓမ္မသာဋကပရိဗိုဇ်ပင် ဖြစ်လာ၏။ ထိုစဉ်က ပညာရှိကုန်သည်ကား ယခုအခါ ငါဘုရားရှင် ဖြစ်လာ၏"

ဟု မိန့်ဆိုကာ ဇာတ်ကို ပေါင်းတော်မူလေသတည်း။

❒ ❒ ❒

# ၃၂၅။ ဂေါဓရာဇာတ်



[၃၂၅]

## ဂေါဓရောဇာတ်

လူ၊ နတ်၊ ဗြဟ္မာအပေါင်း၏ အထွတ်ဥဩ့ဘောင် မြတ်ဘုန်းခေါင် ဖြစ်တော်မူသော မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည်မွန်၊ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးစဉ်က အံ့ဖွယ်သရဲကို ပြုလုပ်တတ်သော ရဟန်းတစ်ပါးနှင့် ပတ်သက်၍ အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော်မူလေသတည်း။

* * *

ရှေး... လွန်လေပြီးသောကာလ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံသည်ရှိသော် တောအုပ်တစ်ခုတွင် ခွန်အားဗလနှင့် ပြည့်စုံသော ဖွတ်မင်းရှိလေ၏။ ဖွတ်မင်းနေထိုင်ရာနှင့် မနီးမဝေးတွင်လည်း အကျင့်သီလ ပျက်ယွင်းသော စဉ့်လဲကောက်ကျစ်သော ရသေ့ပျက်သည် ကျောင်းသခ်မ်း ဆောက်၍ နေထိုင် သီတင်းသုံးလေ၏။

တစ်နေ့သ၌ ဖွတ်မင်းသည် အစာရှာထွက်လာရာမှ ကျောင်းသင်္ခမ်းမှ ရသေ့ပျက်ကို မြင်လေရာ ရသေ့ပျက်မှန်း မသိဘဲ သီလရှိသော သူတော်ကောင်းဟူ၍ မှတ်ထင်ပြီး ကိုးကွယ်ဆည်းကပ်လေ၏။ ရသေ့ပျက်ထံမှ တရားကိုနာကြားပြီး မိမိနေရာသို့ ပြန်လေ၏။

တစ်နေ့တွင် ဒါယကာတစ်ဦးသည် အသားဟင်းတစ်မျိုးကို ကောင်းစွာစီမံ ချက်ပြုတ်ပြီး ရသေ့ပျက်အား လာရောက်ကပ်လေ၏။ ရသေ့ပျက်လည်း အရသာ တွေ့သွားသည့်အတွက် ဆွမ်းဒကာအား...

"ဒကာ... သင်ကပ်လှူသော ဟင်း၏အသားကား မည်သည့်အသား ဖြစ်သနည်း"

ဟု မေးလေ၏။ ဒါယကာက ဖွတ်သားဟု ဖြေလေရာ ရသတဏှာ စွဲငြိသွားသော ရသေ့လည်း ၎င်းထံ လာရောက်ဆည်းကပ်သော ဖွတ်မင်းကို မြင်ယောင်မိလေတော့၏။ ထိုအခါ-

"ငါ၏ ကျောင်းသင်္ခမ်းသို့ မကြာခဏ လာရောက်လေ့ရှိသော ဖွတ်ကြီးအား သတ်ပြီးလျှင် ကောင်းစွာ ချက်ပြုတ်စားသောက်မည်"

ဟု ကြံစည်ကာ ထောပတ်၊ နို့ဓမ်း အစရှိသည်တို့နှင့်တကွ ဟင်းခတ် အမွှေးအကြိုင်တို့ကို ရှာဖွေလျက် ကျောင်းသင်္ခမ်း၌ သိုလှောင်ထားလေ၏။ ထို့နောက် လက်ရိုက်တံကို ရှာဖွေကာ သင်္ကန်းကြား၌ ဝှက်ထားပြီး ဖွတ်မင်းအလာကို စောင့်မျှော်နေလေ၏။

ထိုအချိန်တွင် ဖွတ်မင်းသည် ရသေ့ပျက်အား ပူဇော်ရန် ရောက်လာခဲ့လေ၏။ ဤတွင် တဏှာမငြိမ်၊ ဣန္ဒြေပျက်နေသော ရသေ့ပျက်အား မြင်လေသော်...

"ဤရသေ့ကား...ဖွတ်သားကို စားရမည် ဖြစ်လိမ့်မည်။ ပို၍ သေချာအောင် စုံစမ်းမည်"

ဟု ကြံရွယ်ကာ လေအောက်မှနေ၍ အနံ့ကိုခံလေ၏။ ဤတွင် ဖွတ်သားနံ့ရ၍ ဖွတ်သားစားထားမှန်း သေချာသွားလေရာ ရသေ့ပျက်ထံ မသွားတော့ဘဲ အနောက်သို့ ဆုတ်ခွာလေ၏။ ရသေ့ပျက်လည်း အခြေအနေမဟန်မှန်း သိလေသော် သင်္ကန်းကြား၌ ဝှက်ထားသော လက်ရိုက်တံကို ထုတ်ကာ ဖွတ်မင်းကို ပစ်လေ၏။ လက်ရိုက်တံသည် ဖွတ်မင်း၏ ကိုယ်လုံးအား မထိဘဲ အမြီးဖျားကိုသာ ထိလေ၏။ ဤတွင် ရသေ့ပျက်သည်-

"ဟယ်...ငါပစ်သော လက်ရိုက်တံ ချော်သွားပေပြီ"

ဟူ၍ ပြောဆိုလေ၏။ ထိုအခါ ဖွတ်မင်းလည်း...

"ဟယ်...ရသေ့ပျက်၊ သင်ပစ်လွှတ်သော လက်ရိုက်တံသည် လွဲချော်သော်ငြား အပါယ်လေးပါးကိုမူ ချော်မည်မဟုတ်"

ဟု ပြောဆိုပြေးလွှားကာ ရသေ့ပျက်၏ ကျောင်းသင်္ခမ်းစင်္ကြံဦးရှိ တောင်ပို့အတွင်းသို့ ဝင်လေ၏။ ထို့နောက် ဂယ်ပေါက်မှ ခေါင်းပြူလျက်-

"ဟယ်... ရသေ့ပျက်၊ ကိုယ်၊ နှုတ်၊ နှလုံး သုံးပါး စလုံးကို စောင့်ထိန်းခြင်းမရှိသော သင့်အား ရသေ့ကောင်း ဟု ထင်မှတ်၍ ဆည်းကပ်မိ၏။ ယခုမူ သင်၏ အမူ အကျင့်ကို မြင်ရရုံနှင့် ရသေ့ပျက်မှန်း သိလိုက်ရပေပြီ။

ဟယ်... ရသေ့ပျက်၊ ပညာမဲ့သော သင့်အဖို့ ဆံကျစ် တို့ဖြင့်လည်း အကျိုးမရှိ၊ သစ်နက်ရေဖြင့်လည်း အကျိုး မရှိ။ သင့်ကိုယ်တွင်း၌ ကိလေသာတို့ကား တောအုပ် အလား ထူထပ်လွန်း၏။ သင်၏ ပြင်ပအသွင်မှာမူ ပြေ ပြစ်သယောင် ဖြစ်နေဘိ၏"

ဟူ၍ ဆိုလေ၏။ ထိုအခါ ရသေ့ပျက်လည်း ဖွတ်မင်းအား အနုနည်းဖြင့် စည်းရုံးရန် စိတ်ကူးရလာ၍...

"အချင်း... ဖွတ်မင်း၊ ငါ့ထံသို့ ပြန်လာခဲ့ပါလော့။ ငါ့၌ရှိသော သလေးစပါးတို့အား လာ၍ စားသောက်ပါ လော့။ ငါ့၌ ဆီ၊ ဆား အပြည့်အစုံ ဟင်းခတ်အမွှေးအကြိုင် မျိုးစုံ ရှိပါ၏..."

ဟူ၍ ဆိုလေ၏။ ထိုအခါ ဖွတ်မင်းလည်း...

"ဟယ်... ရသေ့ပျက်၊ ငါကား သင့်ကိုစွန့်ခွာ၍ အသူ တရာ နက်လှစွာသော တောင်ပို့တွင်းသို့ လျှင်မြန်စွာ ဝင်တော့မည်။ သင်သည် သင့်၌ သိုလှောင်ထားသော ဆီ၊ ဆား၊ ဟင်းခတ်အမွှေးအကြိုင်တို့နှင့် မွှေ့လျော်၏။ ထိုအရာများကား ငါနှင့် လားလားမျှ မဆိုင်။

ရသေ့ပျက်... သင်လည်း ဤအရပ်ဒေသမှ ဝေးရာ သို့ သွားပါလော့။ သို့မဟုတ်ပါက သင် ဆွမ်းခံရာ ရွာရှိ

လူများအား သင်၏အမူအကျင့်တို့ကို ထုတ်ဖော်ပြောဆို၍ သင့်ကို ဖမ်းဆီးခိုင်းအံ့…”

ဟူ၍ ပြောဆိုခြိမ်းခြောက်လေသော် ရသေ့ပျက်လည်း လွန်စွာမှ တုန်လှုပ်ချောက်ချား သွားလေတော့၏။ သို့ဖြင့် ကျောင်းသခ်မ်းတွင်းမှ ယူငင်စရာရှိသည်တို့ကို ယူငင်ကာ ထိုအရပ်မှ ထွက်ပြေးသွားရလေတော့၏။

ဤသို့လျှင် ဗုဒ္ဓဘုရားရှင်လည်း အတိတ်၊ ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူလျက်–

“ရဟန်းတို့…

ထိုစဉ်အခါက စဉ်းလဲကောက်ကျစ်သော ရသေ့ပျက်သည် ယခုအခါ အံ့ဖွယ်သရဲ ပြုမူတတ်သော ရဟန်း ဖြစ်လာ၏”

ထိုစဉ်အခါက ဖွတ်မင်းကား ယခုအခါ ငါဘုရားရှင် ဖြစ်လာ၏”

ဟု မိန့်တော်မူလျက် ဇာတ်ကို ပေါင်းလေသတည်း။

❒ ❒ ❒

# ၃၂၆။ ကက္ကာရဇာတ်



# [၃၂၆]

# ကက္ကာရဇာတ်

လူ၊ နတ်၊ ဗြဟ္မာတို့၏ အထွတ်သနင်း တရားမင်း ဖြစ်တော်မူသော ဗုဒ္ဓဘုရားရှင်သည် သာဝတ္ထိပြည်မွန်၊ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးစဉ်က ဖြစ်၏။

ထိုကာလတွင် ဒေဝဒတ်သည် မုသားစကားဆို၍ သံဃာကို သင်းခွဲ၏။ ၎င်းနှင့်အတူ ပါလာကြကုန်သော ရဟန်းပရိတ်သတ်အာ ရှင်သာရိပုတ္တရာ၊ ရှင်မောဂ္ဂလာန်တို့က ပြန်လည်ခေါ်ဆောင်သွားသည့်အတွက် စိတ်နှလုံးပူပန်ကာ ခံတွင်းမှ သွေးပုပ်တို့အန်ထွက်လေ၏။ ထိုအကြောင်းကို ရဟန်းတို့သည် တရားသဘင်၌ စုဝေးမိကြသည့်အခိုက်–

"ငါ့ရှင်တို့... ဒေဝဒတ်သည် မုသားစကား ဆို၍ သံဃာကို သင်းခွဲသဖြင့် ပြင်းထန်သော ဝေဒနာကို ခံစားရ၏"

ဟူ၍ ပြောဆိုနေကြလေ၏။ ထိုအခါ ဘုရားရှင် ကြားသိတော်မူသည့် သကာလ–

"ရဟန်းတို့… ဒေဝဒတ်သည် ယခုအခါ၌သာ မုသား ဆို၍ ပြင်းထန်ကြီးမားလှစွာသော ဆင်းရဲဒုက္ခ ဝေဒနာကို ခံစားရသည် မဟုတ်။ ရှေးအခါကလည်း ဤသို့ပင် ဆင်းရဲ ဒုက္ခ ဝေဒနာကို ခံစားရဖူးပြီ"

ဟု မိန့်ဆိုကာ အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော် မူလေသတည်း။

* * *

ရှေး… လွန်လေပြီးသော ကာလ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံသည်ရှိသော် တာဝတိံသာ နတ်ပြည်၌ မထင်ရှားသော နတ်သားတစ်ပါး ရှိလေ၏။

ထိုအချိန်တွင် ဗာရာဏသီပြည်၌ စည်ကားလှစွာသော ပွဲ လမ်းသဘင်တို့ကို ကျင်းပရာ နဂါး၊ ဂဠုန်၊ ဘုမ္မစိုး နတ်များစွာ တို့သည် လာရောက်၍ ပွဲသဘင်ကို ကြည့်ရှုကြလေ၏။

ထို့အတူပင် တာဝတိံသာမှ နတ်သားလေးပါးတို့လည်း ကက္ကာရနတ်ပန်းကုံးကို ပန်ဆင်ကာ ပွဲသဘင်ကြည့်ရှုန် လာကြ လေ၏။ ဆယ့်နှစ်ယူဇနာရှိသည့် ဗာရာဏသီပြည်သည် နတ် တို့၏ ပန်းရနံ့ကြောင့် မွှေးပျံ့သင်းထုံနေတော့၏။ လူတို့လည်း ဤပန်းနံ့ကား မည်သူပန်ဆင်လာသည့် ပန်းပေနည်းဟူ၍ လှည့် လာရှာစမ်းနေမိကြ၏။

ထိုနတ်သားလေးပါးတို့သည် မင်းရင်ပြင်ရှိ အထက်ကောင်း ကင်၌ တန်ခိုးအာနုဘော်ဖြင့် ရပ်တန့်ကာ ကြည့်ရှုကြလေ၏။

ထို့အတူ မင်းနှင့်တကွ တိုင်းသူပြည်သားတို့မှာလည်း သူ့ထက်ငါ ပွဲလမ်းသဘင်ကို ကြည့်ရှုကြလေ၏။ ထိုအခါ လူအပေါင်းတို့သည် နတ်သားလေးပါးကို မြင်လေသော် မေးမြန်းကြလေ၏။

"အရှင်နတ်မင်းတို့...မည်သည့်နတ်ပြည်မှ လာကြပါသနည်း"

"အချင်းတို့... ငါတို့ကား တာဝတိံသာနတ်ပြည်မှ လာကြခြင်း ဖြစ်ပေ၏"

"အရှင်နတ်မင်းတို့...မည်သည့်အတွက်ကြောင့် လာကြပါသနည်း"

"အချင်းတို့...ငါတို့သည် ပွဲသဘင်ကို ကြည့်ရှုလိုသည့်အတွက် လာကြခြင်း ဖြစ်ပေ၏"

"အရှင်နတ်မင်းတို့ ပန်ဆင်ထားသော ပန်းတို့မှာ လွန်စွာမှ မွှေးကြိုင်လှပါ၏။ မည်သို့သောပန်း ဖြစ်ပါသနည်း"

"ငါတို့ ပန်ဆင်သော ပန်းမှာ ကက္ကာရုနတ်ပန်းတို့ ဖြစ်ကုန်၏"

"အရှင်နတ်မင်းတို့...ထိုသို့ဆိုပါက ကက္ကာရု နတ်ပန်းအား အကျွန်ုပ်တို့အား ပေးသနားပါလော့..."

"အချင်းတို့...ဤ ကက္ကာရုနတ်ပန်း ဆိုသည်ကား လွန်စွာမှ တန်ခိုးအာနုဘော် ကြီးမားလှ၏။ နတ်တို့နှင့်သာ ထိုက်တန်သော ပန်းလည်း ဖြစ်၏။ လူ့ပြည်၌ ယုတ်မာကောက်ကျစ်သူ၊ စိတ်ထားယုတ်ညံ့သူ၊ ပညာကင်းမဲ့သူ၊ သီလမရှိသူတို့နှင့် မထိုက်တန်။ ရိုးသားဖြောင့်မတ်သူ၊ စိတ်

ထားနူးညံ့သူ၊ ပညာရှိသူ၊ သီလရှိသူတို့နှင့်သာ ထိုက်တန်၏။

အချင်းတို့...ကိုယ်ထိလက်ရောက် သူတစ်ပါးဥစ္စာကို မခိုးသူ၊ နှုတ်ဖြင့် မုသားစကားကို မဆိုသူ၊ စည်းစိမ်ချမ်းသာကို ရပြီး၍ မမေ့မလျော့သူတို့သာလျှင် ဤကက္ကာရ နတ်ပန်းကို ပန်ဆင်ထိုက်၏"

ထိုစကားကို ကြားရသည်ရှိသော် ပုရောဟိတ်ပုဏ္ဏားသည်–

"ငါ၌ နတ်ပန်းကို ပန်ဆင်ထိုက်သော ဂုဏ်ကျေးဇူး ဟူ၍ မရှိ။ သို့ရာတွင် ဤနတ်ပန်းကို ပန်ဆင်ရပါက လူအပေါင်းတို့သည် ငါ့အား သီလစင်ကြယ်သူ အဖြစ် အလေးထား ဦးညွှတ်လာပေမည်။ သို့ဖြစ်၍ ငါရအောင် တောင်းယူပန်ဆင်အံ့"

ဟု ကြံရွယ်ပြီး ပထမနတ်သားထံ–

"အသင်နတ်သား...အကျွန်ုပ်သည် အသင်တို့ ပြောဆိုသော ဂုဏ်ကျေးဇူးတို့နှင့် ပြည့်စုံသူ ဖြစ်ပါ၏။ သို့ဖြစ်၍ နတ်ပန်းကို ပေးပါလော့"

ဟူ၍ မုသားစကားကို ဆိုကာ တောင်းယူပန်ဆင်လိုက်လေ၏။ ထို့နောက် နှစ်ပါးမြောက် နတ်သားထံမှလည်း တောင်းခံပြန်၏။ ထိုအခါ နှစ်ပါးမြောက် နတ်သားက–

"အချင်းပုဏ္ဏား... တရားသဖြင့် ဥစ္စာကို ရှာဖွေသူ၊ ကောက်ကျစ်စဉ်းလဲစွာဖြင့် ဥစ္စာကို မဆောင်ယူသူ၊ စည်းစိမ်ချမ်းသာကို ရရှိပြီးသော်လည်း မမေ့မလျော့ သူတို့သာလျှင် စင်စစ် ဤကက္ကာရနတ်ပန်းကို ပန်ဆင်ထိုက်၏"

ဟု ပြောကြားလေ၏။ ပုဏ္ဏားကလည်း မိမိသည် ထိုအရည်အချင်းများနှင့် ပြည့်စုံသူ ဖြစ်ပါကြောင်း ပြောဆိုရာ နှစ်ပါးမြောက် နတ်သားထံမှ နတ်ပန်းကို ပန်ဆင်ခွင့်ရလေ၏။ လူအများမှာလည်း ထိုပုဏ္ဏားကိုကြည့်၍ အထင်တကြီး ဖြစ်နေကြလေ၏။ ပုဏ္ဏားကား အတောမသတ်နိုင်သေး။ လူတို့ ပို၍ အထင်ကြီးစေရန် သုံးပါးမြောက် နတ်သားထံမှ တောင်းခံပြန်လေ၏။

"အချင်းပုဏ္ဏား...နန္ဒင်းရည် ဆိုးထားသကဲ့သို့ မဟုတ်ဘဲ စိတ်ထားတည်ကြည်သူ၊ အနည်းငယ်မျှသော အကြောင်းဖြင့် မပျက်စီးဘဲ ကံကံ၏အကျိုးကို ယုံကြည်သူ၊ မွန်မြတ်လှစွာသော ဘောဇဉ်ကို တစ်ယောက်တည်း တစ်ကိုယ်ကောင်းဆန်စွာ မစားသူတို့သာလျှင် စင်စစ် ဤကက္ကာရနတ်ပန်းကို ပန်ဆင်ထိုက်၏"

ဟု ပြောကြားလေရာ ထိုသုံးပါးမြောက် နတ်သားအား မိမိသည် အဆိုပါ အရည်အချင်းတို့နှင့် ပြည့်စုံပါကြောင်း ပြောကြားပြီး တောင်းခံလေ၏။ နတ်သားကလည်း ကက္ကာရနတ်ပန်းကို ပန်ဆင်ရန် ပေးလေ၏။ ပုဏ္ဏားကြီးအဖို့ ဤမျှနှင့် မတင်းတိမ်နိုင်သေး။ လေးပါးမြောက် နတ်သားထံမှ တောင်းခံပြန်လေ၏။ ဤတွင် လေးပါးမြောက် နတ်သားက-

"အချင်းပုဏ္ဏား...မျက်မှောက်မျက်ကွယ်၌ သူတော်ကောင်းတို့ကို မဆဲရေးသူ၊ ပြောဆိုသည့်အတိုင်း ပြုလုပ်တတ်သူတို့သာလျှင် ဤကက္ကာရနတ်ပန်းကို ပန်ဆင်ထိုက်၏"

ဟု ပြောလေ၏။ ဤတွင် ပုဏ္ဏားကြီးက မိမိသည် အဆိုပါ အချက်များနှင့် ကိုက်ညီသူ ဖြစ်ပါကြောင်း ပြောဆိုတောင်းခံပြန်၏ ။ လေးပါးမြောက် နတ်သားကလည်း ပေးလေ၏။ ထို့နောက် နတ်သားလေးပါးတို့လည်း တာဝတိံသာသို့ ပြန်တက်သွားကြလေတော့၏။

ထိုအခါ ပုရောဟိတ် ပုဏ္ဏားကြီး၏ ဦးခေါင်း၌ ပြင်း ထန်လှစွာသော ဝေဒနာတို့ ဖြစ်ပေါ်လာလေ၏။ အသွားထက်သော ဆောက်ဖြင့် ဖြတ်သကဲ့သို့ လည်းကောင်း၊ သံပြားဖြင့် နှိပ်သကဲ့သို့ လည်းကောင်း ခံစားရလေ၏။ သည့်အတွက် မခံမရပ်နိုင်ဖြစ်ကာ မြေပြင်ပေါ် လဲကျလျက် လူးလိမ့်နေရင်းမှ ကယ်ပါယူပါ တစာစာ ဟစ်ကြွေးနေရလေ၏။ လူအပေါင်းတို့လည်း ဝိုင်းအုံကြည့်ရှုကြပြီး မေးကြသည်ရှိသော်...

"အချင်းတို့...ငါကား...အရည်အချင်း အစစ်အမှန် မရှိဘဲ ရှိသယောင် မုသားစကားတို့ကို ဆိုကာ လူအပေါင်းတို့ အထင်ကြီးစေရန် နတ်ပန်းကုံးတို့ကို တောင်းခံပန်ဆင်မိခဲ့၏။ သည့်အတွက် ပြင်းထန်လှစွာသော ဆင်းရဲဒုက္ခဝေဒနာတို့ကို ခံစားနေရ၏။ ထိုပန်းကုံးတို့အား ဖယ်ရှားပေးကြပါလော့..."

ဟု ပြောဆိုအကူအညီ တောင်းလေ၏။ လူအပေါင်းတို့အနေဖြင့် ကူညီဖယ်ရှားလိုကြသော်လည်း မတတ်နိုင်ကြကုန်။ ပန်းကုံးတို့မှာ သံမှိုနှက်ထားသကဲ့သို့ စွဲမြဲနေ၏။ ထိုအခါ ပုရောဟိတ်ပုဏ္ဏားကို ချီမလျက် ၎င်းအိမ်သို့ ပို့ဆောင်ပေးကြ၏။

ပုရောဟိတ်ပုဏ္ဏားလည်း ခုနစ်ရက်ပတ်လုံး တစာစာဟစ်ကြွေးကာ အော်နေရလေ၏။ ထိုအခါ မင်းကြီးလည်း ပညာရှိအမတ်တို့နှင့် တိုင်ပင်၍ မည်သို့ပြုလုပ်သင့်သည်ကို တိုင်ပင်လေ၏။ ပညာရှိအမတ်တို့လည်း နောက်တစ်ဖန် ပွဲသဘင်ခံခိုင်း၏။ ပွဲသဘင်ခံသည်ရှိသော် နတ်သားလေးပါးတို့မှာလည်း နတ်ပန်းကုံးများ ပန်ဆင်လျက် လာရောက်ကြကုန်၏။ ထိုအခါ သီလမရှိသော ပုရောဟိတ်ပုဏ္ဏားအား နတ်တို့ရှေ့ ဆောင်ယူလာကြ၏။ နတ်သားတို့ကို မြင်သည်ရှိသော် ပုဏ္ဏားလည်း-

"အရှင်နတ်သားတို့...အကျွန်ုပ်၏ အသက်ကို ချမ်းသာပေးပါလော့"

ဟုဆိုကာ တောင်းပန်အသနားခံလေ၏။ ဤတွင် နတ်သားတို့က-

"အချင်းပုဏ္ဏား... သင်ကား သီလမရှိ၊ ယုတ်မာသူဖြစ်၏။ နတ်ပန်းကုံးနှင့် ထိုက်တန်သူ မဟုတ်"

ဟူ၍ ကဲ့ရဲ့ပြစ်တင်ရှုတ်ချ၏။ လူအပေါင်းတို့၏ အလယ်၌ အရှက်ရစေ၏။ ထို့နောက်မှ ပန်းကုံးကို ပြန်လည်ယူဆောင်ပြီး ဆုံးမဩဝါဒပေးကာ နတ်ပြည်သို့ ပြန်တက်ကြလေ၏။

ဤသို့လျှင် ဗုဒ္ဓဘုရားရှင်လည်း အတိတ်, ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူလျက်-

"ရဟန်းတို့...

**ထိုစဉ်အခါက သီလမဲ့သော ပုဏ္ဏားသည် ယခုအခါ ဒေဝဒတ် ဖြစ်လာ၏။ နတ်သားလေးပါးအနက် သုံးပါးမှာ**

ကဿပ၊ မောဂ္ဂလာန်၊ သာရိပုတ္တရာတို့ ဖြစ်လာကြပြီး ကျန်တစ်ပါးမှာမူကား ငါဘုရားရှင် ဖြစ်လာ၏"
ဟု မိန့်ဆိုကာ ဇာတ်ကို ပေါင်းတော်မူလေသတည်း။

❐ ❐ ❐

# ၃၂၇။ ကာကဝတီဇာတ်



[၃၂၇]

## ကာကဝတီဇာတ်

လူ၊ နတ်၊ ဗြဟ္မာတို့အပေါ် တရားရေအေး အမြိုက်ဆေးအား တိုက်ကျွေးတော်မူသည့် သဗ္ဗညုတ ဘုရားရှင်သည် သာဝတ္ထိပြည်မွန် ဇေတဝန် ရွှေကျောင်းတော်၌ စမွယ်သီတင်းသုံးတော်မူစဉ် သာသနာတော်၌ ကိလေသာအစွမ်းဖြင့် ပျင်းရိငြီးငွေ့လျက်ရှိသော ရဟန်းတစ်ပါး ရှိလေ၏။ ထိုအခြင်းအရာကို ဘုရားရှင် သိလေတော်မူသော် ရှေ့တော်မှောက်သို့ ခေါ်ဆောင်လာစေပြီး ...

"ချစ်သားရဟန်း... မိန်းမတို့မည်သည်ကား စောင့်ရှောက်ခြင်းငှာ မတတ်ကောင်း။ ရှေးပညာတို့သည် မိန်းမကို သမုဒ္ဒရာအလယ်ရှိ လက်ပံပင်ပို့ ဗိမာန်၌ထား၍ စောင့်ရှောက်သော်လည်း စောင့်ရှောက်ခြင်းငှာ မတတ်နိုင်ကုန်" ဟူ၍ မိန့်ဆိုကာ အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော်မူလေသတည်း။

* * *

ရှေး… လွန်လေပြီးသောကာလ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ်က ဖြစ်၏။ မင်းကြီး၏ မိဖုရားကြီးမှာ ကာကဝတီဖြစ်ပြီး နတ်သမီးတမျှ လွန်စွာချောမောလှပလေ၏။

တစ်နေ့သ၌ ဂဠုန်မင်းသည် လူ့အသွင် ဖန်ဆင်းပြီး ဗာရာဏသီသို့ ရောက်သောအခါ မင်းကြီးနှင့် ကြွေအန်ကစားလေ၏။ ဤတွင် ကာကဝတီ မိဖုရားကြီးကို တွေ့မြင်သွားပြီး လွန်စွာ တပ်မက်စိတ် ရှိရကား ကာကဝတီအား ဂဠုန်ပြည်သို့ ခိုးယူသွားလျက် အတူတကွ ပေါင်းသင်းနေထိုင်လေ၏။

မင်းကြီးလည်း ကာကဝတီအား မမြင်ရလေသော် နဋကုဝေရ အမည်ရှိ စောင်းသမားကို ခေါ်၍ စုံစမ်းခိုင်းလေ၏။ နဋကုဝေရလည်း နေရာအနှံ့ စုံစမ်းရှာဖွေလေသော် အကြောင်းစုံကို သိရလေ၏။ ထိုအခါ ဂဠုန်မင်း ရောက်လာလေသော် မသိအောင် ပုန်းလျှိုးလျက် ဂဠုန်မင်း၏ အတောင်ကြား၌ စီးနင်းလိုက်ပါသွားပြီး အိုင်ငယ်တစ်ခုအနီးသို့ အရောက် ဆင်းသက်ကာ မြက်တော၌ အိပ်လေ၏။ ဂဠုန်မင်း ပြန်အထွက်တွင်လည်း အတောင်ကြားသို့ ဝင်ရောက်ကာ လိုက်ပါသွားပြီး ဂဠုန်ပြည်သို့ အရောက်တွင် ကာကဝတီ မိဖုရားကြီးနှင့် တွေ့လေ၏။ ထိုအခါ အလိုရှိတိုင်း မွေ့လျော်ပြီး ဂဠုန်မင်း ဗာရာဏသီသို့ အသွား၌ အတောင်ကြား၌ စီးကာ ပြန်လည်လိုက်ပါလာခဲ့လေ၏။

ဂဠုန်မင်းလည် ဗာရာဏသီမင်းနှင့် ကြွေအန်ကစားသော အခါ နဋကုဝေရ စောင်းသမားလည်း စောင်းကိုယူဆောင်ကာ မင်းကြီး၏အပါး၌ ခစားရင်း–

"အချင်းတို့...ဂဠုန်ပြည်၌ ငါမယားနေ၏။ ဂဠုန်ပြည်မှ နတ်နံ့သာတို့ကို လိမ်းကျံသော ကာကဝတီ မိဖုရားကြီး၏ ကိုယ်ရနံ့သည် လွန်စွာမှ မွှေးကြိုင်လှပါ၏။ ထိုကာကဝတီ မိဖုရားကြီး၌ ငါ၏စိတ်သည် မွေ့လျော်ဘိ၏။ ထိုမိဖုရားကြီးသည် ဤဗာရာဏသီပြည်မှ ဝေးကွာလှစွာသော ဂဠုန်ပြည်မှာ နေ၏"

ဟူ၍ စောင်းကို တီးခတ်ကာ သီချင်းဆိုလေ၏။ တေးသံကို ကြားရသော ဂဠုန်မင်းလည်း–

"အို...စောင်းသမား၊ သင်သည် အပြောကျယ်လှစွာသော သမုဒ္ဒရာကြီးအား မည်ကဲ့သို့ ကူးဖြတ်သနည်း။ သီတာခုနစ်တန်ကို မည်ကဲ့သို့ ကျော်လွှားသနည်း။ သီတာခုနစ်တန်ကို ကျော်လွှားပြီးလျှင် လက်ပံပင်ပေါ်ကို မည်ကဲ့သို့ တက်သနည်း"

ဟူ၍ မေးလေ၏။ ထိုအခါ စောင်းသမားက–

"အို...ဂဠုန်မင်း၊ အကျွန်ုပ်ကား သမုဒ္ဒရာကြီးကို သင်၏ကိုယ်ဖြင့် ကူး၏။ သီတာခုနစ်တန်ကိုလည်း သင်၏ကိုယ်ဖြင့်ပင် ကျော်လွှားခဲ့၏။ သီတာ ခုနစ်တန်ကို ကျော်လွှားပြီး လက်ပံပင်ထက်သို့ သင်၏ကိုယ်ဖြင့်ပင် တက်ခဲ့၏"

ဟူ၍ ဂဠုန်မင်းအား ပြောဆိုလေ၏။ ထိုအခါ ဂဠုန်မင်းလည်း...

"အို...စောင်းသမား၊ ငါကား ငါမယား၏ လင်အမြှောင်ဖြစ်သော စောင်းသမားအား ဂဠုန်ပြည်သို့ လည်း

ကောင်း၊ ဤလူ့ပြည်သို့ လည်းကောင်း ပို့ဆောင်ရ၏။ ထို့ကြောင့် ကိုယ်ခန္ဓာ ကြီးမားလှသော ငါ့ကိုငါ ကဲ့ရဲ့မိပါ၏။ ပေါ့သည့်၊ လေးသည့် အဖြစ်ကို သတိမပြုမိခဲ့သော ငါ့ကိုငါ အပြစ်တင်မိပါ၏"

ဟူ၍ ပြောဆိုပြီး ကာကဝတီအား ပြန်လည်ခေါ်ဆောင်ကာ ဗြဟ္မဒတ်မင်းကြီးထံ အပ်နှင်းလေ၏။ ထို့နောက်ပိုင်း ဗာရာဏသီသို့ လုံးဝမလာတော့။

ဘုရားရှင်လည်း ဒေသနာတော်ကို ဆောင်ကာ သစ္စာကို ပြသည့်အဆုံး၌ သာသနာတော်တွင် ပျင်းရိငြီးငွေ့သောရဟန်းလည်း သောတာပတ္တိဖိုလ်သို့ ဆိုက်ရောက်လေ၏။

ဗုဒ္ဓဘုရားရှင်လည်း အတိတ်, ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူပြီးသည့်နောက်–

"ရဟန်းတို့...

ထိုစဉ်အခါက နဋကုဝေရ စောင်းသမားသည် ယခုအခါ သာသနာတော်၌ ငြီးငွေ့သောရဟန်း ဖြစ်လာ၏"

ဗာရာဏသီပြည်မှ ဗြဟ္မဒတ်မင်းသည်ကား ငါဘုရားရှင် ဖြစ်လာ၏"

ဟု မိန့်ဆိုကာ ဇာတ်ကို ပေါင်းတော်မူလေသတည်း။

❒ ❒ ❒

# ၃၂၈။ အနနုသောစိယဇာတ်



[၃၂၈]

# အနနုသောစိယဇာတ်

လူ၊ နတ်၊ ဗြဟ္မာတို့အား မဂ္ဂင်ရှစ်ပါး လမ်းစဉ်ဖြင့် နိဗ္ဗာန် ခရီးကို ပို့ဆောင်တော်မူလေ့ရှိသော ဗုဒ္ဓဘုရားရှင်သည် သာဝတ္ထိ ပြည်မွန် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးစဉ်အခါက သူကြွယ်တစ်ယောက်သည် မယားသေလွန်သဖြင့် ပူဆွေးကြေကွဲ မဆုံးဖြစ်ကာ သုသာန်သို့ နေ့စဉ်သွား၍ ဝမ်းပမ်းတနည်း ငို ကြွေးလျက် ရှိလေ၏။

ထိုအခါ မြတ်စွာဘုရားရှင်သည် မိုးသောက်ထကာလ၌ လောကကို ကြည့်ရှုလတ်သည် ရှိသော် သူကြွယ်ကို မြင်တော် မူ၍ 'ဤသူကြွယ်အား သောကကိုပယ်၍ သောတာပတ္တိမဂ်ဉာဏ် ကိုပေးရန် ငါမှတစ်ပါး အခြားမရှိ' ကြောင်း သိမြင်တော်မူ၍ သူကြွယ်၏အိမ်သို့ ကြွလေ၏။ ဘုရားရှင်နှင့်အတူ ရဟန်းတစ် ပါးလည်း လိုက်ပါလာလေ၏။ သူကြွယ်၏အိမ်သို့ ရောက်လေ

သော် ခင်းထားသောနေရာ၌ နေတော်မူပြီး သူကြွယ်၏ ပူဇော်အထူးကို ခံယူလေ၏။ ထို့နောက် သူကြွယ်အား...

"အချင်းသူကြွယ်...သင်၏စိတ်သည် မည်ကဲ့သို့ ဖြစ်နေပါသနည်း"

ဟု မေးတော်မူလေ၏။ သူကြွယ်လည်း...

"အရှင်ဘုရား...တပည့်တော်သည် မယားဖြစ်သူ သေလွန်သဖြင့် ပူဆွေးသောက ရောက်လျက် ရှိပါ၏"

ဟု ဖြေဆိုလျှောက်ထားလေ၏။ ထိုအခါ ဘုရားရှင်က-

"အချင်းသူကြွယ်...ပျက်စီးတတ်သော အရာမှန်သမျှ ပျက်စီးကြစမြဲ ဖြစ်၏။ ပျက်စီးသဖြင့် စိုးရိမ်သောက ရောက်ခြင်းကား မသင့်ပေ။ ရှေးပညာရှိတို့သည် မယားဖြစ်သူ သေလွန်သော်လည်း စိုးရိမ်သောက မဖြစ်ကြကုန်"

ဟု မိန့်ဆိုလျက် အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော်မူလေသတည်း။

* * *

ရှေး... လွန်လေပြီးသောကာလ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ်အခါက ပုဏ္ဏားမျိုးရိုး၌ ပုဏ္ဏားလုလင် တစ်ဦးသည် အရွယ်ရောက်လေသောအခါ တက္ကသိုလ်ပြည်၌ အလုံးစုံသော အတတ်ပညာတို့ကို သင်ကြားတတ်မြောက်၏။ မိဘရပ်ထံသို့ ပြန်သွားကာ မြင့်မြတ်သောအကျင့်ကို ကျင့်ကြံလေ၏။

**မိဘတို့သည် သားလုလင်အား အိမ်ထောင်ပြုစေချင်ကြ၏။** ပုဏ္ဏားလုလင်က-

"အိမ်ရာထောင်ခြင်းကို ကျွန်ုပ် အလိုမရှိပါ။ မိဘတို့ သေလွန်လျှင် ရသေ့ရဟန်း ပြုပါမည်..."

ဟူ၍ ပြောလေ၏။ မိဘများကလည်း အိမ်ထောင်ပြုရန်ကို ပင် အထပ်ထပ် တိုက်တွန်း၏။ ပုဏ္ဏားလုလင်ကလည်း အထပ် ထပ်အခါခါပင် ငြင်းပယ်၏။ မိဘတို့ကလည်း စိတ်မလျှော့ အားမလျှော့ဘဲ မကြာခဏဆိုသလိုပင် တိုက်တွန်းပြန်၏။ ထို အခါ ပုဏ္ဏားလုလင်လည်း ရွှေရုပ်တစ်ရုပ်ကို ထုလုပ်စေပြီး နောက်–

"အို... မိခင်ဖခင်တို့၊ အကျွန်ုပ်အဖို့ ဤရွှေရုပ်နှင့် ထပ်တူထပ်မျှ တူညီသော သတို့သမီးကို ရပါက အိမ်ရာ ထူထောင်ပါမည်"

ဟု ပြောလေ၏။ အမိအဖတို့ကလည်း မဖြစ်ဖြစ်အောင် ကြံဆောင်မည်ဟု ဆိုကာ ရွှေရုပ်ကို ယာဉ်တစ်စီးပေါ်တင်လျက် အခြံအရံတို့အား...

"အမောင်တို့...ဇမ္ဗူဒိပ်ကျွန်း၌ လှည့်လည်ကာ ဤရွှေ ရုပ်နှင့် တူသော ပုဏ္ဏေးမငယ်ကို ရှာဖွေကြပါလော့။ တွေ့ ရှိပါက ဤရွှေရုပ်တုကို ပေးအပ်၍ ပုဏ္ဏေးမငယ်ကို ဆောင် ယူခဲ့ကြကုန်"

ဟုဆိုကာ မှာကြားစရာ ရှိသည်တို့ကို မှာကြားလျက် စေ လွှတ်လိုက်လေ၏။

ထိုအခါကာလ ကာသိတိုင်း နိဂုံးရွာ၌ ကုဋေ (၈၀) ကြွယ် ဝသော ပုဏ္ဏားမိသားစု၌ 'သမ္မိလဟာသိနီ'အမည်ရှိ ပုဏ္ဏေးမ

ငယ် ရှိလေ၏။ အသက် (၁၆)နှစ် အရွယ်ရှိပြီး ကောင်းခြင်းငါးဖြာနှင့် ပြည့်စုံ၏။ ရွှေအဆင်းကဲ့သို့ ဝင်းပကာ နတ်သမီးတမျှ ချောမွေ့လှပ၏။ အလုံးစုံသော ကြန်အင်လက္ခဏာတို့နှင့် ပြည့်စုံ၏။ ထိုပုဏ္ဏားမငယ်သည်လည်း ငယ်ရွယ်စဉ်မှစ၍ ကိလေသာစိတ်သည် မဖြစ်စဖူး။ မြတ်သောအကျင့်ကိုသာ ကျင့်လျက်ရှိခဲ့၏။

အခြံအရံတို့သည် ရွှေရုပ်ကို ယာဉ်ဖြင့် သယ်ဆောင်ရင်း အဆိုပါ ပုဏ္ဏားမငယ်ရှိသည့် နိဂုံးရွာသို့ ရောက်ရှိလာခဲ့လေ၏။ ထိုနိဂုံးရွာရှိ ရွာသူရွာသားတို့သည် ရွှေရုပ်ကိုမြင်လျှင် ရွှေရုပ်မှန်း မသိကြဘဲ...

"သမ္မိလ ဟာသိနီ...အဘယ်ကြောင့် ဤယာဉ်ပေါ်သို့ လိုက်ပါလာရသနည်း..."

ဟူ၍ မေးကြကုန်၏။ ထိုအခါ လှည့်လည်လာကြသော အခြံအရံတို့သည် သမ္မိလဟာသိနီ ပုဏ္ဏားမငယ်ရှိရာ အိမ်ကို မေးမြန်းကာ သွားကြလေ၏။ ရောက်သည်ရှိသော် အကျိုးအကြောင်းကို ခြေခြေမြစ်မြစ် ပြောဆိုကာ ပုဏ္ဏားမငယ်အား တောင်းကြလေ၏။ ပုဏ္ဏားမငယ်၏ မိဘများလည်း သဘောတူကြပြီး သမီးဖြစ်သူအား အကျိုးအကြောင်း ပြောပြလေ၏။ ထိုအခါ သမ္မိလဟာသိနီက—

"အကျွန်ုပ် အိမ်ရာမထောင်လိုပါ။ မိဘတို့ သေလွန်လျှင် ရသေ့ရဟန်း ပြုမည်"

ဟူ၍ သတို့သား ပုဏ္ဏားလုလင် ပြောဆိုသည့်အတိုင်းပင် ပြောဆိုလေ၏။ သို့ရာတွင် မိဘတို့က 'သမီးကညာ အခါမလွန်'

ဆိုသည့် ထုံးကို နှလုံးမူလျက် ရွှေရုပ်ကို သိမ်းဆည်းပြီးလျှင် သမ္မိလဟာသိနီကို များစွာသော အခြံအရံဖြင့် ပေးလိုက်ကြကုန်၏။ အခြံအရံတို့လည်း သတို့သမီးကို ဆောင်ယူကာ မိမိတို့ နေရာသို့ ပြန်ကြကုန်၏။ ထိုအခါ မိဘတို့သည် အလိုမရှိသော သားသမီးတို့ကို ထိမ်းမြားလက်ထပ်ကြကုန်၏။

ထိုဇနီးမောင်နှံ နှစ်ယောက်တို့သည် တစ်နေရာတည်း၌ အိပ်ကြသော်လည်း တစ်ယောက်နှင့်တစ်ယောက် ကိလေသာစိတ်ဖြင့် မကြည့်ဖူးကြကုန်။ ရသေ့ရဟန်းတို့ကဲ့သို့ မြတ်သော အကျင့်ကိုသာ ကျင့်၍ နေကြကုန်၏။ ဤသို့ဖြင့် ကာလရင့်ညောင်း၍ သတို့သား၏ မိဘတို့ သေလွန်သည်ရှိသော် သတို့သားသည် သမ္မိလဟာသိနီကို ခေါ်၍–

"ရှင်မ…သင်သည် ငါ့မိဘ၏ဥစ္စာ ကုဋေ (၈၀)နှင့် သင့်ဥစ္စာ ကုဋေ (၈၀)၊ စုစုပေါင်း ကုဋေ (၁၆၀)ဥစ္စာတို့ဖြင့် အသက်မွေးမြူရစ်ပါလော့။ ငါကား…ရသေ့ရဟန်းပြုတော့မည်"

ဟူ၍ ပြောဆိုလေ၏။ ထိုအခါ ပုဏ္ဏေးမ သမ္မိလဟာသိနီက–

"အရှင့်သား…အရှင်သည် ရသေ့ရဟန်းပြုမည် ဆိုပါက အကျွန်ုပ်လည်း ရသေ့ရဟန်း ပြုပါအံ့။ အရှင့်သားကို စွန့်ခြင်းငှာ မတတ်နိုင်ပါ…"

ဟူ၍ ပြန်လည်ပြောဆိုလေ၏။ ထိုအခါ ဇနီးမောင်နှံတို့သည် နှစ်ဦးသဘောတူ အလုံးစုံသော စည်းစိမ်ဥစ္စာတို့ကို လှူ

ဒါန်း စွန့်ကြပြီးလျှင် ရသေ့ရဟန်းပြု၍ ဟိမဝန္တာတောသို့ ဝင်ကာ သစ်သီးကြီးငယ်တို့ဖြင့် မျှတကာ နေကြလေ၏။

တစ်နေ့သ၌ ရသေ့နှစ်ပါးတို့သည် ချဉ်ဆားမှီဝဲရန် အလို့ငှာ လူတို့နေထိုင်ရာ ဗာရာဏသီသို့ ရောက်ရှိသွားကြပြီး မင်းဥယျာဉ်၌ နေကြကုန်၏။ ဤတွင် ရသေ့မသည် အနှစ်သြဇာမရှိ၊ ရောနှောသော ဆွမ်းကို စားရသဖြင့် သွေးဝမ်းသွန်သော ဝေဒနာကို ခံစားရလေ၏။ သင့်လျော်ရာ ဆေးဝါးကို ရှာဖွေပါသော်ငြား မရသဖြင့် ရသေ့မအဖို့ လွန်စွာမှ အားအင်နည်းခဲ့ရလေသည်။

ရသေ့သည် ဆွမ်းခံချိန်သို့ ရောက်သည်ရှိသော် ရသေ့မကို ခေါ်ဆောင်ကာ မြို့တံခါးအနီးရှိ ဇရပ်သို့ သွားလေ၏။ ရောက်လျှင် အင်းပျဉ်ပေါ်၌ သက်သာစွာနေစေရစ်ကာ ဆွမ်းခံရန် ထွက်ခွာသွားလေ၏။ ထိုအချိန်မှာပင် ရသေ့မသည် အသက်ကုန်ဆုံးခြင်းသို့ ရောက်လေ၏။ အနီးဝန်းကျင်ရှိ လူအပေါင်းတို့လည်း ရသေ့မ၏ တင့်တယ်ပြေပြစ်သော အဆင်းကြောင့် ကြေကွဲဝမ်းနည်း နှမျောတသကာ ငိုကြွေးကြလေ၏။

ရသေ့လည်း ဆွမ်းခံရာမှ ပြန်ရောက်လာသည်ရှိသော် ရသေ့မ သေလွန်ပြီ ဆိုသည်ကို သိလိုက်လျှင်...

> "ပျက်စီးတတ်သော သဘောသည် ဧကန်ပျက်စီးရမြဲဖြစ်၏။ အလုံးစုံသော သင်္ခါရတို့သည် အမြဲမရှိကုန်"

ဟု ပြောဆိုကာ ရသေ့မ လဲလျောင်းသော အင်းပျဉ်၌ပင် ဆွမ်းဘုဉ်းပေးလေ၏။ ဤတွင် အနီးဝန်းကျင်ရှိ လူများက စိတ်ဝင်ဘာစားဖြင့် မေးမြန်းကြကုန်၏။

"ရှင်ရသေ့…ဤသေလွန်သွားပြီ ဖြစ်သော ရသေ့မသည် ရှင်ရသေ့နှင့် မည်သို့ ဆက်စပ်ပတ်သက်နေပါသနည်း"

"အချင်းတို့…ငါနှင့် ၎င်းတို့သည် ရသေ့ဘဝ မကူးပြောင်း မီ လူ့အဖြစ်ရှိစဉ်က ဇနီးမောင်နှံ ဖြစ်ခဲ့ကြပေ၏"

"ရှင်ရသေ့…အကျွန်ုပ်တို့၏ ပင်ကိုသဘောအားဖြင့်ဆိုရလျှင် ဤ၍ဤမျှ ဆက်စပ်ပတ်သက်သူတစ်ဦး သေလွန်သည်ရှိသော် စိတ်ဓာတ်မတည်တံ့နိုင်ပါ။ ငိုကြွေးမြည်တမ်းကြစမြဲ ဖြစ်ပါ၏။ ရှင်ရသေ့မူကား အကျွန်ုပ်တို့ကဲ့သို့ မဟုတ်။ အဘယ်ကြောင့် ငိုကြွေးခြင်း မပြုပါသနည်း"

"အချင်းတို့…ဤပုဏ္ဏေးမကား ငါ့ကိုစွန့်ခွာ၍ သေသူတို့ထံ ရောက်ရှိသွားလေပြီ။ သည့်အတွက် ဤပုဏ္ဏေးမနှင့် ငါသည် ယခုအခါ မည်သို့မျှ တော်စပ်ခြင်း မရှိတော့။ သို့ဖြစ်၍ မယားဖြစ်ခဲ့ဖူးသော ဤ သမ္မိလဟာသိနီ ပုဏ္ဏေးမကို ငါသည် စိုးရိမ်ခြင်းလည်း မဖြစ်ပြီ။ ဝမ်းနည်းပူဆွေးခြင်းလည်း မဖြစ်တော့ပြီ။

အချင်းတို့… သေသူတိုင်းအတွက် စိုးရိမ်နေသော ပူဆွေးနေသော သူသည်လည်း သေရတော့မည် မဟုတ်လော။ ထို့အတွက် ဧကန်စင်စစ် သေရမည် ဖြစ်သော မိမိကိုယ်ကိုပင် စိုးရိမ်ဖွယ် ကောင်းလှ၏။ အာယုသင်္ခါရမည်သည် ရပ်နေသူကို လည်းကောင်း၊ လဲလျောင်းနေသူကို လည်းကောင်း၊ မေ့လျော့နေသူကို လည်းကောင်း ဆိုင်းငံ့

ခြင်း မရှိပေ။ မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အချိန်အတွင်း ကလေးမှာပင် ဆုတ်ယုတ်ပျက်စီးတတ်စမြဲ ဖြစ်၏။

အချင်းတို့...သို့ဖြစ်၍ စင်စစ် မိမိကိုယ်၌ အရှယ်၏ ချို့တဲ့ခြင်း၊ ပျက်စီး ခြင်းတို့၌ ယုံမှားသံသယ မရှိရာ။ မသေသေးသော သူကိုသာ အနာရောဂါကင်းအောင်၊ ဝေဒနာသက်သာအောင်၊ ပူပင်ကြောင့်ကြမှု လွှင့်ပါးအောင် မေတ္တာဖြင့် ပြုမူရာ၏။ သေလွန်ပြီးသော သူကိုမူ မစိုးရိမ်ရာ..."

ဟူ၍ လူအပေါင်းတို့အား မမြဲသော အနိစ္စ အခြင်းအရာကို ပြလျက် တရားဟောလေ၏။ လူအပေါင်းတို့လည်း တရားသဘောကို သက်ဝင်မိပြီးသည့်နောက် ရသေ့မ၏ အလောင်းအား ကောင်းမွန်စွာ သဂြိုဟ်ကြလေ၏။ ရသေ့လည်း ဟိမဝန္တာအရပ်သို့ ပြန်လည်ကြွမြန်းလျက် အဘိညာဉ် သမာပတ်တို့ ဖြစ်စေကာ သေလွန်သည့်အဆုံး၌ ဗြဟ္မာ့ဘုံသို့ လားရလေ၏။

ထိုသို့ မြတ်စွာဘုရားရှင်သည် ဒေသနာတော်ကို ဆောင်ပြီးလျှင် သစ္စာကိုပြသည်၏ အဆုံး၌ မယားသေလွန်သဖြင့် ဝမ်းနည်းပူဆွေးလျက်ရှိသော သူကြွယ်လည်း တရားအမြင်ပေါက်ကာ သောတာပတ္တိဖိုလ်သို့ ဆိုက်ရောက်လေ၏။

ဤသို့လျှင် ဗုဒ္ဓဘုရားရှင်လည်း အတိတ်, ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူပြီးနောက်—

"ရဟန်းတို့...

ထိုအခါက သမ္မိလဟာသိနီ ပုဏ္ဏေးမသည် ယခုအခါ

ရာဟုလာမယ်တော် ဖြစ်လာ၏။ ရှင်ရသေ့သည်ကား...
ငါဘုရားရှင် ဖြစ်လာ၏”
ဟူ၍ မိန့်ဆိုကာ ဇာတ်ကို ပေါင်းတော်မူလေသတည်း။

❒ ❒ ❒

[၁၂၉]


# ကာဠဟာဟုဇာတ်

လူ၊ နတ်၊ ဗြဟ္မာတို့ကို ကရုဏာတရား၊ ရှုကာပွားလျက် နည်းလမ်းအမှန်ကို ညွှန်ပြတတ်သော ဗုဒ္ဓဘုရားရှင်သည် ရာဇဂြိုဟ်ပြည်ရှိ ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးစဉ်က ဖြစ်၏။

ဒေဝဒတ်သည် အရာမဟုတ်သည်ကို အရာလုပ်ကာ ဗုဒ္ဓဘုရားရှင်အား ပြစ်မှားလေ၏။ ယိုထိုသောအပြစ်တို့ များပြားထင်ရှားလာသောအခါ ရရှိပြီးသော လာဘ်သက္ကာရတို့ဟူသည် တစ်စတစ်စ လျော့ပါးလာကာ နောက်ဆုံး၌ ကွယ်ပျောက်လေ၏။ ထိုအခါ ရဟန်းတို့သည် တရားသဘင်၌ စုဝေးမိကြသည့်အခိုက် ဒေဝဒတ်၏ အကြောင်းအရာကို ပြောဆိုနေကြရာ ဗုဒ္ဓဘုရားရှင် ကြားသိတော်မူပြီး သည့် သကာလ–

"ရဟန်းတို့... ဒေဝဒတ်သည် ယခုအခါ၌သာလျှင် လာဘ်သက္ကာရတို့ ကွယ်ပျောက်ရသည် မဟုတ်သေး။ ရှေးအခါကလည်း လာဘ်သက္ကာရတို့ ကွယ်ပျောက်ဖူးလေပြီ"

# ၁၂၉။ ကာဠတဟုဇာတ်



ဟု မိန့်ဆိုကာ အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော်မူလေသတည်း။

* * *

ရှေး... လွန်လေပြီးသောကာလ။

ဗာရာဏသီပြည်၌ နေဋ္ဌယမင်း စိုးစံသည်ရှိသော် တောအုပ်တစ်ခုတွင် ကျေးညီနောင်ရှိလေ၏။ နောင်တော်ကျေးသားမှာ ပြည့်ဖြိုးသော ခန္ဓာရှိ၍ 'ရာဓ' ဟု အမည်တွင်ပြီး၊ ညီငယ်ကျေးသား၏ အမည်ကား ပေါဋ္ဌပါဒဟု တွင်လေ၏။

တစ်နေ့သ၌ မုဆိုးတစ်ယောက်သည် ကျေးညီနောင်ကို ဖမ်းဆီးရမိခဲ့သဖြင့် တန်ဆာဆင်ယင်ကာ မင်းကြီးအား ဆက်သလေ၏။ မင်းကြီးလည်း မြတ်နိုးချစ်ခင်တော်မူသဖြင့် ရွှေချိုင့်တွင်း၌ ထား၏။ ရွှေခွက်ဖြင့် ပျားရည်ပေါက်ပေါက်တို့ကို စားစေလျက် သကြားရည်ကို သောက်စေကာ ကောင်းမွန်စွာ မွေးမြူထားလေ၏။ လာဘ်သက္ကာရတို့မှာလည်း ဆုတ်ယုတ်ခြင်းမရှိပေ။

ထိုအချိန်တွင် မုဆိုးသည် တောအုပ်တစ်ခုအတွင်းမှ 'ကာဠဗာဟု' အမည်ရှိ မျောက်ညိုကြီးတစ်ကောင်ကို ဖမ်းမိသည့်အတွက် မင်းကြီးထံ ဆက်သပြန်လေ၏။ ထိုမျောက်ညိုကြီးကား နောက်မှရောက်လာသည့်အတွက် များပြားလှစွာသော လာဘ်သက္ကာရတို့ ပြည့်စုံလေ၏။ မျောက်ညိုကြီးအဖို့ လာဘ်သက္ကာရ တိုးပွားလာသလောက် ကျေးညီနောင်တို့မှာမူ လာဘ်သက္ကာရတို့သည် ဆုတ်ယုတ်လေ၏။ ထိုအနေအထားပေါ်၌ အစ်ကိုဖြစ်သော ရာဓကျေး

သားက သည်းခံစိတ်ထား၍ တစ်စုံတစ်ခုသော စကားကိုမျှ မဆိုပေ။ ညီငယ်ပေါဠပါဒ ကျေးသားမှာမူ မျောက်ညိုကြီး၌ တိုးပွားလျက်ရှိသော ပူဇော်သက္ကာနှင့် စပ်လျဉ်း၍ သည်းမခံနိုင်သဖြင့်–

"အစ်ကိုရာဓ…ရှေးအခါက အကျွန်ုပ်တို့သည် ဓနဥ္စယ မင်းကြီးထံမှ ကောင်းမွန်သော ထမင်းအဖျော်တို့ကို ရခဲ့ကြပါ၏။ ယခုအခါ မျောက်ညိုကြီးသာလျှင် ရကုန်၏။ သည့်အတွက် တောသို့သွားကြပါစို့…"

ဟူ၍ ပြောကြားလေ၏။ ထိုအခါ ရာဓကျေးသားလည်း ညီငယ် ပေါဠပါဒ ကျေးသားအား…

"ညီငယ်…ပေါဠပါဒ၊ လူတို့၌ လာဘ်လာဘရခြင်း၊ လာဘ်လာဘ မရခြင်း၊ စည်းစိမ်အခြံအရံ ရှိခြင်း၊ စည်းစိမ်အခြံအရံ မဲ့ခြင်း၊ ချီးမွမ်းခြင်း၊ ကဲ့ရဲ့ခြင်း၊ ချမ်းသာခြင်း၊ ဆင်းရဲခြင်း…စသော လောကဓံတရား ရှစ်ပါးတို့သည် မမြဲကြချေ။ သည့်အတွက် အဘယ်ကြောင့် စိုးရိမ်နေရအံ့နည်း။ မစိုးရိမ်နှင့် ညီငယ်…"

ဟူ၍ လောကဓံတရား ရှစ်ပါးကို အခြေပြုလျက် တရားဟောလေ၏။ ပေါဠပါဒလည်း အစ်ကို၏စကားကို နားဝင်ပါသော်ငြား မျောက်ညိုကြီးအပေါ်၌ ငြူစူမှုကို မဖယ်ရှားလိုရကား…

"အစ်ကို…ရာဓ၊ အစ်ကိုကား စင်စစ် ပညာရှိ ပီသပါပေ၏။ မိမိထံ မရောက်လာသေးသော အကျိုးတို့ကို

လည်း သိနိုင်၏။ သို့ဖြစ်၍ မည်သည့်အကြောင်းကိစ္စဖြင့် ယုတ်မာသော မျောက်ညိုကြီးအား မင်းအိမ်မှ နှင်ထုတ်ခံရသည်ကို မြင်ရပါအံ့နည်း”

ဟူ၍ မေးလေသည်။ အစ်ကို ရာစကျေးသားလည်း အေးဆေးတည်ငြိမ်စွာပင် ညီငယ်အား ပြန်ပြောလေ၏။

“ညီထွေး...ဤမျောက်ညိုကြီးကား နားတို့ကို မကြာခဏ လှုပ်တတ်၏။ ထိတ်လန့်ဖွယ်ကောင်းလောက်အောင် မျက်မှောင်ကိုလည်း ကြုတ်တတ်၏။ ထိုအပြုအမူတို့ကြောင့် မင်းသားငယ်တို့ ကြောက်လန့်ကြပါမည်။ ထိုကြောင့်ပင် မျောက်ညိုကြီးသည် ‘ဘယ်သူမပြု မိမိမှု’ဆိုသည့်အတိုင်း သူပြုမှုသော အမူအကျင့်ကပင် သူ၏ လာဘ်သက္ကာရတို့ကို ကွယ်ပျောက်သွားစေပါလိမ့်မည်”

ရာစကျေးသား ဆိုသကဲ့သို့ပင် မျောက်ညိုကြီးသည် နှစ်ရက်သုံးရက် လွန်သည်ရှိသော မင်းသားငယ်တို့၏ရှေ့၌ နားရွက်ကို လှုပ်ပြ၏။ နှာခေါင်းကို ရှုံ့ပြ၏။ မျက်မှောင်ကို ကြုတ်ပြ၏။ ထိုအခါ မင်းသားငယ်တို့လည်း ကြောက်ရွံ့ထိတ်လန့်ပြီး ဟစ်အော်ငိုကြွေးကြကုန်၏။ မင်းကြီးလည်း မင်းသားငယ်တို့၏ အသံကိုကြား၍ အကြောင်းရင်းမှန်ကို မေးမြန်းရာ အဖြစ်မှန်ကို သိလေလျှင် မျောက်ညိုကြီးအား မင်းအိမ်မှ နှင်ထုတ်စေလေ၏။ ထိုအခါမှစ၍ ကျေးညီနောင်တို့လည်း ရှေးယခင်အတိုင်း လာဘ်သက္ကာရ ပေါများလာလေ၏။

ဤသို့လျှင် ဗုဒ္ဓဘုရားရှင်လည်း အတိတ်, ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူလျက်–

"ရဟန်းတို့...

ထိုစဉ်အခါက ကာဠုဗာဟု မျောက်ညိုကြီးသည် ယခုအခါ ဒေဝဒတ် ဖြစ်လာ၏။ ပေါဠုပါဒ ကျေးသားသည် အာနန္ဒာဖြစ်လာပြီး ရာဓကျေးသားမှာမူကား ငါဘုရားရှင် ဖြစ်လာ၏"

ဟု မိန့်ဆိုကာ ဇာတ်ကို ပေါင်းတော်မူလေသတည်း။

❒ ❒ ❒

# ၃၃၀။ သီလဝီမံသဇာတ်



## [၃၃၀]

# သီလဝီမံသဇာတ်

လူ၊ နတ်၊ ဗြဟ္မာတို့သာမက သတ္တဝါ ဝေနေယျတို့ အပေါ်၌ မေတ္တာကရုဏာ ကြီးမားလွန်းလှသော ဗုဒ္ဓမြတ်စွာသည် သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ သီတင်းသုံးစဉ် သီလကို စုံစမ်းသည့် ပုဏ္ဏားကို အကြောင်းပြု၍ အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော်မူလေသတည်း။

* * *

ရှေး... လွန်လေပြီးသောကာလ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံသည်ရှိသော် ထိုမင်းကြီးထံ၌ ခစားသော ပုရောဟိတ် ပုဏ္ဏားတစ်ဦး ရှိလေ၏။ ထိုပုရောဟိတ် ပုဏ္ဏားသည် တစ်နေ့သ၌ သီလကို စုံစမ်းလိုသဖြင့် ရွှေပန်းထိမ်သည်၏ အိမ်သို့ ရက်ဆက်သွားကာ အသပြာတို့ကို ခိုးယူလေ၏။ ရက်အတန်ငယ်ကြာ၍ အသပြာတို့ ပျောက်ဆုံးနေမှုအပေါ် စောင့်ဖမ်းရာ ခိုးယူသူမှာ ပုရောဟိတ်ပုဏ္ဏား ဖြစ်နေ

၍ ဖမ်းဆီးပြီး မင်းကြီးထံသို့ ပို့လေ၏။ ရောက်သည့်ရှိသော် ပုရောဟိတ်ပုဏ္ဏားလည်း အဖြစ်မှန်ကို ရှင်းပြပြီးသည့်နောက် သူခိုးယူထားသည့် အသပြာ အရေအတွက် မှတ်သားထားသမျှကို ပြန်လည်ပေးခဲ့လေ၏။ ထို့နောက်–

"အချင်းတို့…လောက၌ သီလသည်သာ အကောင်းဆုံး ဖြစ်၏။ သီလသည်သာ အမွန်မြတ်ဆုံး ဖြစ်၏။ အဆိပ်ပြင်းထန်သော မြွေကိုပင် သီလရှိသောမြွေဟူ၍ မညှဉ်းဆဲအပ်ပေ"

ဟူ၍ သီလဂုဏ်ကို ထုတ်ဖော်ချီးကျူးပြီးနောက် မင်းကြီးထံ ခွင့်ပန်ကာ ရသေ့ရဟန်းပြုရန်အတွက် မင်းနေပြည်မှ ထွက်လာခဲ့လေ၏။ တစ်နေရာသို့ ရောက်လေသော် စွန်တစ်ကောင်သည် အမဲဈေးမှ သားတစ်ကိုချီ၍ ကောင်းကင်၌ ပျံလေ၏။ အခြားစွန်တို့သည် ဝန်းရံကာ ထိုးဆိတ်ကြကုန်၏။ ထိုအခါ သားတစ်ကို ကိုက်ချီထားသော စွန်လည်း သည်းမခံနိုင်တော့သဖြင့် သားတစ်ကို စွန့်ချလျက် ပျံပြေးရလေတော့၏။ ဤတွင် အခြားစွန်တစ်ကောင်သည် စွန့်ချသော သားတစ်ချီ၍ ပျံပြန်၏။ ထိုအခါ အခြားသော စွန်တို့သည် ဝန်းရံကာ ထိုးဆိတ်ကြပြန်၏။ သည့်အတွက် သားတစ်ကို စွန့်ချရပြန်၏။ အခြားစွန်သည် သားတစ်ကို ချီပြန်၏။ ထိုအခါ ဝိုင်းဝန်းထိုးဆိတ်ခြင်းကို ခံရပြန်၏။ ပုရောဟိတ် ပုဏ္ဏားလည်း ထိုမြင်ကွင်းကို ကြည့်၍–

"သားတစ်ရှိသော ငှက်ကား ဆင်းရဲ၏။ သားတစ်မရှိသော ငှက်ကား ချမ်းသာ၏။ ဤကာမသည်ကား သား

တစ်နှင့် တူ၏။ ထိုကာမကို ယူဆောင်သူတို့သည် ဆင်းရဲကုန်၏။ စွန့်ပစ်သူတို့သည် ချမ်းသာကုန်၏"

လောက၌ စွန်အား နှုတ်သီးဖြင့် ကိုက်ချီထားသော သားတစ်ရှိသမျှ ကာလပတ်လုံး ထိုစွန်ကို အခြား စွန်အပေါင်းတို့သည် ချဉ်းကပ်ကာ ထိုးဆိတ်ကုန်၏။ သားတစ်မရှိသော စွန်ကို အခြားစွန် အဲပေါင်းတို့သည် မထိုးဆိတ်ကြကုန်..."

ဟူ၍ ကြံစည်တွေးတောလျက် ခရီးဆက်လာရာ ညချမ်းသို့ အရောက်တွင် ရွာတစ်ရွာသို့ ဝင်မိလေ၏။ ထိုအခါ အိမ်တစ်အိမ်ကို ခွင့်ပန်ကာ အိပ်စက်လေ၏။

ထိုအိမ်၌လည်း 'ပိင်္ဂလာ'အမည်ရှိ ကျွန်မတစ်ယောက် ရှိ၏။ ထိုကျွန်မသည် ညဉ့်အခါ၌ သူ့ထံလာရန်အတွက် ယောကျ်ားတစ်ဦးနှင့် အချိန်းအချက် ပြုထား၏။ ထို့နောက် အိမ်ကြီးရှင်တို့ကို ဝတ်ကြီးဝတ်ငယ် ပြုပြီးနောက် အိမ်ကြီးရှင်တို့ အိပ်လတ်သည်ရှိသော် ချိန်းဆိုထားသော ယောကျ်ားအလာကို မျှော်မှန်းကာ တံခါးခုံ၌ မအိပ်ဘဲ ထိုင်လျက် စောင့်နေခဲ့၏။ မိုးလင်းသောအခါရောက်မှ မလာမှန်းသိ၍ လျောင်းကာ အိပ်ပျော်သွားလေ၏။

ပုရောဟိတ် ပုဏ္ဏားလည်း ထိုအကြောင်းကို မြင်၍–

"ဤကျွန်မကား ချိန်းဆိုထားသော ယောကျ်ား လာလိမ့်မည် ဟူသော အမှတ်ဖြင့် ဤမျှလောက် ကာလပတ်လုံး ထိုင်လျက်နေခဲ့၏။ အိပ်၍လည်း မပျော်၊ တမျှော်

မျှော်နှင့်။ ယခုအခါ ထိုယောက်ျား မလာတော့မှန်း သိ၍ အာသာပြတ်ရကား ချမ်းသာစွာ အိပ်ရလေ၏။ ထို့ကြောင့် ကိလေသာတို့၌ တောင့်တခြင်း အာသာရှိသောသူသည် ဆင်းရဲ၏။ တောင့်တခြင်း အာသာကင်းသူကား ချမ်းသာ၏။

အချင်းတို့... အာသာပြတ်ခြင်းကြောင့် ချမ်းသာစွာ အိပ်စက်ရ၏။ အာသာအကျိုးကို ရခြင်းသည် ချမ်းသာ၏။ ပိင်္ဂလာမည်သော ကျွန်မသည် အာသာကို ဖြတ်တောက်နိုင်သည့်အတွက် ချမ်းသာစွာ အိပ်စက်ရ၏"

ဟူ၍ တွေးတောမိလေ၏။ နောက်တစ်နေ့၌ ထိုရွာမှ ထွက်ကာ တောအုပ်အတွင်းသို့ ဝင်လေသည်ရှိသော် ဈာန်ဝင်စားနေသော ရသေ့တစ်ပါးကို တွေ့ရပြန်၏။ ထိုအခါ...

"အချင်းတို့... ပစ္စုပ္ပန်, တမလွန် နှစ်တန်သော လောက၌ သမာဓိထက် လွန်မြတ်သော သုခတရား မည်သည်မရှိ။ တည်ကြည်သောသူသည်ကား သူတစ်ပါးကိုလည်းကောင်း၊ မိမိကိုယ်တိုင်သော် လည်းကောင်း မညှဉ်းဆဲပေ"

ဟူ၍ ကြံစည်မိပြန်၏။ ထို့နောက် တောသို့ဝင်၍ ရသေ့ရဟန်းပြုကာ အဘိညာဉ်ဈာန်တို့ကို ဖြစ်စေလျက် သေလွန်သည်ရှိသော် ဗြဟ္မာ့ပြည်သို့ လားရလေသတည်း။

ဤသို့လျှင် ဗုဒ္ဓဘုရားရှင်လည်း အတိတ်, ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူ၍-

"ရဟာန်းတို့...

ထိုစဉ်အခါက ပုရောဟိတ် ပုဏ္ဏားသည် ယခုအခါ ငါဘုရားရှင် ဖြစ်လာ၏"

ဟူ၍ မိန့်ဆိုကာ ဇာတ်ကို ပေါင်းတော်မူလေသတည်း။

❒ ❒ ❒

# ၃၃၁။ ကောကိလဇာတ်



# ကောကိလဝဂ်

[၃၃၁]

## ကောကိလဇာတ်

လူ၊ နတ်၊ ဗြဟ္မာအပေါင်းတို့ ခညောင်းပူဇော် ဦးခိုက်ရလေသော မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေစဉ် ကောကာလိကကို အကြောင်းပြု၍ အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော်မူလေသတည်း။

* * *

ရှေး... လွန်လေပြီးသောကာလ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံသည်ရှိသော် ထိုမင်းကြီးအား အကြောင်းအားလျော်စွာ ဆိုဆုံးမတတ်သည့် ပညာရှိအမတ်ကြီးတစ်ဦး ရှိလေ၏။ မင်းကြီးကား စကားအလွန်များ၏။ ပညာရှိအမတ်လည်း ထိုမင်းကြီး၏ စကားများသောအဖြစ်ကို တားမြစ်ရန်အတွက် ဥပမာတစ်ခုကိုရှာ၍ နေလေ၏။

F-10B

တစ်နေ့သ၌ မင်းကြီးသည် ဥယျာဉ်တော်သို့သွား၍ မင်္ဂလာကျောက်ဖျာထက်၌ နေ၏။ ကျောက်ဖျာထက်ရှိ သရက်ပင်တွင် ကျီးသိုက်တစ်ခုရှိရာ ဥသြမလည်း ကျီးဖိုကျီးမတို့အလစ်၌ ကျီးသိုက်အတွင်း မိမိဥကိုထား၍ သွားလေ၏။ ကျီးမသည် ဥသြဥအား ၎င်း၏ ဥအမှတ်ဖြင့် စောင့်ရှောက်လေ၏။ ကာလအတန်ငယ်ကြာလျှင် ဥသြဥမှ ပေါက်လေရာ ကျီးမလည်း သားအဖြစ်ပင် မှတ်ထင်၍ အစာကိုချီကာ ကျွေးလေ၏။ ကောင်းမွန်စွာ မွေးမြူစောင့်ရှောက်လေ၏။

ဥသြငယ်သည် အခါမဟုတ်၊ အမွေးအတောင် မစုံမီကပင် ဥသြသံကို မြည်ကြွေးလေ၏။ ထိုအခါ ကျီးမလည်း–

"ဤငှက်ငယ်ကား ယခုအခါကပင် အခြားငှက်သံကို မြည်ဘိ၏။ ကြီးသောအခါ မည်သို့ပြုလေမည် မသိ"

ဟုဆိုကာ နှုတ်သီးဖြင့် ထိုးဆိတ်ပေါက်သတ်လေ၏။ ထို့နောက် အသိုက်တွင်းမှ ချလေ၏။ ဥသြငှက်အသေသည် မင်းကြီး၏ ခြေရင်း၌ ကျလေ၏။ ထိုအခါ မင်းကြီးလည်း ပညာရှိအမတ်အား အကြောင်းရင်းမှန်ကို မေးမြန်းလေ၏။

"အို... ပညာရှိ၊ ငါ၏ခြေရင်းသို့ ဥသြငှက်သေ ပြုတ်ကျလာခြင်းမှာ အကြောင်းရင်း မည်သို့ရှိလေသနည်း"

ထိုသို့ မေးသည်ရှိသော် ပညာရှိအမတ်အဖို့ မင်းကြီး စကားများမှုအပေါ် ဆုံးမရန် ဥပမာ သာဓကတစ်ခု ရှာနေခဲ့ရာမှ ယခုအခါ အကြောင်း ဆိုက်လေပြီဟု တွက်ဆက်လျက်–

"အရှင်မင်းကြီး ... အလွန်နှုတ်ကြမ်း၍ အခါမဟုတ်သည်၌ စကားများသော သူတို့သည် ဤဥသြငယ်ကဲ့သို့

ဆင်းရဲရမြဲ ဖြစ်ကုန်၏။ ဤဥသြငယ်ကား ဥသြငှက်မ၏ သား ဖြစ်၏။ အခါမဟုတ် အမွေးအတောင် မစုံမီက ဥသြသံကို မြည်မိသည့်အတွက်ကြောင့် ကျီးမလည်း ၎င်း၏ သား မဟုတ်မှန်း သိ၍ နှုတ်သီးဖြင့် ထိုးသတ်ကာ အသိုက်မှ ချခြင်း ဖြစ်၏။

အရှင်မင်းကြီး...လောက၌ လူဖြစ်စေ၊ တိရစ္ဆာန် ဖြစ်စေ အခါမဟုတ်သည်၌ စကားများသော သူတို့သည် ဤသို့သော ဆင်းရဲကို ရကုန်၏"

ဟူ၍ လျှောက်ထားပြီး–

"အရှင်မင်းကြီး...အခါမဟုတ်၊ အမွေးအတောင်မစုံမီ မြည်မိသော ဥသြငှက်ငယ်သည် အသက်သေဆုံးရသကဲ့သို့၊ ထို့အတူ အခါကာလသို့ မရောက်မီ အပိုင်းအခြားကို လွန်၍ စကားပြောဆိုမိသောသူသည် စင်စစ် သေရ၏။

အရှင်မင်းကြီး...မကောင်းသဖြင့် ပြောဆိုအပ်သော စကားသည် ခဏချင်းသတ်သကဲ့သို့၊ ကောင်းစွာ သွေးထားအပ်သော ဓားသည် မသတ်ပေ။ မကောင်းသဖြင့် ဆိုအပ်သော စကားသည် ခဏချင်း သတ်သကဲ့သို့၊ လတ်တလော သေစေတတ်သော အဆိပ်သည် မသတ်ပေ။ ထို့ကြောင့် ပညာရှိသည် အခါကာလ ဟုတ်သည်၌ လည်းကောင်း၊ အခါကာလ မဟုတ်သည်၌ လည်းကောင်း စကားကို ထိန်းသိမ်းစောင့်ရှောက်ရာ၏။ စင်စစ် မိမိနှင့် သဘောတူသူထံ၌လည်း အပိုင်းအခြားကို လွန်၍ မပြောဆိုရာ။

အရှင်မင်းကြီး…ဂဠုန်မင်းသည် နဂါးကို ဖမ်းယူသကဲ့သို့ ဉာဏ်ပညာ ရှေ့သွားရှိသော ပညာရှိကား သင့်လျော်လျောက်ပတ်သည့်အခါ နိုင်းယှဉ်အပ်သော စကားကို ဆိုရာ၏။ ပညာရှိကား ရန်သူအလုံးစုံကို ဖမ်းယူနိုင်၏”

ဟူ၍ မင်းကြီးအား တရားဟောလေ၏။ မင်းကြီးလည်း ပညာရှိအမတ်၏ တရားစကားကို ကြားရလျှင် နောင်တရသွားပြီး ထိုအခါမှစ၍ လျောက်ပတ်သောအခါ အတိုင်းအရှည်ရှိသော စကားကိုသာလျှင် ပြောဆိုလေတော့၏။ ပညာရှိအမတ်အားလည်း ကြည်ညိုသဖြင့် စည်းစိမ်ဥစ္စာများစွာ ပေးအပ်လေ၏။

ဤသို့လျှင် ဗုဒ္ဓဘုရားရှင်လည်း အတိတ်, ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူ၍–

“ရဟန်းတို့…

ထိုအခါက ဥဩငှက်သည် ယခုအခါ ကောကာလိကဖြစ်လာပြီး ပညာရှိ အမတ်သည်ကား ငါဘုရားရှင် ဖြစ်လာ၏”

ဟု မိန့်ဆိုလျက် ဇာတ်ကို ပေါင်းတော်မူလေသတည်း။

❐ ❐ ❐

# ၃၃၂။ ရထလဋ္ဌိဇာတ်



[၃၃၂]

# ရထလဋ္ဌိဇာတ်

လူ၊ နတ်၊ ဗြဟ္မာတို့၏ ပူဇော်အထူးကို ခံယူတော်မူထိုက်သည့် ဘုရားရှင်သည် သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးစဉ်က ဖြစ်၏။

ထိုကာလဝယ် ကောသလမင်းကြီး၏ ပုရောဟိတ် ပုဏ္ဏားသည် မိမိအပိုင်စားရသော ရွာသို့ ရထားဖြင့် သွားသည်ရှိသော် ကျဉ်းမြောင်းသော လမ်းခရီးတစ်နေရာ၌ အခြားသော လှည်းတစ်စီးနှင့် ထိပ်တိုက်ရင်ဆိုင်တိုးလေ၏။ ထိုအခါ ပုရောဟိတ်လည်း အဆိုပါလှည်းကို ဖယ်ခိုင်း၏။ လှည်းလည်း ရုတ်တရက် ဖယ်မပေးနိုင်သည့်အတွက် အမျက်ဒေါသထွက်ကာ နှင်တံဖြင့် ရိုက်လေရာ လှည်းသမား၏ မျက်စိကို ထိခိုက်မိလေ၏။ တစ်ဖန် ရထားဦးကိုလည်း ရိုက်မိပြန်ကာ ထိုမှ ပုရောဟိတ်၏ နဖူးကို ရိုက်မိပြန်၏။ ထိုအခါ ပုရောဟိတ် ပုဏ္ဏား၏ နဖူးလည်း ဖူးဖူးရောင်လေတော့၏။

ပုရောဟိတ်သည် နန်းတော်သို့ ပြန်ရောက်သည်ရှိသော် မိမိ ရရှိလာသည့် ဒဏ်ရာများကိုပြပြီး အကျိုးအကြောင်းကို လျှောက်ထားတိုင်ကြားလေ၏။ ထိုအခါ မင်းကြီးလည်း လှည်းသမားကိုခေါ်၍ စစ်ဆေးမေးမြန်းလေသော် လှည်းသမား၌ အပြစ်မရှိဘဲ ပုရောဟိတ်၌သာ အပြစ်ရှိကြောင်း သိရှိကာ လှည်းသမားကို အနိုင်ပေးလိုက်လေ၏။

ရဟန်းတို့လည်း တရားသဘင်၌ စုဝေးရောက်ရှိကြသည့် အခိုက် ပုရောဟိတ်ပုဏ္ဏားနှင့် လှည်းသမားတို့ တရားဖြစ်ကြရာ ပုရောဟိတ်ပုဏ္ဏား ရှုံးနိမ့်သွားသည့် အကြောင်းကို ပြောဆိုနေကြလေ၏။ ထိုအခါ ဘုရားရှင် ကြွတော်မူလာပြီး–

"ရဟန်းတို့... ဤပုရောဟိတ်သည် ယခုအခါ၌သာလျှင် ဤကဲ့သို့သော အမှုကိုပြုသည် မဟုတ်။ ရှေးအခါကလည်း ပြုခဲ့ဖူးပြီ"

ဟု မိန့်ဆိုကာ အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော်မူလေသတည်း။

* * *

ရှေ ... လွန်လေပြီးသောကာလ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံသည့်ကာလတွင် မင်းကြီး၌ အမှုအခင်းတို့ကို တရားစီရင် ဆုံးဖြတ်မည့် အမတ်တစ်ပါး ရှိ၏။

ထိုအချိန်တွင် မင်းကြီး၏ ပုရောဟိတ်ပုဏ္ဏားသည် ၎င်း အပိုင်စားရသော ရွာသို့ ရထားဖြင့် သွားသည်ရှိသော် ကျဉ်း

မြောင်းသော လမ်းခရီးတစ်နေရာ၌ ၎င်းစီးနင်း လိုက်ပါလာသော လှည်းနှင့် အခြားသော လှည်းတစ်စီးတို့ ရင်ဆိုင်ဆုံမိကြလေ၏။ ပုရောဟိတ် ပုဏ္ဏားက အဖယ်ခိုင်းရာ ရတ်တရက် ဖယ်ခိုင်း၍ မရသဖြင့် အမျက်ဒေါသထွက်လာကာ နှင်တံဖြင့် ရိုက်၏။ ထိုအခါ လှည်းသမား၏ မျက်စိကို ရိုက်မိသွားပြီး ထိုမှ ၎င်း၏နဖူးကို ပြန်ရိုက်မိပြီး မျက်နှာတစ်ပြင်လုံး ဖူးဖူးရောင်လေ၏။

ပုရောဟိတ်သည် နန်းတော်သို့ ပြန်ရောက်လာပြီး မင်းကြီးအား ထိုအကြောင်းကို လျှောက်ထား၏။ မင်းကြီးလည်း ကိုယ်တိုင် တရားဆုံးဖြတ်သော နေရာ၌နေ၍ လှည်းသမားကို ခေါ်စေကာ အမှုကို မစုံစမ်း မစစ်ဆေးဘဲ...

"အသင်လှည်းသမား ...သင့်ကြောင့် ငါ၏ပုရောဟိတ် မျက်နှာတစ်ပြင်လုံး ဖူးဖူးရောင်ခဲ့ရ၏။ သို့ဖြစ်၍ သင်၏ ပစ္စည်းဥစ္စာ အလုံးစုံကို သိမ်းယူရမည်"

ဟု မိန့်ဆိုကာ တစ်ဖက်သတ် ဆုံးဖြတ်ချက်ချလေ၏။ ဤတွင် အမှန်တကယ် တရားဆုံးဖြတ်သော အမတ်သည် မင်းကြီး၏ ဆုံးဖြတ်ချက်ကို ကြားရလျှင် တရားနည်းလမ်း မကျသည်ကို သိ၍-

"မြတ်သောမင်းကြီး ... လောက၌ အချို့သောသူတို့သည် စင်စစ် မိမိတို့ကိုယ်ကို မိမိတို့ပင် ရိုက်နှက်၍ သူတစ်ပါးက ရိုက်နှက်သည်ဟု ပြောဆိုတတ်ပါ၏။ မိမိက အောင်နိုင်ပါလျက် အောင်နိုင်ပါလျက် သူတစ်ပါး အောင်နိုင်သည်ဟု ပြောဆိုတတ်ပါ၏။ စင်စစ် တရားလို ပြောဆိုသော စကားကို မယုံကြည်ထိုက်ပါ။

သို့ဖြစ်၍ ပညာရှိတို့ သဘောမှာ တရားခံပြောဆို ချေပသော စကားကိုလည်း နားထောင်သင့်ပါ၏။ တရားလို၊ တရားခံ နှစ်ဦးတို့၏ စကားကို နားထောင်ပြီးမှသာ တရားနည်းလမ်းကျအောင် ဆုံးဖြတ်ရပါမည်။

မြတ်သောမင်းကြီး... ကာမစည်းစိမ် ခံစားသူသည် ပျင်းရိလျှင် မကောင်း။ ရသေ့ရဟန်းသည် ဣန္ဒြေကို မစောင့်ရှောက်လျှင် မကောင်း။ မင်းသည် မစူးစမ်း မဆင်ခြင်ဘဲပြုလျှင် မကောင်း။ ပညာရှိတို့သည် အမျက်ထွက်လျှင် မကောင်း။

မြတ်သောမင်းကြီး... မင်းတို့မည်သည် စူးစမ်းဆင်ခြင်၍ ပြုရာ၏။ မစူးစမ်းမဆင်ခြင်ဘဲ မပြုရာ။ စူးစမ်းဆင်ခြင်၍ ပြုသော မင်းအား စည်းစိမ်အခြံအရံ အကျော်အစောတို့ တိုးပွားစေ၏"

ဟူ၍ မင်းကြီးအား အကျိုးအကြောင်းပြကာ တရားဟောလေ၏။ မင်းကြီးလည်း တရားဆုံးဖြတ်သော အမတ်၏စကားကို ကြားလျှင် တရားလို တရားခံ နှစ်ဦးလုံးတို့၏ အဖြစ်အပျက်ကို မေးမြန်းစိစစ်သော အမှုကို ဆုံးဖြတ်သည်ရှိသော် ပုရောဟိတ်သည် အမှုရှုံး၍ လှည်းသမားသည် အမှုနိုင်လေတော့၏။

ဤသို့လျှင် ဗုဒ္ဓဘုရားရှင်လည်း အတိတ်, ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူပြီးသည့်နောက်–

"ရဟန်းတို့...

ထိုအခါက ပုရောဟိတ်ပုဏ္ဏားသည် ယခုအခါ ပုရောဟိတ်ပုဏ္ဏား ဖြစ်လာ၏။ ပညာရှိ အမတ်သည်ကား... ငါဘုရားရှင် ဖြစ်လာ၏"

ဟု မိန့်ဆိုကာ ဇာတ်ကို ပေါင်းတော်မူလေသတည်း။

❐ ❐ ❐

# ၃၃၃။ ပက္ကဂေါဓဇာတ်



[၃၃၃]

## ပက္ကဂေါဇာတ်

လူ၊ နတ်၊ ဗြဟ္မာတို့၏ ဆရာအရှင် ဖြစ်တော်မူသော မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးစဉ်က ဖြစ်၏။

သူကြွယ်လင်မယား နှစ်ယောက်သည် ရွာတစ်ရွာသို့ သွားကာ ကြွေးမြီတောင်းပြီး ပြန်လာစဉ် မုဆိုးတစ်ယောက်နှင့် လမ်းခရီးတစ်နေရာ၌ ဆုံမိကြလေ၏။ ထိုအခါ ၎င်းတွင်ပါလာသော ဖွတ်ကင်တစ်ကောင်အား လင်မယားနှစ်ယောက်လုံး စားကြကုန်ဟု ပြောဆိုပေးခဲ့ပြီး ထွက်သွားလေ၏။ ထိုအခါ လင်ဖြစ်သူ သူကြွယ်က–

"ရှင်မ...ရေသွားရှာခဲ့ပါလော့။ သင်ပြန်လာမှ ဖွတ်ကင်ကို နှစ်ယောက်သား စားကြမည်"

ဟုဆိုကာ ရေရှာခိုင်းလေ၏။ မယားဖြစ်သူ ရေရှာထွက်စဉ် သူကြွယ်လည်း တံစို့၌ရှိသော ဖွတ်ကင်တစ်ကောင်လုံးကို ပြောင်

စင်အောင် စားလိုက်လေ၏။ မယားဖြစ်သူ ရေယူပြီး ပြန်ရောက်လာသောအခါ...

"ရှင်မ...ဖွတ်ကင်ကား အဝေးသို့ ထွက်ပြေးသွားလေပြီ"

ဟူ၍ ဆီးကာ ပြောလိုက်လေ၏။ မယားကလည်း...

"အရှင်...ဖွတ်ကင်က ထွက်ပြေးသွားသည်ဆိုလျှင် မည်သို့တတ်နိုင်ပါမည်နည်း"

ဟု ပြောလေ၏။ သို့ဖြင့် ထိုလင်မယား နှစ်ယောက်တို့သည် ဇေတဝန်ကျောင်းတော်သို့ ရောက်လေသော် ဇေတဝန်ကျောင်းတော်သို့ဝင်၍ ရေသောက်ပြီးလျှင် မြတ်စွာဘုရားရှင်အား ဆည်းကပ်ပူဇော်လေ၏။ ဤတွင် ဘုရားရှင်က...

"အို...သူကြွယ်မ၊ သင်၏ ခင်ပွန်းလင်သည် သင်၏ အကျိုးစီးပွားကို လိုလားပါ၏လော။ သင့်ကို ချစ်ခင်ပါ၏လော..."

ဟူ၍ မေးတော်မူ၏။ ထိုအခါ သူကြွယ်မလည်း...

"အရှင်ဘုရား...အကျွန်ုပ်သည် ခင်ပွန်းသည်၊ လင်ယောက်ျားအား ချစ်ပါ၏။ လင်ယောက်ျား၏ အကျိုးစီးပွားကိုလည်း အလိုရှိပါ၏။ သို့ရာတွင် ခင်ပွန်းသည်သည် အကျွန်ုပ်အား ချစ်ခင်မှု မရှိပါ။ အကျိုးစီးပွားကိုလည်း အလိုရှိဟန် မတူပါ"

ဟူ၍ ပြောဆိုကာ လမ်းခရီး၌ ကြုံတွေ့ခဲ့ရသည့် ဖွတ်ကင်ကိစ္စကို ပြန်ပြောင်း ပြောဆိုလေ၏။ ထိုအခါ ဘုရားရှင်လည်း–

"သူကြွယ်...သင်လျှောက်ထား ပြောဆိုသည်မှာ မှန်ပေ၏။ သို့ရာတွင် မစိုးရိမ်ပါနှင့်။ သင်၏ ခင်ပွန်း လင်ယောကျ်ားသည် ဤသို့ပြုပါသော်ငြား သင်၏ကျေးဇူးကို အောက်မေ့လာသောအခါ၌ သင့်အား အလုံးစုံသော ဥစ္စာစည်းစိမ်တို့ကို ပေးလိမ့်မည်"

ဟု မိန့်ဆိုကာ အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော်မူလေသတည်း။

* * *

ရှေး...လွန်လေပြီးသော ကာလ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံသည်ရှိသော် ထိုမင်း၌ ပညာရှိအမတ်တစ်ဦး ရှိလေ၏။

တစ်နေ့သ၌ မင်းကြီးသည် သားတော် အိမ်ရှေ့မင်းသားမှ ၎င်း၏ထီးနန်းကို လုယူလိမ့်မည်ဟု သံသယစိတ် ဝင်လာပြီး ၎င်းသေလွန်မှသာလျှင် ဗာရာဏသီသို့ ပြန်လာ၍ မင်းပြုရမည်ဟု ပြောဆိုကာ တိုင်းပြည်မှ နှင်ထုတ်လေ၏။ အိမ်ရှေ့မင်းသားလည်း မယားဖြစ်သူကို ခေါ်ဆောင်၍ တောသို့ သွားရောက်နေရလေ၏။

မင်းကြီး သေလွန်သည်ဟု ကြားသိရသောအခါ အိမ်ရှေ့မင်းသားနှင့် မယားလည်း ဗာရာဏသီသို့ ပြန်လာကြလေ၏။ ဤတွင် လမ်းခရီးအကြား၌ မောပန်းသဖြင့် နားနေစဉ် မုဆိုးတစ်ဦးနှင့်တွေ့လေရာ မုဆိုးက ၎င်းတွင်ပါလာသော ဖွတ်ကင်တံစို့တစ်ခုကို ပေး၍ ထွက်ခွာသွားလေ၏။ မင်းသမီးသည် ဖွတ်ကင်

ကို နွယ်ကြိုးဖြင့်ချည်၍ ယူခဲ့လေ၏။ ရေကန်တစ်ကန်ကို မြင်လျှင် ခရီးလမ်းမှ ဖဲကြဉ်ကာ ညောင်ဗုဒ္ဓဟေပင်ရင်း၌ နားကြလေ၏။ ထိုအခါ အိမ်ရှေ့မင်းသားက

"ရှင်မ...ပဒုမ္မာကြာရွက်ဖြင့် ရေကန်မှ ရေကို ယူခဲ့ပါလော့"

ဟူ၍ စေခိုင်းလေ၏။ မင်းသမီးလည်း ကောင်းပေပြီဟု ဆိုကာ ဖွတ်ကင်ကို ညောင်ကိုင်း၌ ချိတ်ဆွဲခဲ့ပြီး ရေခပ်ရန် သွားလေ၏။ အိမ်ရှေ့မင်းသားလည်း မင်းသမီး ရေကန်ရှိရာ သွားနေခိုက် ဖွတ်ကင်တစ်ကိုယ်လုံးကို စား၍ အမြီးဖျားကို ကိုင်ကာ မျက်နှာလွှဲနေ၏။ ဤတွင် ပဒုမ္မာကြာရွက်ဖြင့် သောက်သုံးရန် ရေယူလာခဲ့သော မင်းသမီး ရောက်လာလျှင် ရေကို ဝလင်စွာ သောက်သုံးပြီး–

"ရှင်မ...ဖွတ်ကင်သည် ညောင်ကိုင်းမှ ပြေးဆင်းကာ တောင်ပို့အတွင်းသို့ ဝင်သွား၏။ ငါအပြေးလိုက်ဆွဲ၍သာ ဤအမြီးဖျား ပြတ်၍ ကျန်ခဲ့သည်"

ဟု ဆိုလေ၏။ မင်းသမီးလည်း...

"အရှင်...ဖွတ်ကင် ထွက်ပြေး၍ တောင်ပို့တွင်းသို့ ဝင်သွားသည်ကို အဘယ်မှာလျှင် တတ်နိုင်ပါမည်နည်း"

ဟူ၍ ပြောဆိုကာ ရေကိုတစ်ဝသောက်ပြီးနောက် ဗာရာဏသီပြည်သို့ ခရီးဆက်ကြလေ၏။

နန်းတော်သို့ ရောက်လျှင် အိမ်ရှေ့မင်းသားအား အမတ်ကြီးတို့က မင်းမြှောက်တန်ဆာ ငါးပါးဖြင့် မင်းမြှောက်ကြ

လေ၏။ မင်းသားလည်း ဗာရာဏသီမင်းကြီး ဖြစ်လာသော် မင်းသမီးအား မိဖုရားကြီးအရာ၌ ထား၏။ သို့ရာတွင် စည်းစိမ် ဥစ္စာလည်း မပေး၊ မြတ်နိုးယုယခြင်းလည်း မရှိပေ။ ထိုအဖြစ်ကို ပညာရှိအမတ် သိလေလျှင် မိဖုရားကြီးအပေါ်၌ မင်းကြီးက ဥစ္စာစည်းစိမ်တို့ ပေးစေရန် မြတ်နိုးယုယလာစေရန် ရည်သန်၍ မိဖုရားကြီးနှင့်တကွ မင်းကြီးထံ၌ ဆုံမိကြလေသော်...

"အရှင်မိဖုရားကြီး...အကျွန်ုပ်တို့သည် အရှင် မိဖုရားကြီးထံမှ တစ်စုံတစ်ခုမျှ မရဖူးပါကုန်။ အကျွန်ုပ်တို့အား ကြည့်ရှုစောင့်ရှောက်ခြင်း မပြုတော့ပြီလော..."

ဟူ၍ လျှောက်ထား၏။ ထိုအခါ မိဖုရားကြီးက–

"ဖခင်ပညာရှိ... အကျွန်ုပ်သည်ပင် မင်းကြီးထံမှ တစ်စုံတစ်ခုမျှ မရပါ။ မရသည့်အတွက် ဖခင်အား အဘယ်မှာလျှင် ပေးနိုင်ပါမည်နည်း။ ဤမင်းကြီးသည် တောအတွင်း၌ ဖွတ်ကင်တစ်ကောင် ရခဲ့စဉ်ကပင် ဖွတ်ကင်တစ်ကိုယ်လုံး ၎င်းတစ်ဦးတည်း စားသောက်ပြီး ဖွတ်ကင်ထွက်ပြေးသဖြင့် အမြီးဖျားသာ ကျန်တော့သည်ဟုပင် ဆိုခဲ့ဖူးပါ၏"

ဟု ပြောလေ၏။ ထိုအခါ ပညာရှိအမတ်လည်း–

"အရှင်မိဖုရားကြီး...ထိုသို့ မပြောဆိုပါလင့်။ မင်းကြီးသည် ဤသို့ပြုမည် မဟုတ်နိုင်ပါ"

"ဖခင်ပညာရှိ... ထိုစဉ်က အဖြစ်အပျက်အမှန်ကို ဖခင်တို့သိမည် မဟုတ်ပါ။ မင်းကြီးနှင့် အကျွန်ုပ် အကြောင်းကို မင်းကြီးနှင့် အကျွန်ုပ်တို့သာလျှင် သိပါ၏။

အို… တိုင်းသူပြည်သား အပေါင်းတို့၏ အရှင်သခင်မင်းကြီး၊ အသင်မင်းကြီးသည် ခရီးလမ်းကြား၌ ရလာသောဖွတ်ကင်အား အကျွန်ုပ်ကို မကျွေး။ ညောင်ကိုင်းမှ ဆင်းကာ ထွက်ပြေးသည်ဟု ပြောဆိုခဲ့၏။ ဤအဖြစ်ကို မင်းကြီးသိပါလိမ့်မည်”

ဤသို့ မိဖုရားကြီးလည်း မင်းကြီး၏လုပ်ရပ်ကို ပရိသတ်အလယ်၌ ဖွင့်ချလိုက်လေသော် ပညာရှိအမတ်သည် မိဖုရားကြီးအား…

“အရှင်မိဖုရား… မင်းကြီးသည် အရှင်မိဖုရားကြီးအပေါ် မချစ်သော ကာလမှစ၍ နှစ်ယောက်လုံး မချမ်းမသာဖြင့် နေခဲ့ကြပါသနည်း။

အရှင်မိဖုရား…လောက၌ မိမိအပေါ် ကိုင်းညွှတ်သူကိုမိမိကလည်း ပြန်လည်ကိုင်းညွှတ်ရမည်။ မိမိအပေါ် ဆည်းကပ်သူကို မိမိကလည်း ပြန်လည်ဆည်းကပ်ရမည်။ မိမိ၏အမှုကိစ္စကို ပြုလုပ်ပေးသူကို မိမိကလည်း ၎င်း၏အမှုကိစ္စအား ပြန်လည်ပြုလုပ်ပေးရမည်။ မိမိ၏ အကျိုးစီးပွားအပေါ် အလိုရှိသောသူကို မိမိကလည်း ၎င်း၏အကျိုးစီးပွားအတွက် အလိုရှိရမည်။

အရှင်မိဖုရား…မိမိအပေါ် ကိုင်းညွှတ်ခြင်း မရှိသည်ကိုမိမိကလည်း ပြန်လည် ကိုင်းညွှတ်ရန် မလိုပေ။ မိမိကိုမဆည်းကပ်သူအား မိမိက ပြန်လည်မဆည်းကပ်ရ။ မိမိကိုပယ်စွန့်လျှင် မိမိကလည်း ပြန်လည်ပယ်စွန့်ရပေမည်။

ချစ်ခြင်းကို မပြုရ။ တပ်စွန်းခြင်းကင်းသော စိတ်ဖြင့် မဆည်းကပ်ရာ။ ငှက်သည် အသီးကုန်သော သစ်ပင်ကို သိ၍ အခြားသစ်ပင်တို့ကို ကြည့်ရှုရမည်။ စင်စစ် လူတို့ နေထိုင်ရာ ဝန်းကျင်နှင့်တကွ လောကကြီးအား ကျယ်ပြော လှပါဘိ"

ဟူ၍ အကျိုးအကြောင်း ဆက်စပ်ကာ လျှောက်ထားလေသော် မင်းကြီးလည်း ပညာရှိ အမတ်ကြီးကြောင့် မိဖုရားကြီး၏ ဂုဏ်ကျေးဇူး အထွေထွေကို အောက်မေ့လာခဲ့၏။ သို့ဖြင့်...

"အို... မိဖုရားကြီး၊ ဤမျှလောက် ကာလပတ်လုံး သင်၏ဂုဏ်ကျေးဇူးကို ငါသည် မအောက်မေ့မိခဲ့ပေ။ ယခု အခါ၌မူ ပညာရှိအမတ်၏ စကားကြောင့် အောက်မေ့မိပါပြီ။ ငါ၏ အပြစ်ကို သည်းခံပါ။ အလုံးစုံသော မင်းအဖြစ်ကို သင် မိဖုရားကြီးအား ငါပေးပါ၏"

ဟု ဆို၏။ တဖန် ဆက်လက်၍–

"အို... မိဖုရားကြီး၊ ကျေးဇူးသိသည်၏ အဖြစ်ကို ကြည့်ရှုတတ်သော ငါသည် သင်မိဖုရားကြီးအပေါ်တွင် စည်းစိမ်ဥစ္စာတို့ကို ပေးပါမည်။ မြတ်နိုးကြင်နာ ယုယပါမည်။ သင့်အား အစိုးရခြင်း အလုံးစုံကိုလည်း ပေးပါမည်"

ဟူ၍ ပြောဆိုတောင်းပန်ကာ မိဖုရားကြီးအား စည်းစိမ်ဥစ္စာ အခြံအရံတို့ကို ပေးလေ၏။ ပညာရှိအမတ်ကိုလည်း...

"အို...ပညာရှိဖခင်၊ ဖခင်သည် မိဖုရားကြီး၏ ဂုဏ်ကျေးဇူးကို အောက်မေ့သတိရလာအောင် စွမ်းဆောင်နိုင်ပေ၏။ သည့်အတွက် ဖခင်အား ကျေးဇူးတင်ပါ၏"

ဟု ပြောဆိုလျက် ပညာရှိအမတ်အားလည်း စည်းစိမ်ဥစ္စာများစွာကို ပေးလေ၏။

မြတ်စွာဘုရားရှင်လည်း ဒေသနာတော်ကို ဆောင်၍ သစ္စာကို ပြတော်မူသည်၏ အဆုံး၌ သူကြွယ်လင်မယား နှစ်ယောက်တို့မှာ သောတာပတ္တိဖိုလ်၌ တည်လေ၏။

ဤသို့လျှင် ဗုဒ္ဓဘုရားရှင်လည်း အတိတ်, ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူပြီးနောက်–

"ရဟန်းတို့

ထိုစဉ်အခါက မင်းနှင့် မိဖုရားတို့သည် ယခုအခါ သူကြွယ်လင်မယား ဖြစ်လာကြ၏။ ပညာရှိအမတ်သည်ကား ငါဘုရားရှင် ဖြစ်လာ၏"

ဟု မိန့်ဆိုကာ အတိတ်ဇာတ်ကို ဆောင်လေသတည်း။ ။

❒ ❒ ❒

# ၃၃၄။ ရာဇောဝါဒဇာတ်



## [၃၃၄]

# ရာဇောဝါဒဇာတ်

လူ၊ နတ်၊ ဗြဟ္မာတို့၏ အထွတ်အခေါင်၊ အမှောင်ပယ်ခွင်း အလင်းမီးရှူးတိုင်သဖွယ် ဖြစ်သော ဗုဒ္ဓဘုရားရှင်သည် သာဝတ္ထိ ပြည်မွန် ဇေတဝန် ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ကောသလမင်း ကြီးအား ဆုံးမတော်မူ၏။

"အရှင်မင်းကြီး....ရှေးရှေးသော မင်းတို့သည် ပညာရှိ တို့၏ စကားကို ကြား၍ တရားသဖြင့် မင်းပြုကုန်လျက် နောက်ဆုံး၌ နတ်ပြည်သို့ လားရောက်ကြကုန်၏"

ဟု မိန့်ဆိုလျက် အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော် မူလေသတည်း။

*　*　*

ရှေး... လွန်လေပြီးသောကာလ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံသည်ရှိသော် ပုဏ္ဏား လုလင်တစ်ဦးသည် အရွယ်ရောက်လာသောအခါ

တက္ကသိုလ်ပြည်သို့ သွား၍ အလုံးစုံသော အတတ်ပညာတို့ကို သင်ယူ၏။ ပညာပြည့်စုံသောအခါတွင် လောကီအာရုံတို့အပေါ် ငြီးငွေ့လာသဖြင့် ရသေ့ရဟန်းပြုကာ ဟိမဝန္တာတောသို့ ဝင်၏၊ သစ်သီးကြီးငယ်တို့ကို သုံးဆောင်မှီဝဲရင်း အဘိညာဉ်သမာပတ်တို့ဖြင့် မွေ့လျော်နေလေ၏။

ထိုအချိန်တွင် မင်းကြီးသည် မိမိ၏ ကျေးဇူးမဲ့ကြောင်း ပြောဆိုသူကို ရှာလိုသဖြင့် ကျေးဇူးမဲ့ပြောဆိုသူအား လှည့်လည်စုံစမ်းလေ၏။ နန်းတွင်း, နန်းပ, မြို့တွင်း, မြို့ပြင် မိမိ၏ ကျေးဇူးမဲ့ပြောဆိုအား ရှာသော်လည်း တစ်စုံတစ်ဦးမျှ မတွေ့မမြင်မိပေ။ သည့်အတွက် ဇနပုဒ်သားတို့ ပြောဆိုလေသလောဟူ၍ မထင်ရှားသော အသွင်ဖြင့် လှည့်လည်စုံစမ်းပြန်၏။ သို့ရာတွင် တစ်စုံတစ်ဦးမျှ ကျေးဇူးမဲ့ပြောဆိုသူဟူ၍ ရှာမရပေ။ တစ်ဖန် ဟိမဝန္တာအရပ်၌ ပြောဆိုလေသလောဟူ၍ ရှာဖွေရန် တောသို့ ဝင်ပြန်လေ၏။ ထိုအခါ ရှင်ရသေ့၏ ကျောင်းသင်္ခမ်းသို့ ရောက်၏။ ရှင်ရသေ့နှင့်တွေ့လေသော် ရိုခိုးလျက် ပဋိသန္ထာရပြုပြီးနောက် သင့်လျော်ရာအရပ်၌ နေလေ၏။ ထိုအခါ ရှင်ရသေ့သည် တောမှ ပညောင်သီးမှည့်တို့ကို ယူဆောင်ကာ သုံးဆောင်လေ၏။ ပညောင်သီးမှည့်တို့ကား ချိုကုန်၏။ သြဇာရှိကုန်၏။ သကြားမှုန့်နှင့် တူကုန်၏။

ရသေ့လည်း မင်းကြီးကို ခေါ်လိုက်၏။ ထို့နောက်–

"ဒါယကာ...ဤပညောင်သီးမှည့်ကို စား၍ ရေကြည် အေးအေးကို သောက်သုံးပါလော့"

ဟူ၍ ညွှဲ့ဝတ်ပြု၏။ မင်းကြီးလည်း ပညောင်သီးမှည့်တို့ကို စား၏။ ရေကြည်အေးအေးကို သောက်၏။

"အရှင်ရသေ့... ဤပညောင်သီးမှည့်တို့သည် အဘယ့်ကြောင့် လွန်စွာချိုရသနည်း"

"ဒါယကာ... မင်းတို့သည် တရားသဖြင့် မင်းပြုသောကြောင့် ချိုရခြင်း ဖြစ်ပေ၏"

"အရှင်ရသေ့... ထိုသို့ဆိုပါက တရားသဖြင့် မင်းမပြုပါက အချိုဓာတ် ပျက်ယွင်းပါသလော"

"ဒါယကာ... သင်ပြောဆိုသည်မှာ မှန်ပေ၏။ မင်းတို့ တရားမစောင့်ပါက ဆီ၊ ပျား၊ တင်လဲ စသည်တို့သည်လည်းကောင်း၊ တောသစ်မြစ် သစ်သီးတို့သည် လည်းကောင်း၊ မချိုကုန်။ သြဇာမရှိကုန်။ တိုင်းပြည်အလုံးစုံသည် သြဇာမရှိပေ။ မင်းတို့ တရားစောင့်သည်ရှိသော် အလုံးစုံသော အာဟာရတို့သည် ချိုကုန်၏။ သြဇာရှိကုန်၏။ တိုင်းပြည်အလုံးစုံလည်း သြဇာရှိပေ၏"

"အရှင်ရသေ့... အမိန့်တော် ရှိသည့်အတိုင်း ဖြစ်ပေလိမ့်မည်"

ထို့နောက် မင်းကြီးလည်း မင်းအဖြစ်ကို မသိစေဘဲ ရသေ့ကို ရှိခိုးပြီးနောက် ဗာရာဏသီသို့ ပြန်လှည့်လာခဲ့၏။ ထို့နောက် ရသေ့၏ စကား မှန်–မမှန် သေချာစွာ စုံစမ်းမည်ဟုဆိုကာ မတရားသဖြင့် မင်းပြုလေတော့၏။

ကာလအတန်ကြာသည် ရှိသော် ထိုရသေ့ကျောင်းသို့ပင် ပြန်သွားလေ၏။ ရှင်ရသေ့အား ရှိခိုးပြီးနောက် သင့်တင့်သော

နေရာတွင်နေ၏။ ရသေ့လည်း မင်းကြီးအား ပသောင်သီးမှည့်တို့ကို ညှော့ဝတ်ပြုလေ၏။ မင်းကြီးလည်း ပသောင်သီးမှည့်တို့ကို စားလေသော် ခါတိုင်းကဲ့သို့ မချိုဘဲ လွန်စွာမှ ခါးလေ၏။ ထိုအခါ မင်းကြီးလည်း ပသောင်သီးမှည့်တို့ကို တံတွေးဖြင့် ထွေး၍–

"အရှင်ရသေ့...ပသောင်သီးမှည့်တို့ကား ရှေးအခါက ကဲ့သို့ မချိုဘဲ လွန်စွာ ခါးသက်လှပေ၏"

ဟူ၍ လျှောက်တင်လေ၏။ ထိုအခါ ရှင်ရသေ့လည်း...

"ဒါယကာ...မင်းတို့ တရားမစောင့်ပါက ထိုတရားမစောင့်သော ကာလ၌ အလုံးစုံသော အာဟာရတို့သည် ချိုမြိန်ခြင်း ကင်းမဲ့ကာ သြဇာမရှိ ဖြစ်ရပေ၏"

ဟု မိန့်တော်မူပြီးသည်နောက် တစ်ဆက်တည်း ဆိုသလိုပင်–

"ဒါယကာ...မြစ်ကိုကူးသော နွားတို့တွင် ရှေ့ဆောင်နွားလားသည် အကယ်၍ ကောက်ကောက်သွားသည်ရှိသော် အလုံးစုံသော နောက်လိုက်နွားတို့သည် ကောက်၍ကောက်၍ သွားကြကုန်၏။ ထို့အတူ လူတို့တွင်လည်း မွန်မြတ်သူဟု သမုတ်အပ်သောမင်းသည် အကယ်၍ တရားမစောင့်ပါက တစ်ပါးသော သူတို့မှာ အဘယ်မှာလျှင် ဆိုဖွယ်ရာ ရှိနိုင်ပါအံ့နည်း။ မင်းသည် တရားမစောင့်ပါမူ အလုံးစုံသော တိုင်းသူပြည်သားအပေါင်းမှာ ဆင်းရဲစွာနေကြရ၏။

ဒါယကာ...မြစ်ကိုကူးသော နွားတို့တွင် ရှေ့ဆောင်နွားလားသည် အကယ်၍ ဖြောင့်ဖြောင့်သွားသည်ရှိသော်

အလုံးစုံသော နောက်လိုက် နွားတို့သည်လည်း ဖြောင့်၍ ဖြောင့်၍ သွားကြကုန်၏။ ထို့အတူ လူတို့တွင်လည်း မွန်မြတ်သူဟူ၍ သမုတ်အပ်သော မင်းသည် အကယ်၍ တရားစောင့်ပါက တစ်ပါးသောသူတို့မှာ အဘယ်မှာလျှင် ဆိုဖွယ်ရာ ရှိနိုင်ပါအံ့နည်း။ မင်းသည် တရားစောင့်ပါမူ အလုံးစုံသော တိုင်းသူပြည်သားအပေါင်းမှာ ချမ်းသာစွာ နေကြရ၏"

ဟူ၍ မင်းကြီးအား တရားဟောလေ၏။ မင်းကြီးလည်း ရှင်ရသေ့၏ တရားစကားကို ကြားရလျှင် မိမိအား မင်းအဖြစ်ကို သိစေ၍-

"အရှင်ဘုရား...ရှေးအခါက ပညောင်သီးမှည့်တို့အား တပည့်တော်ပင် ချိုအောင် ပြုခဲ့ပါ၏။ ယခုတစ်ဖန် ခါး အောင်လည်း တပည့်တော်ပင် ပြုခဲ့ပြန်ပါ၏။ သို့ဖြစ်၍ နောက်တစ်ဖန်ပြန်၍ ချိုရလေအောင် တပည့်တော်ပင် ပြုပါဦးမည်"

ဟူ၍ လျှောက်ထားကာ ရှင်ရသေ့ကို ရှိခိုး၏။ ထို့နောက် တိုင်းပြည်သို့ ပြန်ကာ ဗာရာဏသီပြည်အား တရားသဖြင့် မင်းပြုလေ၏။ ထိုအခါ ခါးသက်နေသော ပညောင်သီးမှည့်တို့လည်း ရှေးကအတိုင်း ချိုမြဲချိုပြန်လေတော့၏။

ဤသို့လျှင် ဗုဒ္ဓဘုရားရှင်လည်း အတိတ်, ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူပြီးသည့်နောက်-


"ရဟန်းတို့..."

ထိုစဉ်အခါက ဗာရာဏသီမင်းကြီးသည် ယခုအခါ အာနန္ဒာဖြစ်လာပြီး ရှင်ရသေ့သည်ကား ငါဘုရားရှင် ဖြစ်လာ၏”

ဟု မိန့်ဆိုကာ အတိတ်ဇာတ်ကို ဆောင်တော်မူလေသတည်း။

❒ ❒ ❒

# ၃၃၅။ ဇမ္ဗုကဇာတ်



[၃၃၅]

## ဇမ္ဗုကဇာတ်

လူ၊ နတ်၊ ဗြဟ္မာအပေါင်းတို့ မှီခိုကိုးကွယ်ရာဖြစ်သော ဗုဒ္ဓမြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးစဉ်က ဖြစ်၏။

ထိုကာလ၌ ဒေဝဒတ်သည် မိမိကိုယ်မိမိ ဘုရားအမှတ်ဖြင့် ဗုဒ္ဓမြတ်စွာဘုရားရှင်အတု ပြုလုပ်၍ နေလေ၏။ ထိုအခါ ဘုရားရှင်လည်း ရှင်သာရိပုတ္တရာကို မေးတော်မူရာ အကြောင်းစုံလင်စွာ သိရ၏။ ထိုစဉ်မှာပင် ဘုရားရှင်က–

"ချစ်သား…သာရိပုတ္တရာ၊ ဒေဝဒတ်သည် ယခုအခါ၌သာလျှင် ငါဘုရား၏ အတုကိုပြု၍ ဆင်းရဲခြင်းကို ခံရသည်မဟုတ်။ ရှေးအခါ၌လည်း ခံရဖူးလေပြီ…"

ဟု မိန့်ဆိုကာ အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော်မူလေသတည်း။

* * *

ရှေး... လွန်လေပြီးသောကာလ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံသည်ရှိသော ဟိမဝန္တာအရပ်ရှိ လိုဏ်ဂူတစ်လုံး၌ ခြင်္သေ့မင်း နေထိုင်လေ၏။

တစ်နေ့သ၌ ခြင်္သေ့မင်းသည် သားကောင်ကို ဖမ်းဆီးသတ်ဖြတ်စားသောက်ပြီးနောက် ရေသောက်၍ လိုဏ်ဂူသို့ ပြန်လာခဲ့၏။ ဤတွင် လမ်းခုလတ် တစ်နေရာ၌ မြေခွေးတစ်ကောင်နှင့် တွေ့လေ၏။ မြေခွေးသည် ခြင်္သေ့မင်းကို ရုတ်ချည်း မြင်လိုက်ရ၍ အံ့သြမင်တက်သွားကာ ရုတ်တရက် မပြေးနိုင်လေရကား မြေပြင်၌ ဝပ်၍နေလေ၏။ ထိုအခါ ခြင်္သေ့မင်းက...

"အသင်မြေခွေး...အဘယ်ကြောင့် ဝပ်နေရသနည်း"

ဟု မေးလေ၏။ ဤတွင် မြေခွေးကလည်း-

"အရှင်ခြင်္သေ့မင်း...အကျွန်ုပ်သည် အရှင်ခြင်္သေ့မင်းအား ခစားလို၍ ဝပ်နေရခြင်း ဖြစ်ပါ၏"

ဟူ၍ လိမ္မာပါးနပ်စွာ ဖြေဆိုလေ၏။ ထိုအခါ ခြင်္သေ့မင်းလည်း သဘောကျသွားပြီး မြေခွေးအား ၎င်းနေထိုင်ရာ လိုဏ်ဂူသို့ ခေါ်ဆောင်သွားပြီး ၎င်းရလာသော သားကောင်တို့မှ အသားတို့ကို ကျွေးမွေးလေ၏။ သို့ဖြင့် မြေခွေးလည်း အစားအသောက် ကောင်းတို့အား တစ်ရံမလပ် စားသောက်ရသောကြောင့် တစ်နေ့တခြား ဆူဝဖြိုးလာလေ၏။ ထိုအခါတွင် မာန်မာနတို့ ထကြွလာပြီး ခြင်္သေ့မင်းထံ ချဉ်းကပ်လျက်-

"အရှင်ခြင်္သေ့မင်း... အကျွန်ုပ်သည် အခါခပ်သိမ်း အရှင်ခြင်္သေ့မင်း၏ အလုပ်အကျွေးကို ခံရ၏။ အရှင်

ခြင်္သေ့မင်းကလည်း အကျွန်ုပ်အား အမဲသားကိုပေး၍ ကျွေးမွေးခဲ့ပါ၏။ သို့ဖြစ်၍ အရှင်ခြင်္သေ့မင်း၏ ကျေးဇူးသည် အကျွန်ုပ်အပေါ်၌ ကြီးမားနေပါ၏။

ယနေ့အဖို့ အရှင်သည် ဤလိုဏ်ဂူ၌ပင် နေရစ်ပါလော့။ အကျွန်ုပ်သည် ဆင်ကိုသတ်၍ အသားတို့ကို စားပါမည်။ အရှင့်အတွက်လည်း တမွှန်တမြတ် ယူဆောင်ဆက်သလိုပါ၏"

ဟူ၍ ပြောလေ၏။ ထိုအခါ ခြင်္သေ့မင်းက–

"အို... အသင်မြေခွေး၊ ဆင်သတ်ခြင်းအမှုကို သင်မနှစ်သက်ပါနှင့်။ သင်ကား ဆင်ကိုသတ်နိုင်မည့် အစွမ်းမရှိ။ ဆင်သားကို သင်စားလိုပါက ငါကိုယ်တိုင် ဆင်သတ်ပေးပါမည်။ ငါ့စကားကို နားထောင်လော့။ ဆင်တို့မည်သည် ခန္ဓာကိုယ်ကြီးမား၏။ အရပ်လည်း မြင့်၏။ အစွယ်ကလည်း ရှည်လျား၏။ ခြင်္သေ့မျိုးသာလျှင် ဆင်ကို သတ်နိုင်၏။ သင်ကား... ခြင်္သေ့မဟုတ်ပေ။

ဟူ၍ အကျိုးအကြောင်းပြကာ တားမြစ်လေ၏။ သို့ရာတွင် မာနတက်နေသော မြေခွေးကို တား၍မရချေ။ ခြင်္သေ့မင်း တားမြစ်စဉ်မှာပင် လိုဏ်ဂူမှ ပြေးထွက်လာပြီး တောင်ထွတ်တစ်ခုသို့ ပြေးတက်၏။ ထို့နောက် သုံးကြိမ်သုံးခါ ခွေးဟောင်သံကို ပြု၏။ ပြီးလျှင် တောင်ခြေရင်းသို့ ကြည့်ရှုလိုက်လေသော် ဆင်မည်တစ်ကောင်ကို တွေ့မြင်ရလေ၏။ ဤတွင် ထိုဆင်၏ ဦးကင်းပေါ်သို့ ကျလျက် ခြင်္သေ့မင်းကဲ့သို့ သတ်ဖြတ်ရမည်ဟု

ကြံရွယ်ကာ တောင်ထိပ်ပေါ်မှ လွှားခနဲ ခုန်ချလေ၏။ အချိန်အဆ လွဲချော်၍ ဆင်ဦးကင်းပေါ်သို့ မကျဘဲ လိမ့်၍ ဆင်ခြေရင်းသို့ ပုံခနဲကျလေ၏။ ထိုအခါ ဆင်လည်း ခြေဖြင့် မြေခွေး၏ ဦးခေါင်းကို ညက်ညက်ကြေအောင် နင်းလေ၏။ သို့ဖြစ်၍ မြေခွေးလည်း မရှုမလှ သေပွဲဝင်သွားရလေ၏။ ဆင်လည်း ကြိုးကြာသံ မြည်လျက် နေရာမှ ထွက်ခွာသွားလေ၏။

ခြင်္သေ့မင်းလည်း တောင်ထွတ်ပေါ်တွင်ရပ်လျက် အခြေအနေမှန်ကို အကဲခတ်နေရကား မာန်တက်၍ ဆင်းရဲပျက်စီးရသော မြေခွေးကိုမြင်လျှင်...

"ဤမြေခွေးကား မိမိ၏မာနကို မှီ၍ ဆင်းရဲပျက်စီးရလေသည်တကား"

ဟု ဆင်ခြင်ကာ–

"အချင်းတို့...ခြင်္သေ့ မဟုတ်ပါဘဲလျက် ခြင်္သေ့မာန်ဖြင့် မိမိကိုယ်ကို ဖောက်ပြန်ခြင်းပြုသော မြေခွေးသည် ဆင်၏ အနင်းကိုခံရကာ စိစိညက်ညက်သေရပြီး ပျက်စီးခြင်းသို့ ရောက်ရ၏။

ဤလောက၌ နိူင်းချိန်စဉ်းစားလျက် မိမိ၌ရှိသော စွမ်းအားကို သိမြင်ကာ မန္တရားဖြင့် လည်းကောင်း၊ အတိုင်အပင်ပြုခြင်းဖြင့် လည်းကောင်း၊ ကောင်းစွာသော စကားကို ဆိုခြင်းဖြင့် လည်းကောင်း...အမှုကိစ္စတို့ကို ပြုလုပ်သော ပညာရှိသည် အကျိုးများစွာကို ဖြစ်စေ၏"

ဟူ၍ လောက၌ ပြုလုပ်အပ်သော အမှုကိစ္စ မှန်သမျှကို

င်းချိန်ပြုလုပ်ရန် ပြောဆိုပြီး လိုဏ်ဂူတွင်းသို့ ပြန်လည်ဝင်ရောက် သွားလေသတည်း။

ဗုဒ္ဓဘုရားရှင်လည်း ဤသို့လျှင် အတိတ်, ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူလျက်–

"ရဟန်းတို့...

ထိုအခါက မြေခွေးသည် ဒေဝဒတ်ဖြစ်လာ၍ ခြင်္သေ့မင်းသည်ကား ငါဘုရားရှင် ဖြစ်လာ၏"

ဟု မိန့်ဆိုကာ ဇာတ်ကို ပေါင်းတော်မူလေသတည်း။

❒ ❒ ❒

# ၃၃၆။ ဗြဟာဆတ္တဇာတ်



[၃၃၆]

# ဗြဟာဆတ္တဇာတ်

လူ၊ နတ်၊ ဗြဟ္မာတို့၏ ပူဇော်အထူးကို ခံယူတော်မူသော မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် အံ့ဖွယ်သရဲကို ပြုလုပ်တတ်သည့် ရဟန်းတစ်ပါးကို အကြောင်းပြု၍ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူလေသတည်း။

* * *

ရှေး... လွန်လေပြီးသောကာလ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံသည်ရှိသော် ထိုမင်းကြီး၌ အကျိုးအကြောင်းပြ၍ ဆုံးမတတ်သော ပညာရှိအမတ်တစ်ဦး ရှိလေ၏။

တစ်နေ့သ၌ မင်းကြီးသည် စစ်သည်ဗိုလ်ပါ အလုံးအရင်းဖြင့် သာဝတ္ထိပြည်တွင်း ဝင်ရောက်စစ်ထိုးပြီးနောက် ကောသလမင်းကို ဖမ်းလေ၏။ ထိုကောသလမင်း ဆတ္တအမည်ရှိ သားတော်

တစ်ပါး ရှိလေ၏။ ထိုသားတော်သည် ဖခင်မင်းကြီးကို ဖမ်းလေသည်ရှိသော် မထင်မရှားသော အသွင်ဖြင့် တိမ်းရှောင်ထွက်ပြေးလေ၏။ ထို့နောက် တက္ကသိုလ်ပြည်သို့သွား၍ အတတ်ပညာအလုံးစုံတို့အား သင်ကြားတတ်မြောက်ပြီးလေသော် ပစ္စန္တရစ်ရွာတစ်ရွာသို့ သွားရောက် နေထိုင်လေ၏။

ထိုပစ္စန္တရစ်ရွာ၌ အမှိုပြုသော ရသေ့ငါးရာတို့သည် တောအုပ်တစ်ခုအတွင်း သစ်ရွက်မိုးတဲ ကျောင်းဆောက်လုပ်ကာ နေထိုင်သီတင်းသုံးကြလေ၏။ ဆတ္တမင်းသားသည် ရသေ့ငါးရာတို့ထံ ချဉ်းကပ်ကာ တစ်စုံတစ်ခုသော အတတ်ပညာကို သင်ကြားရန် ရသေ့ရဟန်းပြုလေ၏။ အတတ်ပညာတို့ ပြည့်စုံသည်ရှိသော် ရသေ့တို့၏ အကြီးအမှူး ဂိုဏ်းဆရာဖြစ်၍ လာလေ၏။

တစ်နေ့သ၌ ဆတ္တရသေ့သည် ရသေ့အပေါင်းကို ခေါ်၍...

"ရသေ့အပေါင်းတို့...အဘယ်ကြောင့် မဇ္ဈိမဒေသသို့ မသွားကြသနည်း"

ဟူ၍ မေးလေ၏။ ထိုအခါ ရသေ့တို့က–

"ငါ့ရှင်...မဇ္ဈိမဒေသ၌ ရှိကြသော သူတို့သည် ပညာရှိကြကုန်၏။ ထိုလူတို့သည် ငါတို့ရောက်လျှင် ပြဿနာတို့ကို မေးလျှောက်ကြပေလိမ့်မည်။ အနုမောဒနာကို ပြုစေကြပေလိမ့်မည်။ မင်္ဂလာတရားကို ရွတ်ဖတ်စေကြလိမ့်မည်။ ထိုအခါ မတတ်စွမ်းနိုင်သည်ရှိသော် ကဲ့ရဲ့ခြင်းကို ခံကြရလတ္တံ့။ ငါတို့သည် ထိုအဖြစ်ကို ကြောက်ရွံ့သဖြင့် မသွားကြခြင်း ဖြစ်ပါ၏"

ဟူ၍ ပြောဆိုလေ၏။

"အရှင်ရသေ့တို့... မည်သို့မျှ စိုးရိမ်ထိတ်လန့်ခြင်း မဖြစ်ကြပါနှင့်။ ငါဦးဆောင်၍ ပြဿနာကိစ္စ အဝဝတို့ကို ဖြေရှင်းပါမည်"

ဟူ၍ ပြောဆိုကာ ၎င်းကိုယ်တိုင် ဦးဆောင်ဦးရွက်ပြုလျက် ဗာရာဏသီသို့ ဝင်ကြလေ၏။

ထိုအချိန်တွင် ဗာရာဏသီရှိ ဗြဟ္မဒတ်မင်းကြီးလည်း ကောသလမင်းကြီးကို ဖမ်း၍ သာဝတ္ထိပြည်တွင် မင်းချင်းတို့ကို ထားခဲ့၏။ ထိုနောက် ပစ္စည်းအလုံးစုံကို ယူဆောင်ကာ ကြေးအိုးတွင် ထည့်သွင်းလျက် ဗာရာဏသီသို့ ပြန်လာ၏။ ဥယျာဉ်တော်သို့ ရောက်သည်ရှိသော် ကြေးအိုးတို့ကို မြှုပ်နှံ၍ နန်းတော်သို့ ဝင်လေ၏။

ရသေ့တို့လည်း မင်းကြီး၏ ဥယျာဉ်တော်၌ပင် နေကာ နံနက်မိုးသောက်သည်ရှိသော် မြို့တွင်းသို့ ဆွမ်းခံဝင်ကြရာ မင်းကြီး၏ အိမ်တံခါးသို့ ရောက်လေ၏။ မင်းကြီးလည်း ရသေ့တို့၏ တည်ကြည်သော ဣန္ဒြေတော်တို့ကို ကြည်ညိုသဖြင့် ပြာသာဒ်အတွင်းသို့ ပင့်ဖိတ်လျက် မွန်မြတ်သော ဆွမ်းခဲဖွယ် ဘောဇဉ်တို့ကို လှူဒါန်းလေ၏။ ရသေ့တို့ ဆွမ်းဘုဉ်းပေးနေစဉ် အတွင်းမှာပင် ပြဿနာတို့ကို မေးလျှောက်၏။ ဆတ္တရသေ့လည်း မေးလျှောက်သမျှ ပြဿနာတို့အား ပြေလည်စွာပင် ဖြေကြားတော်မူ၏။ ဆွမ်းဘုဉ်းပေးပြီးသော အခါတွင် အနုမောဒနာပြု၏။ မင်းကြီးလည်း အတိုင်းထက်အလွန် ကြည်ညိုသဖြင့် ရသေ့တို့ကို ပင့်ဖိတ်ကာ ဥယျာဉ်တော်၌ပင် နေစေ၏"

ဆတ္တရသေ့ကား ဥစ္စာကို ဖော်ထုတ်နိုင်သော မန္တရား အတတ်ကို တတ်မြောက်၏။ ထို့ကြောင့်ပင်...

"ဤဥယျာဉ်တော်ရှိ မည်သည့်အရပ်၌ ငါ့ဖခင်၏ ဥစ္စာပစ္စည်းတို့အား မြှုပ်နှံထားလေသနည်း"

ဟူ၍ မန္တရားအတတ်ဖြင့် မန်းမှုတ်ကြည့်ရှုလေသောအခါ ဥစ္စာတို့ မြှုပ်နှံရာအရပ်ကို သိရှိလေ၏။ ထိုအခါ ဤဥစ္စာကို ယူကာ ငါတို့တိုင်းပြည်ကို ယူမည်ဟု ကြံစည်ပြီးလျှင် ရသေ့ တို့ကို ခေါ်ကာ...

"အရှင်ရသေ့တို့... အကျွန်ုပ်ကား သာဝတ္ထိပြည်၏ အရှင်သခင် ကောသလမင်းကြီး၏ သားတော်ဖြစ်၏။ ဤ ဗာရာဏသီမင်းသည် အကျွန်ုပ်၏ ဖခမည်းတော်အား ဖမ်း ဆီး၍ တိုင်းပြည်ကို ယူသည်ရှိသော် အကျွန်ုပ်လည်း မထင် မရှားသောအသွင်ဖြင့် ထွက်ပြေးတိမ်းရှောင်နေခဲ့သည်မှာ ဤကာလတိုင်အောင် ဖြစ်၏။ ယခု အကျွန်ုပ်၏ ဖခမည်း တော် ပိုင်ဆိုင်သော ပစ္စည်းများကို ပြန်လည်ရရှိပေပြီ။ ထိုဥစ္စာတို့ကို ယူ၍ တိုင်းပြည်ကိုလည်း ပြန်လည်ရအောင် ယူမည်"

ဟူ၍ ပြောဆိုလေ၏။ ဆက်လက်၍-

"အရှင်ရသေ့တို့ အနေဖြင့် မည်သို့ သဘောရပါ သနည်း"

ဟု မေးလေသော် ရသေ့အပေါင်းတို့က-

"ငါ့ရှင်...ငါတို့သည်လည်း ငါ့ရှင်နှင့်အတူ လူထွက်၍ လိုက်ကြပါမည်"

ဟူ၍ တစ်ညီတစ်ညွတ်တည်း ပြောကြလေ၏။ ထို့နောက် တိုင်ပင်စည်းဝေးကြကာ ကြီးစွာသော သားရေအိတ်တို့ ပြုလုပ်၍ ညအချိန်တွင် တူးဖော်ကာ အိတ်ကြီးများအတွင်းသို့ ထည့်ကြ၏။ ပစ္စည်းများအပေါ်၌ အိုးတို့မြက်တို့ကို ထည့်ကြ၏။ ထို့နောက် ရသေ့ငါးရာနှင့်တကွ လူတို့ကို သယ်စေ၍ သာဝတ္ထိပြည်သို့ ထွက်ခွာကြလေ၏။

သာဝတ္ထိပြည်သို့ ရောက်လျှင် အလုံးစုံသော မင်းချင်းတို့ကို ဖမ်းစေ၏။ ထို့နောက် တစ်ပြည်လုံးကို သိမ်းယူ၏။ ပြီးလျှင် ပစ္စင်၊ ရင်တား၊ တံတိုင်း စသည်တို့ကို ပြုလုပ်စေ၍ ရန်သူမင်း စစ်မထိုးနိုင်အောင် အခိုင်အလုံ စီမံ၍ နေလေ၏။

ထိုအချိန်တွင် လူတို့သည် ဗာရာဏသီမင်းကြီးအား ရသေ့တို့ ဥယျာဉ်တော်အတွင်းရှိ မြှုပ်နှံထားသော ဥစ္စာတို့ကို ယူသွားကြောင်း တင်လျှောက်ကြလေသော် မင်းကြီးလည်း စိုးရိမ်သောကပွားလေရာ မည်သူမျှ အပူကင်းငြိမ်းစေရန် မတတ်နိုင်ကြပေ။

ထိုအခါ ပညာရှိအမတ်သည် မင်းကြီး စိုးရိမ်သောကရောက်နေသည်ကို မည်သူမျှ ဖြေဖျောက်ခြင်းငှာ မတတ်နိုင်ကြကုန်။ ထိုစိုးရိမ်သောကတို့အား ပယ်ပျောက်၍ ချမ်းသာရာရစေမည်ဟု ကြံစည်လျက် မင်းကြီးထံ ရောက်ရှိသွားလေ၏။ မင်းကြီးကား စိုးရိမ်သောကတို့ဖြင့် မြည်တမ်းလျက် ရှိနေ၏။ ဤတွင်...

"မြတ်သောမင်းကြီး... ဆတ္တရသေ့သည် သူပိုင်ဆိုင်သော ပစ္စည်းဖြစ်၍ အလုံးစုံကို ယူသွားခြင်းဖြစ်၏။ သည့်

အတွက် မိမိအမှန်တကယ် ပိုင်ဆိုင်ခြင်း မရှိသည်အရာ
အပေါ် စွဲလမ်းကာ ပူဆွေးသောက ရောက်နေခြင်းကား
အကျိုးမရှိသည်သာတည်း"

ဟူ၍ အကျိုးသင့်အကြောင်းသင့် ပြောဆိုတင်လျှောက်လေ၏။ မင်းကြီးလည်း ပညာရှိအမတ်၏ စကားကိုကြားလျှင်–

"အို...ပညာရှိ၊ သီလရှိသော သူတို့သည် ဤအမှုကိစ္စမျိုးကို မပြုလုပ်ကြကုန်။ သူမိုက်တို့သာလျှင် ဤအမှုကိစ္စမျိုးကို ပြုလုပ်ကြကုန်၏။ သီလမမြဲသော ဒုဿီလပုဂ္ဂိုလ်၌ ပညာဗဟုသုတရှိနေခြင်းကား မည်ကဲ့သို့ အကျိုးရှိမည်နည်း။ မှန်ပါပေစွ မှန်ပေစွ"

ဟူ၍ ပညာရှိအမတ်အား ဝန်ခံ၏။ ထိုအခါတွင် စိုးရိမ်သောကတို့လည်း ကင်းငြိမ်းလေ၏။ ထို့နောက် ဗာရာဏသီပြည်အား တရားသဖြင့် မင်းပြုလေတော့၏။

ဤသို့လျှင် ဗုဒ္ဓဘုရားရှင်လည်း အတိတ်, ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူပြီးသည့်နောက်–

"ရဟန်းတို့...

ထိုအခါက ဆတ္တရသေ့သည် ယခုအခါတွင် အံ့ဖွယ်သရဲ ပြုမူတတ်သော ရဟန်းဖြစ်လာ၏။ ပညာရှိအမတ်ကား ငါဘုရားရှင် ဖြစ်လာ၏"

ဟု မိန့်ဆိုလျက် ဇာတ်ကို ပေါင်းတော်မူလေသတည်း။

❒ ❒ ❒

# ၃၃၇။ ပီဌဇာတ်



## [၃၃၇]

# ပီဠဇာတ်

လူ၊ နတ်၊ ဗြဟ္မာအပေါင်းတို့အား အစဉ်အမြဲ ကရုဏာထား၍ နိဗ္ဗာန်ခရီးသို့ လမ်းညွှန်ပြတော်မူသော ဗုဒ္ဓဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ်က ဖြစ်၏။

ထိုကာလတွင် ဇနပုဒ်မှ ရောက်လာသော ရဟန်းသည် သာမဏေငယ် ရဟန်းငယ်တို့ကို...

> "ဤသာဝတ္ထိပြည်သို့ ရောက်လာသော ရဟန်းတို့အတွက် မည်သို့သော ဒါယကာသည် အကျိုးကျေးဇူးများလေသနည်း"

ဟူ၍ မေးလေ၏။ ထိုအခါ သာမဏေငယ် ရဟန်းငယ်တို့က အနာထပိဏ် သူဌေးကြီးနှင့် ဝိသာခါ ဒါယိကာမကြီးတို့၏ ကျေးဇူးများပါကြောင်း လျှောက်ထားကြလေ၏။ ဤတွင် ထိုရဟန်းလည်း နောက်တစ်နေ့ နံနက်စောစော အရောက်တွင် အနာထပိဏ်သူဌေးကြီး၏ အိမ်တံခါး၌ ရပ်လေ၏။ အချိန်

အခါမှာ စောလွန်းသဖြင့် မည်သူမည်ဝါမျှ မကြည့်။ သည့်အတွက် တစ်စုံတစ်ရာမျှလည်း မရခဲ့ပေ။ ထိုအခါ ဝိသာခါကျောင်းအစ်မကြီး၏ အိမ်တံခါးဝသို့ သွား၍ ရပ်ပြန်၏။ ဤတွင်လည်း အချိန်အခါ စောလွန်းလှသည့်အတွက် တစ်စုံတစ်ခုမျှ မရရှိခဲ့ပေ။

ထိုရဟန်းသည် ယာဂုကုန်ချိန်၌ သွား၍ရပ်ပြန်၏။ မရခဲ့။ ဆွမ်းကုန်ချိန်တွင်လည်း သွား၍ ရပ်ပြန်၏။ မရခဲ့။ အချိန်ကာလ လွဲချော်မှုများကြောင့် မည်သည့်တစ်စုံတစ်ရာမျှ မရခဲ့လေရာ ကျောင်းသို့ ပြန်ရောက်လျှင် ရဟန်းတို့အား...

"အရှင်တို့...အရှင်တို့ ပြောဆိုညွှန်ပြသော ဒါယကာ နှစ်ဦးမှာ သဒ္ဓါတရား နည်းလေစွတကား"

ဟူ၍ အမျက်ဒေါသဖြင့် ရှုတ်ချပြောဆိုလေ၏။

ရဟန်းတို့လည်း ထိုအကြောင်းကို တရားသဘင်၌ စုဝေးမိကြသည့်အခိုက် အချင်းချင်း ပြောဆိုနေမိကြလေ၏။ ထိုအကြောင်းကို ဘုရားရှင် သိတော်မူလေသော် အဆိုပါရဟန်းကို ရှေ့တော်မှောက်သို့ ခေါ်ဆောင်စေပြီး-

"ချစ်သားရဟန်း...အဘယ့်ကြောင့် အမျက်ထွက်ရသနည်း။ ရှေးအခါ၌ ရသေ့တို့သည် ဆွမ်းမရကြသော်လည်း အမျက်မထွက်ကြကုန်"

ဟု မိန့်ဆိုကာ အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော်မူလေသတည်း။

* * *

ရှေး… လွန်လေပြီသော ကာလ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုသည်ရှိသော် ပုဏ္ဏားလုလင် တစ်ဦးသည် အရွယ်ရောက်ပြီးသကာလ တက္ကသိုလ်ပြည်သို့ သွားရောက်၍ အလုံးစုံသော အတတ်ပညာတို့ကို သင်ယူ၏။ ထို့နောက် တိုင်းပြည်သို့ ပြန်လာ၏။ ကာလအတန်ငယ် ကြာလေသော် လောကီရေးရာတို့အပေါ် ငြီးငွေ့လာသည်နှင့် ရသေ့ရဟန်းပြုကာ ဟိမဝန္တာတောသို့ ဝင်လေ၏။

တစ်နေ့သ၌ အဆိုပါ ရှင်ရသေ့သည် ချဉ်ဆားမှီဝဲရန် အလို့ငှာ ဗာရာဏသီပြည်သို့ သွား၍ မင်းကြီး၏ ဥယျာဉ်တော်၌ နေပြီးလျှင် နံနက်မိုးသောက်သည်ရှိသော် မြို့တွင်းသို့ ဆွမ်းခံဝင်လေ၏။ ထိုကာလဝယ် ဗာရာဏသီရှိ သူဌေးသည် သဒ္ဓါတရားနှင့် ပြည့်စုံသူဖြစ်ကြောင်း လူတို့ထံမှ သတင်းစကားကြားသိရလေသော် ရသေ့လည်း သူဌေး၏ အိမ်တံခါးဝသို့ သွားကာ ရပ်လေ၏။ ထိုအချိန်တွင် သူဌေးသည် မင်းကြီးထံ အခစား သွားရောက်နေချိန် ဖြစ်၏။ အိမ်သူအိမ်သားတို့မှာလည်း ရသေ့ရပ်နေသည်ကို သတိမထားမိကြကုန်။ ရသေ့လည်း ပြန်လှည့်ခဲ့ရလေတော့သည်။

ထိုအချိန်တွင် သူဌေးသည် မင်းကြီးထံ ခစားပြီးသည့်နောက် နေအိမ်ရှိရာသို့ ပြန်လာခဲ့၏။ ထိုအခါ လမ်းခုလတ်၌ ရသေ့နှင့် ဆုံမိလေတော့၏။ သည်တွင် ရသေ့ထံမှ သပိတ်ကို ယူဆောင်ကာ အိမ်သို့ပင့်ခဲ့၏။ အိမ်သို့ ရောက်လေသော် ဝတ်ကြီးဝတ်ငယ်ပြုစုပြီး ဆွမ်းယာဂုခဲဖွယ်တို့ကို ကပ်လှူပြီး အနည်းငယ်မျှသော ပဋိသန္ထာရ စကားကို ပြောကြားလေ၏။

"အရှင်ရသေ့...တပည့်တော်၏ အိမ်သို့ ရောက်လာသော အလှူခံပုဂ္ဂိုလ် မှန်သမျှတို့သည် တစ်စုံတစ်ရာမျှ မရဘဲ ပြန်လှည့်သွားကြရရိုး မရှိခဲ့ပါ။ အရှင်ရသေ့ကား တပည့်တော်ကလည်း ရှိမနေ၊ အိမ်သူအိမ်သားတွေကလည်း မမြင်သောကြောင့် နေရာခင်းခြင်း၊ သောက်ရေကပ်ခြင်း၊ ခြေဆေးခြင်း၊ ယာဂုဆွမ်းကပ်ခြင်းတို့ကို မရဘဲ ဖြစ်သွားပါ၏။ ဤသို့ မရခြင်းကား တပည့်တော်၏ အပြစ် ဖြစ်ပါ၏။ ထိုအပြစ်ကို သည်းခံခွင့်လွှတ်တော်မူပါလော့..."

ဟူ၍ တောင်းပန် လျှောက်ထားလေ၏။ ရှင်ရသေ့လည်း သူဌေး၏စကားကို ကြားရလေလျှင်...

"အသင်သူဌေး...ငါသည် ပစ္စည်းတစ်စုံတစ်ရာအပေါ် တပ်မက်ငြိစွန်းခြင်း မရှိပါ။ အမျက်ဒေါသလည်း မထွက်ပါ။ မုန်းတီးခြင်းလည်း မဖြစ်ပါ။ စင်စစ် အသင်၏ အလေ့အကျင့်ကား မျိုးရိုးစဉ်ဆက် အလေ့အကျင့် ဖြစ်လိမ့်မည်ဟု ငါထင်မှတ်ပါ၏"

ဟု ပြောဆိုလေ၏။

"အရှင်ရသေ့...နေရာခင်းခြင်း၊ ရေလှူခြင်း၊ ခြေဆေးခြင်း စသော အလုံးစုံသော အလေ့အကျင့်တို့အား တပည့်တော်၏ မျိုးရိုးစဉ်ဆက် ကျင့်သုံးလာခဲ့သော အမှုကိစ္စပင် ဖြစ်ပါ၏။

အရှင်ရသေ့... တပည့်တော်တို့သည် မွန်မြတ်သော မိဘဆွေမျိုးကဲ့သို့ ရဟန်းပုဏ္ဏားနှင့်တကွ အလှူခံပုဂ္ဂိုလ်

အသီးသီးအား ရှိသေစွာ လုပ်ကျွေးပါ၏။ ဤအလေ့အကျင့်သည်လည်း မျိုးရိုးစဉ်ဆက် ကျင့်သုံးလာခဲ့သော အမှုကိစ္စပင် ဖြစ်ပါ၏”

ရသေ့လည်း သာဓုအနုမောဒနာ ပြုပြီးနောက် နှစ်ရက်သုံးရက်ခန့်နေလျက် ဗာရာဏသီသူဌေးအား တရားတော်များကို ချီးမြှင့်လေ၏။ ထိုနောက် ဟိမဝန္တာတောသို့ ပြန်လည်ဝင်ရောက်သွားခဲ့လေ၏။

ဘုရားရှင်လည်း ဒေသနာတော်ကို ဆောင်ပြီးလျှင် သစ္စာကိုပြသည်၏အဆုံး၌ အမျက်ထွက်ကာ ဒါယကာတို့အပေါ် ရှုတ်ချပြောဆိုသော ရသေ့လည်း သောတာပတ္တိဖိုလ်၌ တည်လေ၏။

ဤသို့လျှင် ဗုဒ္ဓဘုရားရှင်လည်း အတိတ်, ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူလျက်–

“ရဟန်းတို့…

ထိုအခါက ဗာရာဏသီသူဌေးသည် ယခုအခါ အာနန္ဒာ ဖြစ်လာ၏။ ရှင်ရသေ့သည်ကား ငါဘုရားရှင် ဖြစ်လာ၏”

ဟူ၍ မိန့်ဆိုကာ ဇာတ်ကို ပေါင်းတော်မူလေသတည်း။

❒ ❒ ❒

# ၃၃၈။ ထုသဇာတ်



[၃၃၈]

# ထုသဇာတ်

လူ၊ နတ်၊ ဗြဟ္မာတို့၏ အထွတ်ဥသျှောင် ဘုန်းရောင်ပရမေ၊ မြတ်စိန္တေ ဖြစ်တော်မူသော ဗုဒ္ဓဘုရားရှင်သည် ရာဇဂြိုဟ်ပြည်ရှိ ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးစဉ်က ဖြစ်၏။

ရာဇဂြိုဟ်ပြည့်ရှင် ဗိမ္ဗိသာရမင်းကြီး၏ မိဖုရားကြီးဖြစ်သော ဝေဒေဟီ၏ ဝမ်း၌ အဇာတသတ်သည် ပဋိသန္ဓေ ခလေ၏။ ထိုအခါ ဝေဒေဟီ မိဖုရားကြီးသည် ဗိမ္ဗိသာရမင်းကြီး၏ လက်ျာပုဆစ်ဒူးမှ သွေးကို သောက်လိုသောချင်ခြင်း ဖြစ်လေ၏။

ထိုအကြောင်းကို ဗိမ္ဗိသာရမင်းကြီး သိရှိလေသောအခါ ပညာရှိ ပုဏ္ဏားတို့ကို နိမိတ်ဖတ်စေ၏။ ထိုအခါ မိဖုရားကြီး၏ ဝမ်း၌ခလေသော သန္ဓေသားသည် အရွယ်ရောက်လာလျှင် ဖခင်မင်းကြီးကိုသတ်၍ ထီးနန်းရယူမည့်သူ ဖြစ်ကြောင်း နိမိတ်ဖတ်ကြကုန်၏။ မင်းကြီးလည်း ထိုနိမိတ်စကားကို ကြားလေလျှင်–

"ငါ၏သားသည် ငါ့ကိုသတ်၍ မင်းအဖြစ်ကို ယူပါစေ၊ ငါသည် မည်သို့မျှ စိတ်ထဲမမှတ်"

ဟု ဆိုကာ လက်ျာပုဆစ်ဒူးကို ခွဲလျက် ထွက်လာသော သွေးတို့အား ရွှေခွက်ဖြင့်ခံစေကာ မိဖုရားကြီးအား တိုက်လေ၏။ မိဖုရားကြီးမှာလည်း သောက်လိုသော သွေးကို သောက်လိုက်ရ၍ ချင်ခြင်းပြေလေ၏။ မိဖုရားကြီးလည်း သွေးကို သောက်ပြီးသည့်နောက် ပညာရှိပုဏ္ဏားတို့ ဖတ်ကြားသော နိမိတ်အကြောင်းအရာကို သိလိုက်ရလျှင်...

"အဖကို သတ်မည့်သားအား ဝမ်း၌ လွယ်ထားရ၍ အဘယ် အကျိုးရှိမည်နည်း"

ပြောဆိုရေရွတ်ကာ ဝမ်းကိုနှိပ်နယ်စေ၍ လည်းကောင်း၊ ဆေးပူတို့ကို စား၍လည်းကောင်း ကိုယ်ဝန်ပျက်ကျအောင် လုပ်ဆောင်လေ၏။ ထိုအကြောင်းကို သိလေသော် မိဖုရားကြီးကို ခေါ်စေ၍–

"ရှင်မ...ငါ့သားသည် ငါ့ကိုသတ်၍ မင်းအဖြစ် ယူလိုသော် ယူပါစေ၊ ငါလည်း တစ်နေ့ မသေရမည် မဟုတ်။ အိုခြင်း, နာခြင်း, သေခြင်းတို့သည် ရှောင်ကွင်း၍ မရသော အရာပေတည်း။ ငါသည် သား၏မျက်နှာကို ကြည့်ရှုလိုပါသည်။ မဖျက်ဆီးပါနှင့်..."

ဟူ၍ တားမြစ်လေ၏။ သို့ဖြင့် ကိုယ်ဝန်ရင့်မာလာသော အခါ သားတော်ကို မွေးဖွားလေ၏။ ထိုသားတော်ကို မမွေးဖွားမီကပင် ဖခင်၏ရန်သူ ဖြစ်သောကြောင့် 'အဇာတသတ်' ဟု မှည့်ခေါ်ကြကုန်၏။ မင်းကြီးလည်း သားတော်လေး မွေးဖွားလာသည့်အတွက် ဘုရား ရှင် အမှူးရှိသော သံဃာတော်တို့ကို

ဆွမ်းလုပ်ကျွေးလေ၏။ ဘုရားရှင်လည်း ဆွမ်းဘုဉ်းပြီး လေသော် တရားတော်ကို ဟောကြားလေ၏။ မင်းကြီးလည်း တန်ဆာဆင် အပ်သော သားတော်ကို ပေါင်ပေါ်တွင် တင်ထားပြီး သားအပေါ် ချစ်ခြင် ဖြင့် တရားတော်ကိုပင် မနာယူနိုင်သည်အထိ ဖြစ်ရ၏။ ဘုရားရှင်လည်း မင်းကြီး မေ့လျော့နေသည်ကို သိတော်မူလျှင်...

"ဒကာတော်မင်းကြီး...ရှေးမင်းတို့သည် သားအပေါ်၌ ရွံရှာကုန်ရကား အရပ်တစ်ပါးသို့ နှင်ထုတ်၍ 'ငါ့သေလွန် မှသာ မင်းအဖြစ် ခံယူကြကုန်'ဟု ပြောဆိုကြကုန်၏"

ဟု မိန့်ဆိုလျက် အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော် မူလေသတည်း။

* * *

ရှေး...လွန်လေပြီးသော ကာလ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံသည်ရှိသော် တက္ကသိုလ်ပြည်၌ ဒိသာပါမောက္ခ ဆရာကြီးရှိလေ၏။ ဒိသာပါ မောက္ခ ဆရာကြီးထံသို့ အတိုင်းတိုင်းအပြည်ပြည်မှ မင်းသား တို့သည် လာရောက်၍ အတတ်ပညာ အလုံးစုံတို့ကို သင်ယူ ကြလေ၏။ ထိုတပည့်ပေါင်း များစွာအနက် ဗာရာဏသီမင်းသား သည် အတတ်ပညာ အလုံးစုံကို သင်ကြားပြီးလျှင် တိုင်းပြည်သို့ ပြန်မည့်အကြောင်း ဆရာကြီးအား ခွင့်ပန်လျှောက်ထားလေ၏။

ထိုအခါ ဆရာကြီးလည်း အင်္ဂဝိဇ္ဇာအတတ်ဖြင့် ကြည့်ရှု လေသောအခါ 'ဤမင်းသားသည် မင်းဖြစ်လာသည့်အခါ သား ကြောင့် အသက်အန္တရာယ် ရှိနေ၏။ ငါသည် ဤမင်းသား

အတွက် အကာအကွယ်ပေးရမည်’ဟု ကြံစည်ကာ ဂါထာလေးဂါထာ ဖွဲ့၍ မင်းသားအား ပေးလိုက်ပြီး...

“တပည့်...ပထမဂါထာအား သင်မင်းဖြစ်၍ သင်၏ သားတော် ဆယ့်ခြောက်နှစ်ရှိသောအခါ ပွဲတော်တည်နေစဉ် ရွတ်လော့...

ဒုတိယဂါထာကား မြောက်မြားလှစွာသော မှူးမတ်ဗိုလ်ပါတို့ လာရောက်ခစားလာကြစဉ် ရွတ်လော့...

တတိယဂါထာကား ပြာသာဒ်ထက်သို့ တက်သောအခါ စောင်းတန်းအနီး၌ ရပ်၍ ရွတ်လော့...

စတုတ္ထဂါထာကိုကား...အိပ်ရာကျက်သရေဆောင်သို့ ဝင်သောအခါ တံခါးဝ၌ ရပ်၍ ရွတ်လော့...”

ဟူ၍ သေချာကျနစွာ မှာကြားလိုက်လေ၏။ မင်းသားလည်း ဆရာကြီး ဆုံးမဩဝါဒပေးမှုအပေါ် ရိုသေစွာ နာခံ၍ သင်ပေးလိုက်သော ဂါထာလေးဂါထာအား အလွတ်ကျက်မှတ်ခဲ့ပြီး ဗာရာဏသီသို့ ပြန်လေ၏။ ဗာရာဏသီသို့ ပြန်ရောက်လေသော် ဖခင်မင်းကြီး နတ်ရွာစံသွားပြီဖြစ်၍ ထီးနန်းဆက်ခံရလေ၏။

ဗာရာဏသီကို စိုးစံအုပ်ချုပ်ခဲ့ရာ မင်းကြီး၏ သားတော်သည်ပင် အသက်ဆယ့်ခြောက်နှစ်သို့ ဝင်လာခဲ့လေ၏။ မင်းသားလည်း ဥယျာဉ်တော်သို့ ကစားရန် ထွက်တော်မူလာသော ဖခမည်းတော်မင်းကြီး၏ အသရေတော်နှင့် စည်းစိမ်အခြံအရံတို့ကို မြင်ရလျှင် အားကျစိတ်များ တဖွာဖွာ ပေါ်လာပြီး–

"ငါသည်... ဖခင်ကိုသတ်ကာ မင်းအဖြစ်ကို ရယူမည်"

ဟူ၍ မိမိ၏ အလုပ်အကျွေးတို့ကို ပြောကြားလေ၏။ လူယုံတော် အလုပ်အကျွေးတို့ကလည်း...

"ကောင်းပါပေ၏ အရှင့်သား... အိုမှရသော ထီးနန်းစည်းစိမ်ဟူသည် အဘယ်မှာလျှင် အကျိုးရှိမည်နည်း။ တစ်စုံတစ်ခုသော နည်းပရိယာယ်ကို သုံးလျက် မင်းကြီးကို သတ်ကာ မင်းစည်းစိမ်ကို ယူရန် သင့်ပေ၏"

ဟူ၍ ပြောဆိုလျှောက်ထားကြကုန်၏။ ထိုအခါ မင်းသားလည်း အဆိပ်ကျွေးသတ်မည်ဟု ကြံစည်ကာ ဖခမည်းတော်နှင့် အတူ ညစာစားရန် ပြင်နေစဉ် အဆိပ်ကို ဝှက်၍ ကိုင်ထားလေ၏။ မင်းကြီးလည်း ညစာပွဲတော် တည်တော့မည်ပြုစဉ် ဆရာကြီး သင်ကြားပေးလိုက်သော ကိစ္စများကို သတိရလာပြီး ဆရာကြီး မှာထားသည့်အတိုင်း ပထမဂါထာတော်ကို ရွတ်ဆိုလိုက်လေ၏။

"ကြွက်တို့အဖို့ ညဉ့်မည်မျှပင် မှောင်မိုက်နေပါစေ ဖွဲသည်ဖွဲအဖြစ်သာလျှင် ထင်ရှား၏။ ဆန်သည်လည်း ဆန်အဖြစ်သာပင် ထင်ရှား၏။ သည့်အတွက် ကြွက်တို့သည် ဖွဲတိုင်း, ဖွဲတိုင်းကို ဖယ်ရှားလျက် ဆန်ကိုသာ စားကြကုန်၏"

မင်းသားလည်း ဖခမည်းတော်မင်းကြီး ရွတ်ဆိုသည့် ဂါထာကို ကြားရလေသော်...'မိမိ၏ လုပ်ရပ်တို့ကား မင်းကြီး သိသွား

ချေပြီ’ ဟူ၍ ကြောက်ရွံ့ထိတ်လန့်ကာ ထမင်းခွက်၌ အဆိပ် မထည့်ဝံ့တော့ဘဲ ထ၍ ပြေးလေတော့၏။

မင်းသားလည်း ထိုအကြောင်းကို ၎င်း၏သစ္စာခံ အလုပ် အကျွေးတို့အား ပြောဆိုကာ အကြံဉာဏ် တောင်းခံလေ၏။ အလုပ်အကျွေးတို့လည်း ဥယျာဉ်တော်၌ပင် ကွယ်ဝှက်ပုန်းလျှိုး ကာ မင်းသားအား...

“အရှင်မင်းသား...သန်လျက်ကို ဝှက်၍ထားကာ မင်း ကြီးအား မြောက်မြားလှစွာသော မှုးမတ်ဗိုလ်ပါတို့ ခစား ကြသောအခါတွင် အရှင်မင်းသားလည်း သွားရောက်ခစား ပါလော့။ ဤ၌ မင်းကြီးအမေ့တွင် လည်တိုင်အား သန် လျက်ဖြင့် ပိုင်းဖြတ်ပါလော့...”

ဟူ၍ အကြံဉာဏ်ပေးလေ၏။ မင်းသားလည်း အလုပ် အကျွေးတို့ အကြံပြုကြသည့်အတိုင်း သန်လျက်ကို ဝှက်၍ထား ကာ မင်းကြီးအား မြောက်မြားလှစွာသော မှုးမတ်ဗိုလ်ပါတို့ ခစားကြသည်တွင် ၎င်းလည်း မင်းကြီးထံသို့ သွားရောက်ခစား ၏။ ခမည်းတော်အား သတ်ဖြတ်ရန်အတွက် အခြေအနေကို စောင့်ဆိုင်းအကဲခတ်နေ၏။ ထိုစဉ်မှာပင် မင်းကြီးလည်း ဒိသာ ပါမောက္ခ ဆရာကြီး အမှာရှိသည်ကို သတိရလာ၍ ဒုတိယ ဂါထာကို ရွတ်လေ၏။

“ဥယျာဉ်တော်၌ လည်းကောင်း၊ ရွာ၌လည်းကောင်း၊ အနားအနီးသို့ ကပ်ကာ တိုးတိုးတိုင်ပင်လျက် တိုင်ပင် တိုင်း၊ တိုင်ပင်တိုင်း...ငါ့အားသတ်ရန် ကြံစည်ခြင်း အလုံး စုံတို့ကို ငါသိပေ၏”

ထို ဂါထာရွတ်သံကို ကြားရလေသော် မင်းသားလည်း 'ခမည်းတော်ကား ငါ့ကို ရန်သူဖြစ်မှန်း သိချေပြီ'ဟု သဘော ပေါက်ကာ ပြေးထွက်လာခဲ့၏။ ထိုအကြောင်းတို့ကို အလုပ် အကျွေးတို့အား ပြောဆိုလေ၏။ အလုပ်အကျွေးတို့လည်း ခု နစ်ရက်, ရှစ်ရက်လွန်လေလျှင်...

"အရှင်မင်းသား... အရှင်မင်းသား၏ ခမည်းတော် သည် သင့်အား ရန်သူအဖြစ် သိ၍ ရွတ်ဆိုခြင်း မဟုတ် ပေ။ သူ့ဘာသာ စိတ်ကူးတည့်ရာကို ရွတ်ဆိုခြင်းသာ ဖြစ်၏။ သည့်အတွက် နောက်တစ်ဖန် သတ်ဖြတ်နိုင်ရန် ကြိုးပမ်းပါဦးလော..."

ဟူ၍ တိုက်တွန်းပြန်လေ၏။

သို့ဖြင့် တစ်နေ့သ၌ မင်းသားသည် သန်လျက်ကို ကိုင်ကာ စောင်းတန်းဦး၌ ရပ်၍ မင်းကြီး ပြာသာဒ်သို့ တက်ရန် အလာကို စောင့်ဆိုင်းနေလေ၏။ မကြာခင် မင်းကြီး ရောက်လာကာ ဆရာကြီး သင်ပေးလိုက်သည်ကို သတိရ၍ စောင်းတန်းဦး၌ ရပ်ကာ တတိယ ဂါထာကို ရွတ်လေ၏။

"အဘမျောက်သည် မွေးဖွားလာသော မျောက်ငယ်၏ မျိုးစေ့ပေးသော ဝှေးဥအား ငယ်ရွယ်စဉ်ကပင်လျှင် သွား တို့ဖြင့် ကိုက်ဖြတ်၍ အထီးသဘာဝကို ဖျက်ဆီးဘိ၏"

ထိုဂါထာ ရွတ်ဖတ်သံကို ကြားလျှင် မင်းသားလည်း-

"ငါ၏ ခမည်းတော်ကား ငါကြံစည်သမျှ အလုံးစုံ တို့ကို သိချေပြီ။ ငါ့ကို ဖမ်းဆီးကာ ဒဏ်ခတ်မည့် သဘော ကို ပြောဆိုနေပေပြီ"

ဟုဆိုကာ ကြောက်ရွံ့ထိတ်လန့်ပြီး ပြေးရလေတော့၏။ အလုပ်အကျွေးတို့ထံ ရောက်လျှင်...'ဖခမည်းတော်သည် ငါ့အား ခြိမ်းခြောက်၏'ဟု ပြောဆိုလေ၏။ အလုပ်အကျွေးတို့လည်း မင်းသားအား နှစ်သိမ့်မှုပေး၍ အချိန်ကာလ လခွဲ လွန်လေသော်...

"အရှင်မင်းသား ...မင်းကြီးသည် အရှင်မင်းသား၏ လုပ်ရပ်တို့အား စိုးစဉ်းမျှပင် မသိပါ။ အကယ်၍ သိပါမူ အရှင်မင်းသားသည် ယခုကဲ့သို့ လွတ်လပ်စွာ နေရလိမ့်မည် မဟုတ်။ နှောင်အိမ်သွင်းကာ အကျဉ်းချလောက်ပေပြီ။ မင်းကြီးကား...သူ့ဝသီအတိုင်း ရွတ်ဆိုရာကို ရွတ်ဆိုနေခြင်းမျှသာ ဖြစ်ပေ၏။

အရှင်မင်းသား... နောက်တစ်ကြိမ် သတ်ဖြတ်နိုင်အောင် ထပ်မံ၍ အားထုတ်တော်မူပါလော့..."

ဟူ၍ တိုက်တွန်းကြပြန်လေ၏။ တစ်နေ့သ၌ မင်းသားသည် သန်လျက်ကို ဆောင်၍ 'ခမည်းတော် စက်တော်ခေါ်ရန် အတွက် ကျက်သရေခန်းသို့ ဝင်လာက သတ်မည်' ဟူ၍ ကြံစည်ကာ ပြာသာဒ်ထက်သို့ တက်၏။ ထို့နောက် ကျက်သရေခန်းသို့ ဝင်ပြီး ပလ္လင်အောက်သို့ ဝင်ကာ ပုန်းလျှိုး၍ မင်းကြီးဝင်အလာကို စောင့်လေ၏။

မင်းကြီးလည်း ညစာပွဲတော် တည်ပြီးသောအခါ ခစားနေသူတို့ကို လွှတ်လိုက်၍ စက်တော်ခေါ်ရန်အတွက် ကျက်သရေခန်းသို့ ဝင်ရာတွင် တံခါးခုံအရောက် ဆရာကြီး အမှာစကား

ရှိသည်ကို သတိရလာပြီး ထိုနေရာတွင်ရပ်ကာ စတုတ္ထမြောက် ဂါထာကို ရွတ်ဆိုတော်မူ၏။

"သင်သည် မုန်ညင်းခင်းသို့ ဝင်သောအခါ ဆိတ်ကဲ့သို့ ကြောက်ခြင်းကြောင့် ထိုထိုဤဤ လှုပ်ရှား၏"

ယခုအခါ ငါ့ကိုသတ်မည်ဟူ၍ ပလ္လင်အောက်၌ ပုန်းလျှိုးကာ နေဘိ၏။ အလုံးစုံကို ငါသိပေ၏"

မင်းကြီးအဖို့ ဆရာကြီး သင်ပေးလိုက်သည့်အတိုင်း နာခံကာ ရွတ်ဆိုမိခြင်း ဖြစ်သော်လည်း အဓိပ္ပာယ်အလုံးစုံကို မသိ။ မင်းကြီးသာ မသိသော်လည်း မင်းသားကမူ သိနေ၏။ ထို့ကြောင့်ပင် မင်းသားလည်း...

"ငါ့ကို ခမည်းတော်မင်းကြီး သိချေပြီ။ ယခုပင် ငါ့အား မုချသတ်ပေလိမ့်မည်"

ဟု မှတ်ယူတွေးကြောက်ကာ ပလ္လင်အောက်မှ ထွက်ခဲ့၏။ ထို့နောက် သန်လျက်အား မင်းကြီး၏ ခြေတော်ရင်း၌ ချလျက်...

"ခမည်းတော်မင်းကြီး... အကျွန်ုပ်အား သည်းခံခွင့်လွှတ်တော်မူပါ"

ဟူ၍ ကြမ်းပြင်၌ ဝပ်လျှိုးကာ တောင်းပန်လေ၏။ မင်းကြီးလည်း ဒိသာပါမောက္ခ ဆရာကြီး၏ အမြော်အမြင်ကို သတိရလာကာ အလုံးစုံ သိသယောင်ပြုလျက် မင်းသားအား သံခြေကျင်းဖြင့် နှောင်ဖွဲ့၍ နှောင်အိမ်တွင်းသို့ သွင်းစေကာ အစောင့်အကြပ်တို့ ချထားလေ၏။ ကာလအတန်ကြာ၍ မင်းကြီး နတ်ရွာစံသည်ရှိသော် မင်းသားအား အနှောင်အဖွဲ့မှ ကင်းလွတ်စေလျက် အသိဘိက်သွန်းကာ မင်းမြှောက်လေ၏။

ဤသို့လျှင် ဗုဒ္ဓဘုရားရှင်လည်း အတိတ်, ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူလျက်–

"ရဟန်းတို့...

ထိုအခါက ဒိသာပါမောက္ခ ဆရာကြီးသည် ယခုအခါ ငါဘုရားရှင် ဖြစ်လာ၏"

ဟု မိန့်ဆိုကာ ဇာတ်ကို ပေါင်းတော်မူလေသတည်း။

❒ ❒ ❒

# ၃၃၉။ ဗာဝေရဇာတ်



[၃၃၉]

## ဗာဝေရုဇာတ်

လူ၊ နတ်၊ ဗြဟ္မာတို့ ဦးခိုက်ရှိကျိုးလျက် လက်စုံယှက်မိုးကာ ရှိခိုးမဝနိုင် ဖြစ်ရလေသော ဗုဒ္ဓဘုရားရှင်သည် သာဝတ္ထိ ပြည်မွန် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးစဉ်က ဖြစ်၏။

တိတ္ထိတို့သည် ဘုရားရှင်ပွင့်ပေါ် မထွန်းမီကာလတွင် လာဘ်သက္ကာရ များစွာရ၏။ ဘုရားရှင် ပွင့်ထွန်းလာသောအခါတွင်မူ နေရောင်အောက်မှ ပိုးစုန်းကြူးငယ်အလား လာဘ်သက္ကာရတို့ များစွာ ဆုတ်ယုတ်ကြကုန်၏။

ရဟန်းတို့လည်း ထိုတိတ္ထိတို့၏ လာဘ်သက္ကာရ ဆုတ်ယုတ်ခြင်းနှင့် စပ်လျဉ်း၍ တရားသဘင်၌ စုဝေးမိကြသည့်အခိုက် အချင်းချင်း ပြောဆိုနေမိကြလေရာ ဘုရားရှင် ကြားသိတော်မူလေလျှင်...

"ရဟန်းတို့...ယခုအခါ၌သာလျှင် ဂုဏ်အရည်အချင်း မပြည့်စုံသူတို့သည် လာဘ်သက္ကာရ ဆုတ်ယုတ်ရသည် မဟုတ်။ ရှေးအခါကလည်း ဆုတ်ယုတ်ဖူးပေပြီ"

ဟု မိန့်ဆိုကာ အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော်မူလေသတည်း။

* * *

ရှေး… လွန်လေပြီးသော ကာလ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုသည်ရှိသော် တောအုပ်တစ်ခု၌ ကျင်လည်ကျက်စားလျက်ရှိသည့် လွန်စွာလှပတင့်တယ်သော ဥဒေါင်းငှက်တစ်ကောင် ရှိလေ၏။

တစ်နေ့သ၌ ကုန်သည်အချို့သည် 'ဒိသာကာက'အမည်ရှိ ကျီးငှက်ကို ယူဆောင်ကာ ဗာဝေရုတိုင်းသို့ သွားကြကုန်၏။ ထိုအခါ ဗာဝေရုတိုင်း၌ ငှက်တို့ မရှိကြပေ။ သို့ဖြစ်၍ ဒိသာကာက ကျီးကို မြင်တွေ့ကြရသူတိုင်းက–

"ဤငှက်ကား လွန်စွာမှ တင့်တယ်လှပသော အဆင်းအင်္ဂါတို့နှင့် ပြည့်စုံလှပေသည်တကား"

ဟူ၍ တအံ့တသြ ချီးမွမ်းကြလေ၏။ ထို့နောက် ဗာဝေရုတိုင်းသားတို့က ကုန်သည်တို့အား…

"အဆွေကုန်သည်တို့…ဤငှက်ကို အကျွန်ုပ်တို့အား ပေးခဲ့ကြပါကုန်လော့။ အဆွေတို့ကား ကုန်သည်များဖြစ် အရပ်ဒေသ အမျိုးမျိုးတို့ လှည့်လည်သွားလာနေကြသူများဖြစ်လေရာ အခြားသောငှက်များကို ရနိုင်ပါလိမ့်မည်"

ဟူ၍ မေတ္တာရပ်ခံကြလေ၏။ ဤတွင် အဖိုးသားနာ ပေးမှရောင်းခဲ့ပါမည်ဟု ဆိုကာ တစ်သပြာမှနေ၍ သူ့ထက်ငါ တိုး၍၊ တိုး၍ ပေးကြလေရာ နောက်ဆုံး၌ အသပြာတစ်ရာနှင့် အရောင်း

အဝယ် တည့်သွားခဲ့လေ၏။ ကုန်သည်တို့လည်း ဒိသာကာက ကျီးအား အသပြာတစ်ရာနှင့် ရောင်းချခဲ့ပြီးသည်နောက် ခရီး ဆက်လက် ထွက်ခွာသွားလေ၏။ ကျီးကို ရလေသည်ရှိသော် ဗာဝေရုတိုင်းသားတို့သည် ရွှေချိုင့်တွင်ထည့်၍ အထူးထူးသော ငါး, အမဲ, သစ်သီးတို့ဖြင့် ကျွေးမွေးပြုစုကြလေ၏။ ဤအရပ် ဒေသ၌ ဤကျီးငှက်မှတစ်ပါး မည်သည့်ငှက်မျှ မရှိသဖြင့် မသူ တော်တရား ဆယ်ပါးနှင့်ပြည့်စုံသော ကျီးပင်လျှင် မြတ်သော လာဘ်လာဘ အခြံအရံ အကျော်အစောတို့ကို ရရှိလေ၏။

နောက်တစ်ဖန် ကုန်သည်တို့သည် ဥဒေါင်းတစ်ကောင်ကို ဖမ်းယူပြီးလျှင် လက်ဖျစ်တီးသံဖြင့် တွန်မြည်စေခြင်းငှာ လည်း ကောင်း၊ လက်ခုပ်တီးသံဖြင့် ကပြစေခြင်းငှာ လည်းကောင်း သင်ကြားပေးလေ၏။ ပညာပြည့်စုံလေသည်ရှိသော ကုန်သည် တို့သည်ပင်လျှင် ထိုဥဒေါင်းကို ဆောင်ယူခဲ့ကာ ဗာဝေရုတိုင်းသို့ ပင် ထွက်လာခဲ့ကြပြန်၏။ ဗာဝေရုတိုင်းသားတို့ စုဝေးရောက် ရှိကြလေသောအခါ ထိုဥဒေါင်းသည် လှည်းဦးတွင် ရပ်လျက် ကုန်သည်တို့ သင်ကြားပေးသည့်အတိုင်း သာယာသော အသံဖြင့် တွန်မြည်ကာ လှပသော အတောင်တို့ကို ဖြန့်၍ ကလေ၏။ ဗာဝေရုတိုင်းသားတို့မှာလည်း အထူးအဆန်းသဖွယ်ဖြစ်ကာ ဝမ်း မြောက်ဝမ်းသာ အားပေးကြကုန်၏။ ထို့နောက် ဥဒေါင်းငှက် အား ကုန်သည်တို့ထံမှ တောင်းခံကြကုန်၏။ ထိုအခါ ကုန်သည် တို့က–

"အမောင်တို့...သင်တို့သည် ကျီးကိုလည်း ယူခဲ့ကြ ပြီ။ ယခု ဥဒေါင်းကိုလည်း ယူလိုကြပေ၏။ နောင်အခါ

ငါတို့အဖို့ မည်သည့်ငှက်တို့ကိုမျှ ယူမလာဝံ့လောက်အောင် ဖြစ်ရလေပြီ"

ဟူ၍ ပြောဆိုလေ၏။ ထိုအခါ ဗာဝေရု တိုင်းသားတို့သည်လည်း–

"အဆွေတို့ ပြောသည်မှာ မှန်ပါ၏။ သို့ပါသော်လည်း ယခု ဥဒေါင်းငှက်သည် ယခင် ကျီးငှက်နှင့် မည်သို့မျှ မဆိုင်။ ဆီနှင့်ရေပမာ အပုံကြီး ခြားပေ၏။ သို့ဖြစ်၍ အဖိုးသားနား သတ်မှတ်ကာ ရောင်းချခဲ့ပါလော့"

ဟု ဆိုလေရာ ကုန်သည်တို့ကလည်း...

"ကောင်းပေပြီ... သင်တို့ မည်၍မည်မျှ စပေးမည်နည်း"

ဟူ၍ စကားစလိုက်သည်နှင့် တစ်ယောက်ပြီးတစ်ယောက် မိမိတို့ တတ်နိုင်သော ဈေးကို ပေးကြလေရာ ဒေသကာကတုန်းက အသပြာတစ်ရာဖြစ်ပြီး ယခု ဥဒေါင်းငှက်မှာမူ အသပြာ တစ်ထောင် ဖြစ်ခဲ့လေ၏။ ကုန်သည်တို့လည်း ကျေနပ်စွာနှင့် ပင် ဥဒေါင်းငှက်အား အသပြာတစ်ထောင်နှင့် ရောင်းချခဲ့ပြီး ပြန်သွားကြလေ၏။

ဗာဝေရုတိုင်းသားတို့သည် ဥဒေါင်းငှက်၏ လှပတင့်တယ် ကျက်သရေရှိမှုကြောင့် ရတနာခုနစ်ပါးဖြင့် စီခြယ်အပ်သော ရွှေချိုင့်၌ထား၍ ငါး, အမဲ, သစ်သီးကြီးငယ်, ပျားရည်လူးထား သည့် ပေါက်ပေါက်သကြား စသည်တို့ဖြင့် ကျွေးမွေးပြုစုကြ ကုန်၏။ ဥဒေါင်းသည် မြတ်သော လာဘ်လာဘ အခြံအရံ

အကျော်အစော်တို့ကို ရရှိလေ၏။ ဥဒေါင်းငှက် ရောက်သော အခါမှစ၍ ကျီးလည်း လာဘ်သက္ကာရမှ ဆုတ်ယုတ်လေ၏။ ကြည့်ရှုမည့်သူပင် မရှိကြကုန်။

ကျီးလည်း ခဲဖွယ်အစာတို့ မရလတ်သော် 'ကာက... ကာက' ဟူ၍ ကြမ်းရှစွာမြည်လျက် မစင်စွန့်ရာမြေ၌ ကျင်လည် ကျက်စားရလေ၏။ ဘုရားရှင်လည်း နှစ်ပါးသော ဝတ္ထုတို့ကို ဆက်စပ်တော်မူပြီးလျှင် ဘုရားရှင် ဖြစ်တော်မူလာသောအခါ ဥဒေါင်းနှင့် ကျီးတို့အဖြစ်ကို နှိုင်းယှဉ်ပြပြီး–

"လောကသုံးပါး၌ အရောင်အဝါကို ပြုတတ်သော မြတ်စွာဘုရားရှင်သည် မပွင့်ပေါ်သေးသမျှ ကာလပတ်လုံး များစွာသော ရဟန်းပုဏ္ဏားတို့ကို ပူဇော်ကြ၏။ ဗြဟ္မာမင်း၏ အသံနှင့်တူသော ဘုရားရှင်သည် ပွင့်ပေါ်ထွန်းလာ၍ သစ္စာလေးပါး တရားတော်ကို ဟောသောအခါ၌မူ တိတ္ထိတို့မှာ လာဘ်လာဘ ဆုတ်ယုတ်ခဲ့၏"

ဟူ၍ ဆုံးမဟောကြားတော်မူ၏။ ဤသို့လျှင် အတိတ်, ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူလျက်–

"ရဟန်းတို့...

ထိုစဉ်အခါက ဒိသာကာက ကျီးသည် ယခုအခါ ငိုဂဏ္ဌနာဋပုတ္တတိတ္ထိ ဖြစ်လာပြီး ဥဒေါင်းငှက်ကား ငါ ဘုရားရှင် ဖြစ်လာ၏"

ဟု မိန့်ဆိုကာ ဇာတ်တော်ကို ပေါင်းတော်မူလေသတည်း။

❒ ❒ ❒

# ၃၄၀။ ဝိသယှဇာတ်



. [၃၄၀]

## ဝိသယှဇာတ်

လူ၊ နတ်၊ ဗြဟ္မာတို့အပေါ် တရားလမ်းညွှန် ပြတော်မူတတ်သော မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည်မွန်၊ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေထိုင်တော်မူစဉ် အနာထပိဏ်သူဌေးကြီးကို ခေါ်တော်မူလေ၏။ သူဌေးကြီး ရောက်လာသည်ရှိသော်...

"သူဌေးကြီး၊ ရှေးပညာရှိတို့ကား အလှူကို လှူကုန်၏။ သိကြားမင်းကိုယ်တိုင် ကောင်းကင်၌ ရပ်လျက် တားမြစ်ပိတ်ပင်သည့်တိုင်အောင်ပင် ပိတ်ပင်တားမြစ်ခြင်းကိုပယ်၍ အလှူဒါနကို ပြုတတ်ကြကုန်၏"

ဟု မိန့်ဆိုကာ အတိတ်ဇာတ်ကို ဆောင်တော်မူလေသတည်း။

* * *

ရှေး... လွန်လေပြီးသော ကာလ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံသည်ရှိသော် ကုဋေ (၈၀) ကြွယ်ဝသော ဝိသယှအမည်ရှိ သူဌေးကြီး ရှိလေ၏။

ထိုဝိသယှ သူဌေးကြီးသည် ပဉ္စသီလမည်သော ငါးပါးသီလနှင့် ပြည့်စုံ၏။ အလှူအတန်းပေး၏။ အလှူပေးခြင်းအမှု၌ မွေ့လျော်၏။ မြို့တံခါးလေးမျက်နှာ၊ မြို့လယ်အိမ်တံခါး ဤခြောက်ဌာနတို့၌ အလှူတင်းကုပ်တို့ကို ဆောက်လုပ်၍ နေ့စဉ်နေ့တိုင်း အလှူတင်းကုပ် တစ်ဆောင်လျှင် ကျပ်တစ်သိန်းစီအားဖြင့် နေ့စဉ်အသပြာ ခြောက်သိန်းတို့ကို အကုန်အကျခံကာ ပေးလှူ၏။ မိမိစားသော ထမင်းကိုပင် သူတောင်းစားအား ပေးလှူတတ်သူ ဖြစ်၏။

ထို ဝိသယှသူဌေးကြီး၏ တန်ခိုးတေဇော် အာနုဘော်ကြောင့် သိကြားမင်း၏ ဘုံဗိမာန်သည် တုန်လှုပ်လျက် ပဏ္ဍုကမ္ဗလာ ကျောက်ဖျာသည် တင်းမာပူလောင်လာခဲ့၏။ ထိုအခါ သိကြားမင်းလည်း...

"ငါ့ကို အဘယ်သူသည် သိကြားနေရာမှ ရွေ့လျောစေဘိသနည်း"

ဟူ၍ တန်ခိုးတော်ဖြင့် ကြည့်ရှုလေသည်ရှိသော် ဝိသယှသူဌေးကို တွေ့မြင်ရပေ၏။

"ဤသူဌေးကြီးကား... ဇမ္ဗူဒိပ်ကျွန်း၌ အမှုကိစ္စမလုပ်ဆောင်ရအောင် အကြီးအကျယ် လှူဒါန်းဘိ၏။ ဤ

အလှူဖြင့် သိကြားနေရာမှ ရွေ့လျောစေဘိ၏။ ၎င်းသည် ငါ၏သိကြားမင်း စည်းစိမ်ကား ယူလိုယောင်တကား။ ထိုသူဌေးကြီး၏ ဥစ္စာစည်းစိမ်တို့ကို ဖျက်ဆီး၍ ဒုက္ခဆင်းရဲ အတိဖြင့် မွဲပြာကျမည် ဆိုပါက ၎င်းသည် အလှူအတန်း ပေးနိုင်တော့မည် မဟုတ်"

ဟူ၍ကြံစည်ကာ တန်ခိုးတော်ဖြင့် အလုံးစုံသော ဥစ္စာစည်းစိမ်တို့ကို လည်းကောင်း၊ ကျေးကျွန်အခြံအရံ အားလုံးတို့ကို လည်းကောင်း ကွယ်ပျောက်စေလေ၏။ ဤတွင် အလှူပေးခြင်း၌ အားထုတ်လုပ်ကိုင်နေသော သူတို့သည် သူဌေးကြီးထံ လာလတ်၍-

"အရှင်သူဌေးကြီး...အလှူတင်းကုပ်၌ လှူဖွယ်ဝတ္ထုတို့ မရှိတော့ပါ။ ပျက်စီး၍ ကုန်ပါပြီ"

ဟု ပြောကြကုန်၏။ ထိုအခါ သူဌေးကြီးက-

"အမောင်တို့ အလှူတင်းကုပ်၌ မရှိလျှင် အိမ်မှ ရိက္ခာတို့ကို ဆောင်ယူကြကုန်။ အလှူဝတ်ကို မပြတ်ပါစေနှင့်"

ဟူ၍ ပြောဆိုကာ သူဌေးကတော်ကို ခေါ်၍-

"ရှင်မ...အလှူအတွက် ရိက္ခာကိုပေးလော့"

ဟူ၍ ပြောဆိုလေရာ သူဌေးကတော်လည်း တစ်အိမ်လုံး အနှံ့ ရှာဖွေပါသော်လည်း လှူဖွယ်ဝတ္ထု တစ်စုံတစ်ခုကိုမျှ မမြင်တော့သဖြင့်-

"အရှင်သူဌေးကြီး ...အကျွန်ုပ်တို့ ကိုယ်တွင် ဝတ်ဆင်

ထားသော အဝတ်မှတစ်ပါး အိမ်၌ တစ်စုံတစ်ခုသော ဥစ္စာတို့ မရှိကြတော့ပါ။ အိမ်၌ အချည်းနှီး ဖြစ်နေပါပြီ”

ဟူ၍ ပြောဆိုလေ၏။ ထိုအခါ သူဌေးကြီးလည်း ရတနာသိုက်ကို ဖွင့်ကြည့်ရာ တစ်စုံတစ်ခုသော ဥစ္စာကိုမျှ မတွေ့ရတော့။ သူဌေးကြီးတို့ ဇနီးမောင်နှံမှတစ်ပါး အလုပ်အကျွေး အခြံအရံတို့ကိုလည်း မမြင်ရတော့။

ထိုအခါ သူဌေးကြီးလည်း သူဌေးကတော်ကို ခေါ်၍–

“ရှင်မ…အလှူဝတ်ကို ဖြတ်ခြင်းငှာ မသင့်။ အိမ်၌ တစ်စုံတစ်ခုသော ဥစ္စာကို ရလိုရငြား ကြည့်ရှုပါဦးလော့…”

ဟူ၍ ပြောဆိုကာ ရှာဖွေစေပြန်၏။ ဤတွင် မြက်ရိတ်သမား ပစ်ထားခဲ့သော တံစဉ်၊ ထမ်းပိုးနှင့် မြက်စည်းသော ကြိုးတို့ကို မြင်၍ သူဌေးကြီးအား ပြောပြလိုက်သည်တွင် သူဌေးကြီးလည်း–

“ရှင်မ… ငါသည် ဤမျှကာလပတ်လုံး မြက်ကို မရိတ်ဖူးခဲ့။ ယနေ့မှစ၍ မြက်ကိုရိတ်ကာ ရသမျှကို လှူမည်”

ဟု ပြောဆိုကာ တံစဉ်ထမ်းပိုးနှင့် ကြိုးတို့ကို ဆောင်ယူခဲ့ပြီး မြို့မှထွက်၏။ မြို့ပြင်၌ ပေါက်ရောက်နေသော မြက်တို့အား ရိတ်လျက် စည်းနှောင်ထမ်းပိုးခဲ့၍ မြို့တံခါးသို့ရောက်လျှင် ရောင်းချရာ အသပြာတစ်ပဲကို ရလေ၏။ ထိုအသပြာဖြင့် ဆန်ဝယ်၍ ထမင်းချက်ပြုတ်ပြီးလျှင် တစ်ဖို့ကို မိမိတို့စားရန် ချန်ထား၍ ကျန်တစ်ဖို့ကို လာရောက် တောင်းရမ်းသူတို့အား ပေး

လှူလေ၏။ တောင်းရမ်းသူတို့မှာ များပြားလှသဖြင့် သူမရ ငါမရ ဖြစ်နေပြန်လေရာ သူဌေးကြီးတို့မောင်နှံ စားဖို့ရာ ချန်ထားသော အဖို့ကို လှူဒါန်းလိုက်လေ၏။ ထိုအခါ သူကြီးတို့ လင်မယားလည်း အစာအာဟာရ ပြတ်လေ၏။ ထိုသို့ အာဟာရ ပြတ်သည်မှာ ခြောက်ရက်ဆက်တိုက် ဖြစ်လေ၏။

ခုနစ်ရက်မြောက်သောနေ့သို့ ရောက်သည်ရှိသော် သူဌေးကြီးလည်း မြက်ရိတ်ပြီး ပြန်အလာတွင် ဤကဲ့သို့သော အလုပ်ကြမ်းကို မလုပ်စဖူး၊ တစ်သက်လုံး ချမ်းချမ်းသာသာ နေလာခဲ့သူ ဖြစ်ပါလျက် မြက်ရိတ်ရ, ထမ်းရသဖြင့် အလွန်ပင်ပန်းနေသည်က တစ်ကြောင်း၊ အစာအာဟာရမှာလည်း ခုနစ်ရက်တိုင်တိုင် ပြတ်လပ်၍ တစ်ကြောင်း။ မျက်နှာအား နေပူရှိန်က ဟပ်ပြန်၍လည်း တစ်ကြောင်း မျက်လုံးတို့ ပြာဝေကာ မြက်ထုံးပေါ်သို့ ပစ်လဲကျလျက် မေ့လျောသွားလေတော့၏။

ထိုအခါ သိကြားမင်းသည် သူဌေးကြီး၏ စိတ်ဓာတ်ကို စူးစမ်းလိုရကား တန်ခိုးတော်ဖြင့် ကောင်းကင်ပေါ်၌ ရပ်လျက်–

"အို...ဝိသယှ သူဌေးကြီး၊ ရှေးအခါက သင်သည် အလှူကို လှူခဲ့သောကြောင့် သင့်၌ရှိသော စည်းစိမ်ဥစ္စာတို့ ကုန်ခန်းခဲ့လေပြီ။ ဤအခါမှစ၍ နောက်အခါ၌ အလှူကို မလှူဘဲ စောင့်ရှောက်သိမ်းဆည်းပါမူ သင်ကုန်ခဲ့သော စည်းစိမ်တို့ ပြန်ရအောင် ငါစွမ်းဆောင်ပေးအံ့"

ဟု ပြောဆိုလေ၏။ ထိုအခါ ဝိသယှ သူဌေးကြီးလည်း မေ့မျောနေရာမှ ရုတ်ချည်း သတိရလာပြီး မျက်လုံးတို့ကို ပွင့်သပ်လျက်–

"အသင် ဘယ်သူ ဖြစ်သနည်း"

"အကျွန်ုပ်ကား သိကြားမင်း ဖြစ်၏"

"သို့ဆိုက ကျွန်ုပ်ပြောပါမည်။ သိကြားမင်းတို့ မည်သည် ကိုယ်တိုင်အလှူပေး၍ သီလဆောက်တည်ပြီးလျှင် သိကြားမင်းနှင့် လိုက်လျောညီထွေလှစွာသော အကျင့်တို့ကို ကျင့်ရာ၏။

သို့ပါလျက် သင်သည် အလှူပေးခြင်းကို တားမြစ်ဘိ၏။ ယုတ်မာသော အမှုကို ပြုဘိ၏။

အို...သိကြားမင်း၊ အကျင့်စင်ကြယ်၍ လွန်စွာ ဆင်းရဲသော သူသည်လည်း ယုတ်မာသော မပေးလှူခြင်း အမှုကို မပြုကျင့်အပ်ဟု အရိယာသူတော်ကောင်းတို့ ဆုံးကြကုန်၏။ စည်းစိမ်ဥစ္စာ ပြန်လည်ရရှိဖို့ရာအတွက် ငါ့အနေဖြင့် သဒ္ဓါတရားကို စွန့်လွှတ်ရမည်ဆိုပါလျှင် ထိုစည်းစိမ်ဥစ္စာတို့ကို အလိုမရှိ။

အသင်... သိကြားမင်း၊ ရထားတစ်စီး သွားသော လမ်းအတိုင်း နောက်က ရထားသည်လည်း သွားပါ၏။ ငါသည် ရှေးက ကျင့်သုံးဆောက်တည်ခဲ့သည့်အတိုင်း ယခုလည်း ကျင့်သုံးဆောက်တည်ပါ၏။ ငါ့ဆောက်တည်အပ်သော ကျင့်ဝတ်သည် ကျေမြဲအတိုင် ကျေပါမည်။ ငါ့၌ ဥစ္စာတို့ရှိလာပါမူ ပေးလှူဦးမည်သာ ဖြစ်၏။ ဥစ္စာ ဖြစ်မလာမူ စိတ်ထင်သလောက် မပေးလှူနိုင်ပါ။ ယခုလည်း မြက်ရိတ်ခ ရသမျှဖြင့် ပေးလှူရပါဦးမည်"

ဟူ၍ သိကြားမင်းအား တုံ့ပြန်စကားဆိုလေ၏။

ထိုအခါ သိကြားမင်းလည်း ဝိသယှသူဌေး၏ သဒ္ဓါစိတ်ဓာတ်အား မတွန်းလှန်နိုင်ရလေကား...

"အို... သူဌေးကြီး၊ သင်သည် မည်သည့်အကျိုးအတွက်ငှာ အလှူအတန်း ပြုပါသနည်း"

"အို... သိကြားမင်း၊ အကျွန်ုပ်ကား... သိကြားမင်းအဖြစ်ကို လည်းကောင်း၊ ဗြဟ္မာမင်းအဖြစ်ကို လည်းကောင်းတောင့်တ၍ ပေးလှူခြင်းမဟုတ်ပေ၊ သဗ္ဗညုတ ဉာဏ်တော်ကို တောင့်တ၍ ပေးလှူခြင်း ဖြစ်၏"

သိကြားမင်းလည်း ဝိသယှသူဌေးကြီး၏ စကားကို လွန်စွာနှစ်သက်၍ စိတ်ဓာတ်ကိုလည်း မြတ်နိုးလေသဖြင့် သူဌေးကြီး၏ကျောကုန်းအား လက်နှစ်ဖက်ဖြင့် ဆုပ်နယ်လေ၏။ ထိုခဏအတောအတွင်းမှာပင် သူဌေးကြီးအဖို့ အစာအာဟာရများ ပြည့်ဝလာသကဲ့သို့ တောင့်တင်းလာလေ၏။ သိကြားမင်း၏ တန်ခိုးအာနုဘော်ကြောင့် အလုံးစုံသော စည်းစိမ်ဥစ္စာ အခြံအရံတို့သည် ရှေးပကတိအတိုင်း ဖြစ်၍လာ၏။ ဤတွင် သိကြားမင်းလည်း...

"အသင်...သူဌေးကြီး၊ ဤနေ့မှစ၍ နေ့တိုင်းနေ့တိုင်းတစ်သိန်းနှစ်သိန်းမျှ အသပြာတို့ကို စွန့်လွှတ်၍ ပေးလှူပါလော့"

ဟု ဆိုကာ သူဌေးကြီး၏ အိမ်ဂေဟာ၌ မရေမတွက်နိုင်လောက်သော အတိုင်းအရှည်မရှိသော ဥစ္စာတို့ကို ဖန်ဆင်းပေ

ခဲ့ပြီးလျှင် တာဝတိံသာနတ်ပြည်သို့ တက်လေ၏။ ထိုနေ့မှစ၍ သူဌေးကြီးတို့ ဇနီးမောင်နှံလည်း စိတ်ချမ်းသာ ကိုယ်ချမ်းသာ ဖြင့် နေ့စဉ်နေ့တိုင်း ထမင်းရည်ချောင်းစီး မောင်းတီး၍ လှူသော အလှူကြီးများကို ပြုကြလေတော့၏။

ဤသို့လျှင် ဗုဒ္ဓဘုရားရှင်လည်း အတိတ်, ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူပြီးနောက်–

"ရဟန်းတို့…

ထိုအခါက သူဌေးကတော်သည် ယခုအခါ ရာဟုလာမယ်တော် ဖြစ်လာ၏။ သူဌေးကြီးသည်ကား ငါဘုရားရှင် ဖြစ်လာ၏"

ဟု ဆိုကာ ဇာတ်ကို ပေါင်းတော်မူလေသတည်း။

❒ ❒ ❒

## အပဏ္ဏကဇာတ်

[၃၄၁]

## တက္ကာရိယဇာတ်

ဤ တက္ကာရိယဇာတ်ကား ကုဏာလဇာတ်နှင့် ထပ်တူနီးပါးမျှ ဖြစ်၍ မဖော်ပြတော့ပါ။

(ပြုစုသူ)

**ဤတွင် အတွဲ (၁၂) ပြီး၏။**